
www.burmeseclassic.com



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# သွေးသံ ရဲရဲ

ဗိုလ်တာရာ ( ရဲဘော်သုံးကျိပ် )

စာစဉ်အမှတ်(၂၃)

အမှတ် ၂၇ဖြ၊ ဘားလမ်း၊ ရန်ကုန်မြို့၊ ဖုံး(၁၀၈၁၅)

၁၉၆၂-ခု၊ အောက်တိုဘာလ၊ ပထမအကြိမ် ရိုက်နှိပ်ခြင်း။

တအုပ် — တ ကျပ်

T.D.B.L. 1.

www.burmeseclassic.com

ထုတ်ဝေသူ — ဦးချစ်စိုး မှတ်ပုံတင်အမှတ်
(၀၇၇၃) ၂၇၆၊ ဘားလမ်း
ရန်ကုန်။

[illegible] — ဦးစန်းလွင်၊
[illegible] — ခေတ်ဆန်းဘလောက်တိုက်၊
၃၆၇၊ ၃၇၆၊ ဘားလမ်း ရန်ကုန်။

ပုံနှိပ်ဌာန — ဦးချစ်စိုး၊ မှတ်ပုံတင်အမှတ်……
၀၇၇၁၊
သိဒ္ဓိဗလ ရောင်စုံပုံနှိပ်တိုက်၊
အမှတ် ၂၇၆၊ ဘားလမ်း၊ ရန်ကုန်။



ပြည်လုံးကျွတ် စာပေဖြန့်ချိရေးဌာန
ဖလင်စီတားစာပေ
အမှတ် ၂၇၆၊ ဘားလမ်း၊ ရန်ကုန်မြို့။

# သွေးသံရဲရဲ

ဗိုလ်တာရာ (ရဲဘော်သုံးကျိပ်)

အောက်ပါ ဖေါ်ပြမည့် ကျွန်တော့် တသက်တာတွင် ကိုယ်တွေ့မျက်မြင် တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်ကို ပြန်လည်သတိရမိတိုင်း ပဋ္ဌမဦးစွာ တုံလှုပ်ချောက်ခြားသော စိတ်ဝေဒနာကို ချွတ်ခြင်းခံရ သလောက် ဒုတိယ အနေဖြင့် ကျွန်တော့် တသက်တာတွင် "မဖြစ်ဘူး-မဟုတ်ဘူး-မမှန်ဘူး- မရှိဘူး" ဟူသော ယုံကြည်ချက်တခုကို မှတည်၍ ထားခဲ့သည့် အခြေခံ ယုံကြည် ချက်တွေသည် အောက်တွင် ဆက်လက် ဖေါ်ပြမည့် အထဲယားစရာ တကယ့် အဖြစ် အပျက်များ ကြောင့် တိုက်ဆိုင် ချက်များ ကြုံတင်၍ ပြောဟောထားချက်နှင့် တလက်မ မတိမ်းတမ်း ကိုက်ညီ ချက်များကြောင့် ကျွန်တော် ယခင်ကာလ တွေက 'မဲ' ခဲ့သမျှ ယုံကြည် ချက်တွေသည်၊ ဇောက်ထိုး မြှောင်းပြန် "ဖြူ" ကုန်ခဲ့ရ ပါသည်၊ ကျွန်တော်၏ ယုံကြည်ချက်ဖြစ်သည့် 'အရှေ့' သည် ထိုကိုယ်တွေ့မျက်မြင်တွေ့ဆုံရချက်များကြောင့် 'အနောက်' သို့ တမဟုတ်ခြင်း ပြောင်းလဲကုန်ခဲ့ရပါသည်၊ အမှန်မှာ ကျွန်တော်သည် လက်တွေ့သမားစစ်စစ်ဖြစ်ခဲ့သလောက် ပြောသံကြားနှင့် တရားနာ အဆွယ်ကောင်း၍ ခေါင်းငြိမ့်တတ်သော လူတန်းစားတယောက် မဟုတ်ခဲ့ဘဲ ကိုယ်တွေ့မျက်မြင် ဒိဋ္ဌမမှ စမ်းသပ် တွေ့ကြုံမှသာ ကျွန်တော်သည် ကျေနပ်နှစ်ခြိုက်စွာ လက်ခံယုံကြည်တတ်သူတဦးဖြစ် ချေသည်။

www.burmeseclassic.com



ယခု ဆက်လက် ဖေါ်ထုတ်မည့် ကိုယ်တွေ့ကြုံရ မြင်ရသည့် အဖြစ် အပျက်တို့ အရင်းတည့်၍ ကျွန်တော်နှင့် တကွ ဗမာ့ ကာကွယ်ရေးတပ်မတော်သားများ၏၊ အသက်စည်းစိမ်ကိုပါ ထိပါးစေလာခဲ့သည့် အသက်စွန့်ရ မလောက် ဘေးအန္တရာယ် များပြားလှသည့် စွန့်စားခြင်းများ အရင်းခံ၍ ကိုယ်တွေ့ကြုံရ တွေ့ရသိရသည့် အကြောင်းအရာ မှုမှန်များကို ရရှိခဲ့ခြင်း ဖြစ်ပေသည်၊ ကျွန်တော်သည် ရိုးသားစွာ ဝန်ခံရခဲ့လျှင် မူလ ပဌမက ကျွန်တော်သည် ရုပ်ဝါဒ ဆန်လှသော လက်တွေ့သမားတယောက်သာ ဖြစ်ခဲ့ကြောင်းကိုလည်း ထပ်လောင်း၍ ကြိုတင်ကာ စာဖတ်ပရိသတ်သို့ အစီရင်ခံခဲ့ရန် လိုပေသည်၊ အကြောင်းမှာ ဖေါ်ပြမည့် ဖြစ်ရပ်များသည် ရုပ်ဝါဒ သမားတွေနှင့် ဆန့်ကျင်လှသော စိတ်ဝါဒ ဆန်လှသည့် တကယ့်ဖြစ်ရပ်များဖြစ်ခဲ့သည့်အလျောက် တွေ့ရ ဆုံရသည့် ဆန်းကြယ်မှု ဇာတ်လမ်းမှ မှတ်တမ်းဖြစ်စဉ်များက ကျွန်တော် ကိုယ်စား စာဖတ်ပရိသတ်များကို ,တအံ့သြသြဖြစ်သွားစေမည်၊ ခိုင်မာလုံလောက်သော ဝန်ခံချက်များအဖြစ် အတိအလင်း သက်သေခံကြပေလိမ့်မည်။

"လောက၌ မဖြစ်နိုင်သောအရာ မဖြစ်နိုင်သော အကြောင်းများမရှိချေ၊ ကျွန်တော်တို့ မသိနားမလည် မတွေ့ဘူး မဖြစ်ဘူး၍သာ ထိုဖေါ်ပြပါ မဖြစ်နိုင်သောအရာ...." ဟူ၍ နံမည်ပေး ခေါ်ဝေါ်ထားခြင်းသာ ဖြစ်ပေသည်။

ဝါရင့်လှသော ရုပ်ဝါဒ ဆရာကြီး တဦး၏ ကိုယ်တွေ့ကြုံမှု ဖေါ်ထုတ် မြွက်ဟ ဝန်ခံချက်သည် ကျွန်တော်၏ ဖြစ်ရပ်များနှင့် ထပ်တူ ထပ်မျှ ကိုက်ညီနေတော့၏၊ "ပြောမယုံ ကြုံမှသိ...." ဟူသော စကားပုံသည်လည်း ကျွန်တော့် အတွက် သပ်သပ်ဖန်တီး တည်ထွင်ခဲ့သလို ရှိနေပါတော့သည်၊ စစ်သားတပိုင်း မုဆိုးတပိုင်း



တသက်တာ ဘဝသံသရာ ကျင်လည်ခဲ့ရသော ကျွန်တော်နှင့် ဦးဘိုးဟန် နှစ်ဦးသား၏ အသက်ပိုင်းနှင့် ခံစားရမှုများ အစုံ၌ဖော်ပြမည့် ထူးပေ ဆန်းပေသည်ဟု ကင်ပွန်းတပ် ခေါ်ဝေါ်အမည်ပေးရမည့် "သွေးသံ ရဲရဲ" ရန်သူ လူသတ်ဝါများနှင့် လူသားစား သားကောင်ကြီးများတို့၏ ရင်ဆိုင် တိုက်ပွဲများ အကြားမှမမျှော်လင့်ဘဲ ကိုယ်တွေ့ကြုံရလောက်အောင် ဒုပါက်ပွားဖြစ်ပေါ်ခဲ့ခြင်းသာ ဖြစ်ပေ၏၊ ဖြစ်ပွားတွေ့ကြုံရသည့် နေ့ရက်ကို ပြန်လှန်ကာစတင်၍ ရည်တွက်ခဲ့လိုက်လျှင်....

"မမျှော်လင့်သောပုဂ္ဂိုလ်တဦး"

ဗြိတိသျှနယ်ချဲ့သမားများ ဗမာ့မြေပေါ်က ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသည့် ရဲဘော်သုံးကျိပ်ဝင်များ ကွပ်ကဲ အုပ်ချုပ်ကာဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး ဖွဲ့စီး၍ တော်လှန်မောင်းထုတ်လိုက်ပြီးသော တနှစ်ကျော်ကျော်ကာလ သို့မဟုတ် ဗမာ့ကာကွယ်ရေး တပ်မတော် ဖွဲ့စည်း ပြီးသည့်နောက် ရှစ်လပိုင်းကာလ ဖြစ်ပါသည်၊ တိုင်းပြည် အခြေအနေဖြင့် ကောင်းစွာ မငြိမ်သက်သေးကြောင်းကို ပျဉ်းမနားနယ်အနေနှင့် ဝန်ခံရလျှင် တချပ်စစ်မြေ အင်္ဂလိပ် စစ်ပြေးများ ကျန်ရစ် ပစ်လှင့်ခဲ့သည့် လက်နက်များကို ရယူထားသည့် တောကြောင် လူဆိုးများ လက်ထဲသို့ ရောက်ရှိပြီး ကွက်တိ ကွက်ကြား ဟိုတနေရာ ဒီတနေရာ ဓါးပြတိုက်မှုကလေးများဖြစ်ပွားနေကြောင်းကို ဝန်ခံရပေမည်၊ သို့ရာတွင် ကျွန်တော်တို့ ဗမာ့ကာကွယ်ရေး တပ်မတော်သားများ၏ စစ်မိန့်သံ စစ်တံနပ်သံ ကြားရသည့် တပိုင်နက်တည်း ထိုးမဖေါ် ပြလောက်သော သောင်းကျန်းမှု ကလေးများသည်၊ မကြာခင်ကာလအတွင်း ကြောက်

www.burmeseclassic.com

www.burmeseclassic.com



ပျောက် ငှက်ပျောက် ပျောက်ကွယ်ခဲ့၏။

ကျွန်တော် အနေဖြင့် နယ်မြေဒေသဆိုင်ရာ ငြိမ်ဝပ်ပိပြားရေး အတွက် တာဝန်ယူထားရသော တပ်ရင်းမှူး တဦးအနေဖြင့် တဖက်နားက နယ်အခြေအနေ ထိမ်းသိမ်း နိုင်ရေး အတွက် သတင်းကောင်း နားထောင်ရင်း တဖက်နားက တပ်ရင်းရှိ ရဲဘော်များ၏ ညီညီညာညာ စစ်ရေးလေ့ကျင့်ခဏ်း ဆင်းနေသော စစ်ဘိနပ်သံ၊ စစ်ခရာသံ၊ စစ်အမိန့်သံများကို နားထောင်ကာ အနည်းငယ် စိတ်ချမ်းသာ ကြည်လင်စ ပြုလာပါသည်။

နံနက်ခင်း တပ်ရင်းရုံးခမ်းထဲသို့ နေ့စဉ် တန်းစီဇယားများ စစ်လေ့ကျင့်ခဏ်း ဇယားများကို စစ်ဆေးရန် အတွက် ကျွန်တော်သည် ဝင်ရောက်ခဲ့သည်တွင် တပ်ရင်းတာဝန်မှူးကြီး ဗိုလ်ကြီး မောင်မြင့်သည်၊ ကျွန်တော့်အား ဆီးကြိုအလေးပြုလိုက်ပြီး။

"ယောတန်ရှားရေဘူး (မြို့စောင့်တပ်ဖွဲ့)ကကျွန်တော်တို့တပ်ရင်းကိုစစ်ဆေးဘို့ ဘုန်းကြီးတပါး လာပို့ အပ်ထားပါတယ် ဗိုလ်မှူး"

ကျွန်တော်သည် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်ရာမှ....

"ဘယ်လိုကိစ္စလဲ ဗိုလ်ကြီး မောင်မြင့်၊ ဘယ်နဲ့ ဘုန်းကြီးကိစ္စ ကျွန်တော်တို့ဆီ လာပို့ရသလဲ ခက်တဲ့ ငပုတွေဘဲ"

သတိအနေအထားဖြင့် ခြေစုံရပ်၍ ဗိုလ်ကြီး မောင်မြင့်သည်။

"မသင်္ကာလို့ စပိုင်ဆိုပြီး ခုတင်ကလေးဘဲဗိုလ်ကြီးကာမဒါနဲ့ တပ်ကြပ်တဦးက ဘုန်းကြီးကို ကြိုးနဲ့တုပ်လာပြီး လာအပ်တယ် ခင်ဗျာ၊ ဘုန်းတော်ကြီးကြည့်ရတာ စိတ်မနှံ့ပုံဘဲ၊ ငပုတွေက တော်တော် များများ တွယ်ထားတဲ့ပုံဘဲ၊ နဖူးနဲ့ ခေါင်းတွေမှာ ယောင်လို့ ဗိုလ်မှူး...."

"ခက်ပါပြီ၊ ဒီတိရစ္ဆာန်သာသာ အကောင်တွေနဲ့ သူတော်ကောင်းမှန်း ဘာမှန်းမသိနဲ့ က ကြီးတိုက်ကုန်တော့မှာဘဲ ဗိုလ်



ကြီးမောင်မြင့် ကျွန်တော်တို့ဆီမှာ ဘယ်လိုလုပ်ပြီး ထားသလဲ၊ အချုပ်ထဲသွင်းထားသလားဗျာ...."

"မဟုတ်ပါဘူးဗိုလ်မှူး၊ ကင်းရဲဘော်တွေနဲ့ အတူ အပြင်မှာခဏထားပြီး ဗိုလ်မှူးအမိန့်ကို စောင့်နေပါတယ်...."

ကျွန်တော်သည် သာသနာရေးကိစ္စတွင် ကြာကြာမဆိုင်းလိုသော စိတ်ဓာတ်အတိုင်း....

"ကောင်းပြီး ဗိုလ်ကြီးမောင်မြင့် ဘုန်းကြီးကို ဒီကိုပင့်ခဲ့ဗျာ၊ ချိုရှိသေသေ စပိုင်ဟုတ်တာမဟုတ်တာတော့နောက်ထား သင်္ကန်းကို ပထမ ရိုသေရမယ်၊ နည်းနည်း ပါးပါး စစ်ဆေးကြည့်ကြရအောင်...."

ကျွန်တော်သည် အမိန့်ပေးလိုက်ပါသည်၊ မကြာမီ သင်္ကန်းနွမ်းနွမ်းကို ဘိုသီ ဘတ်သီ ရုံကာ ရဲဘော်နှစ်ယောက်က နောက်မှစောင့်ကြပ်၍လာသည်ကို ကျွန်တော်သည် ရုံးခမ်းထဲမှ လှမ်း၍မြင်လိုက်ရပါသည်၊ ခေါင်းပြားပြားကြီးကြီးကို ပြောင်နေအောင်ရိပ်ထားပြီး မျက်လုံးပြူးပြူး မျက်နှာဝိုင်းဝိုင်းနှင့် သက်တော်လေးဆယ်ကျော်မှာ ရှိပုံရသည်၊ အသားဖြူဖြူ ဘုန်းတော်ကြီးသည် ပြုံးစိစိမျက်နှာဖြင့် ပတ်ဝန်းကျင်ကို စောင်းကာ ငဲ့ကာဖြင့် ကြည့်လျက် ပါးစပ်ကလည်း တကိုယ်တော်တည်း သုံးလေးခွန်းမြွက်ကာဖြင့် တလှမ်းခြင်းပင် တပ်ရင်းရုံးထဲသို့ ကြွရောက်လာပါသည်။

ကျွန်တော်သည် ကုလားထိုင်တလုံးကို အဆင်သင့်တိုး၍ပေးကာ အတိုင်ခိုင်းလိုက်သည်တွင် ဘုန်းတော်ကြီးသည်ကျွန်တော်၏မျက်နှာကို စေ့စေ့ကြည့်ကာ ပြုံးလိုက်ပြီး....

"အေး....အေး နှင့် ခေါင်းတငြိမ့်ငြိမ့် လည်တငြိမ့်ငြိမ့် လုပ်ပြီးမှ ကျွန်တော်နားမလည်သော ပြည်နယ်ဘာသာဖြင့် သုံးလေးခွန်းတိုတိုပြောကာ တပ်ရင်းရုံးအတွင်းသို့ ဟိုဟို-ဒီဒီ လှည့်ကာ ကြည့်လိုက်

www.burmeseclassic.com


သည်။ ပြီးမှ ကုလားထိုင်ကို သူ၏ညာလက်ဖြင့် ဆွဲယူကာ သုံးလေးပေါက်လှည့်ကာ ခင်းကျဉ်းလျက် အခန့်သားထိုင်တော်မူပါသည်။

ကျွန်တော်သည် ဘုန်းတော်ကြီး၏ အရိပ်အကဲကို အကဲခတ်လေ့လာနေမိပါသည်၊ တပ်ပတ်ဝန်းကျင်ကိုရိုးရိုးတန်းတန်းအကြည့်မျိုးနှင့် ကြည့်နေခြင်းပေလော၊ သို့မဟုတ် သူလျှို၏ အကြည့်မျိုးဖြင့်ကြည့်နေခြင်းပေလော ဟူသော သံသယစိတ်များနှင့် ပတ်သက်၍ ဝေခွဲမရနိုင်ချေ၊ အလစ်တွင် ကျွန်တော်သည် ရုတ်တရက်....

“ဘာလုပ်တာလဲဘုန်းကြီး၊ ဘယ်ကလာသလဲ—”

အသံပြင်းပြင်းနှင့်မေးလိုက်သည်တွင် တဖက်သို့ငေးကာစဉ်းစားနေပုံရသော ဘုန်းတော်ကြီးသည် တစုံတရာ တုံ့လှုပ်ခြင်းရှိမသွားဘဲ၊ တွေးချင်ရာတွေး ငေးချင်ရာငေးနေတော့သည်၊ ပြီးမှစားပွဲပေါ်ရှိ တွယ်အပ်ထည့်ထားသည့် ဖလ်ခွက်ပြားထဲမှ တွယ်အပ်တချောင်းကို ကောက်ယူလိုက်ပြီး သူ၏ သွားကြားကို ဟန်ပါပါနှင့် ထိုးလျက် မည်သူ့ကိုမျှအရေးစိုက်ပုံ မပေါ်ချေ၊ အယောင်ဆောင်သမားများအဘို့၌ ယခုတင်ကလို ကျွန်တော်၏ အရေးတကြီးအလန့်တကြား အော်ဟစ်မေးသံကြားရလျှင် အနည်းဆုံးတုံ့လှုပ်သွားပေမည်၊ ထိုထက်ပိုမို၍ ပါးစပ်က ယောင်ရမ်းကာ ဖြေပေလိမ့်မည်။

ထို့ကြောင့် ကျွန်တော်သည် အစာတ်နိုင်ဆုံး ချိုသာသောအသံပြုံးရွှင်သော မျက်နှာဖြင့် ဘုန်းတော်ကြီးအားလှမ်း၍....

“ကိုယ်တော် ဘယ်ကကြွလာသလဲ၊ ဘာလူမျိုးလဲ....”

မေးမြန်းရပြန်ပါသည်။

ဤတွင် အုန်းတော်ကြီးသည်ကျွန်တော့် အားကြည့်၍ ပြည်နယ်ဘာသာဖြင့် ပြန်ပြောလိုက်သည်၊ ပြီးနောက် သူ့ အား ဆွမ်းကပ်ရန်ဆွမ်းဆာကြောင်းကို ခြေဟန်လက်ဟန်ဖြင့်ပြသပြန်ပါသည်၊ ပြီးနောက်



ဘုန်းတော်ကြီးသည် အရှေ့အနောက်သို့ လက်ညှိုးထိုးကာ ငေါက်ငေါက်နှင့်ထ၍ ညွှန်းပြပြန်သည်၊ ဘာသာခြားစကားများဖြင့် သုံးလေးခွန်း ရောနှောပြောပြန်တော့သည်၊ ကျွန်တော်သည်ပြည်နယ်ဘာသာသုံးမျိုးတတ်သူ ကျွန်တော်၏ ထမင်းချက် ရှမ်းအမျိုးသား ဦးနုကိုရဲဘော်တယောက်စေလွှတ်ပြီး အမြန်ခေါ်ယူ၍ ဘုန်းတော်ကြီးနှင့်ကျွန်တော့်ကြား၌ စကားပြန်အဖြစ် ဆက်သွယ်လုပ်ဆောင်စေဘို့ အခေါ်လွှတ်လိုက်ရပါတော့သည်။

မီးဖိုထဲမှ ချက်ပြုတ်ရင်း ချွေးသံရွှဲရွှဲ အိုးပေတေ့ သေရေနေသော မျက်နှာဖြင့် ဦးနုသည် မိနစ်ပိုင်းအတွင်း ဆိုက်ရောက်လာပါတော့သည်။

“ကဲ....ဦးနု ဘုန်းတော်ကြီးကို သင့်သလိုဘာသာနဲ့ တီးခေါက်မေးမြန်းကြည့်စမ်းဗျာ....၊ ဘာလူမျိုးလဲ၊ ဘယ်ကြွမလဲဆိုတာ”

ဦးနုအား ရောက်မဆိုက်ခင်ပင် တာဝန်ပေးလိုက်သည်ကြောင့် ဦးနုသည် ပထမဦးစွာ ရှမ်းဘာသာဖြင့် ဘုန်းတော်ကြီးအားနှစ်ခွန်းသုံးခွန်း မေးလိုက်၏၊ ဘုန်းတော်ကြီးကား ဦးနု၏အမေးကို ခေါင်းခါပြလိုက်၏၊ ဦးနုသည် ဒုတိယ ဘာသာတမျိုးဖြင့် မေးမြန်းပြန်၏၊ သို့ရာတွင် ဘုန်းတော်ကြီးအဘို့ နားလည်ပုံ မရချေ၊ ဦးနုသည်အတန်ကြာမှ ဘုန်းတော်ကြီး၏ အရိပ်အကဲကိုခတ်လိုက်ပြီး တတိယဘာသာဖြင့် မေးမြန်းလိုက်သည်တွင် ဘုန်းတော်ကြီးသည် ‘အဲ’ ကနဲ ပါးစပ်ဟလာပြီး သုံးလေးခွန်း ခတ်သွက်သွက် ပြန်ပြောလိုက်သည်။

တောင်သူစကားနဲ့ ပြောတော့ နားလည်တယ်ဗိုလ်မှူး၊ ဒါပေမဲ့ ဘုန်းတော်ကြီးက တောင်သူပအိုစ် လူမျိုးမဟုတ်ဘူး၊ တောင်ရင်းလူမျိုးဗျ၊ အရှေ့တောင်ပေါ်က ထပါးတည်းလာခဲ့သတဲ့၊ လမ်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းငတ်လာလို့ ဆွမ်းဆာကြောင်းပြောပြီး ဆွမ်းအကပ်ခိုင်းနေတာယ်....”

ဦးနုသည် ဆက်လက်၍ တောင်ရင်းလူမျိုး ဘုန်းတော်ကြီးအား မေးမြန်းသည်တွင် ဘုန်းတော်ကြီးသည် ရှေ့အတိုင်း ခေါင်းသာ တွင်တွင်ခါပါတော့၏။

“သူ့အနေနဲ့ ကြွချင်ရာ ခြေဦးတည့်ရာကြွမှာဘဲတဲ့၊ သူ့ကိုဒီမှာ ဘာလုပ်ဘို့ခေါ်ထားသလဲတဲ့၊ ဆွမ်းဆာတယ်လို့ ပြောနေတယ်၊ ရှေ့ဆက်ပြီးပြောလို့ မရဘူးဗိုလ်မှူး....”

ဘုန်းတော်ကြီးသည် ထိုင်ရင်းမှ ရပ်လိုက်ပြီး အရှေ့တောင်နှင့် အနောက်ဘက်သို့ လှည့်ကာ လက်ညှိုးတထိုးထိုးနှင့်လုပ်၍ ပါးစပ်က ဂါထာရွတ်သလို ရွတ်ဆိုလိုက်ပြန်တော့သည်။

“အဲဒါ သူ့မှာရန်သူပေါ်နေလို့ ရန်သူမလာနိုင်အောင် စည်းချအပန္နအတား ဂါထာရွတ်တာဗျ....”

ဦးနုသည် ဘာသာပြန်၍ ပြောလိုက်သည်နောက် ဘုန်းတော်ကြီးသည် စိတ်ကိုသည့်မျက်နှာဖြင့် မမြင်ရသော လူတယောက်ကို ရန်မူသည့်ပမာ ဒေါသသံကြီးဖြင့် အော်ကြီးဟစ်ကျယ် ကြိမ်းဝါး ပြောဆို၍ လက်သီး လက်မောင်းတန်းနေပြန်တော့၏။

“စိတ်မကောင်းဘူးဘုန်းကြီး....”

ဦးနုသည် မှတ်ချက်ကာ....

“သူပြောနေတယ်၊ သူ့နောက်မလိုက်ကြနဲ့တဲ့၊ သူသိတယ်တဲ့၊ ဘယ်တော့မှ တောင်ပေါ် ပြန်မတက်ဘူးတဲ့ တတ်နိုင်ရင် အစွမ်းသညာနဲ့ လုပ်စမ်းတဲ့ဗျ....”

“မှော်ပေါက်လာတဲ့ ဘုန်းကြီးနဲ့ တူပါတယ် ဗိုလ်မှူး ငပုတော့ ကတော့ ဘာနားလယ်တဲ့ အကောင်တွေလဲ တွေ့ကရာ စပိုင်ထင် နေမှာချည့်ဘဲ....”



တာဝန်မှူးကြီး ဗိုလ်ကြီး မောင်မြင့်က ထင်ကြေး ပေးလိုက်ပါသည်။

ကျွန်တော်သည် စိတ်မရှည် လာတော့သည်ကြောင့်....

“ကဲပါဗျာ ဗိုလ်ကြီး မောင်မြင့် ဘုန်းတော်ကြီးကို တနေရာရာမှာ လွှတ်လွှတ် လပ်လပ် ခဏထားပါ ချုပ်နှောင်တော့မထားနဲ့ ပြီးတော့လဲ သူ့အနားမှာ ရဲဘော်တယောက် အစောင့်ချထား ဆွမ်းလဲမြန်မြန်ဖြင်ပြီး ကပ်လိုက်ပါ ဆက်လက်ပြီး အရိပ်အခြေ အကဲခတ်ကြရအောင် ဇာတ်ရှုပ်ကြီးဘဲ.... ငပုတွေဂျောက်လာ ဘွန်း ဘာဗျ-ကျုပ်တို့ တပ်ရင်းကို”

ကျွန်တော်သည် တာဝန်မှူးကြီးအား အမိန့်ပေးလိုက်ပါသည်။

## “အုံ့သြစရာ အဖြစ် အပျက်”

“သုံးချက်ဆက်ပစ်....”

ကျွန်တော်သည် တပ်ရင်း လက်နက်ဌာန အရာခံ ဗိုလ်စိန်ထွေး အားပြုပြင်ထားသည့် ရိုင်ဖယ်တလက်ကို တပ်ရင်းလက်နက်ရုံ အနီး မြေကတုပ်ကြီးဆီသို့ စမ်းသပ်အပစ်ခိုင်းလိုက်ပါသည်၊ ရုံးအုပ် ဗိုလ်ကြီး ကျော်အောင်၊ ထောက်ပံ့ရေး ဌာန ဗိုလ်ကြီး ရွှေမောင်တို့ သည် ကျွန်တော်နှင့် အတူမြေကတုပ်ကြီးကိုမျက်နှာမူ၍ဗိုလ်စိန်ထွေး ၏၊ ပစ်ခတ်နေပုံကို အကဲခတ်လိုက်ကြသည်။

ရိုင်ဖယ်သံ သုံးချက် တိတိ ဆင့်ကာ ဆင့်ကာ ပေါ်ထွက်လာ ပါသည်၊ ကောင်းပြီ ဗိုလ်စိန်ထွေး ဒီရိုင်ဖယ်ကို ဖယ်ထားလိုက် ဟောဒီဘက်က စက်ကလေးကို ကျည်ကုပ် မကောင်းတာ စမ်းကြည့် စမ်း သုံးတောင့်စီဆွဲပစ် ကျွန်တော်သည် ဂျပန်စက်သေနတ်ကလေး ကို ပစ်ခတ်စမ်းသပ်ရန် အမိန့်ပေးလိုက်ပြန်သည်၊ အရာခံ ဗိုလ်စိန်

www.burmeseclassic.com

www.burmeseclassic.com

ထွေးသည် စက်သေနတ်ကလေး၏ မဂ္ဂဇင်းထဲသို့ ကျည်ဆံအသစ် လပ်လပ်ဆပ်ဆပ် အတောင့်နှစ်ဆယ်ထည့်ကာ စက်သေနတ် ကျည် ဇလုပ်သို့ တပ်လိုက်ပြီး ရှေ့တည့်တည့် ပေတရာရှိ စက်ပစ်ကွင်း အဏာ အကွယ် အဖြစ် ဆောက်လုပ် ထားသော မြေကတုပ်ကြီး အလယ် ဗဟိုရိုတွင် စိုက်ထူထားသော စက်ကွင်းကြီးကို လှမ်း၍ စက်သေနတ် ကလေးဖြင့် ချိန်လိုက်သည် နောက်ခံ ကတုပ်ကြီးမှာ အထက်အမြင့်သို့ ပေသုံးဆယ်ကျော် မြင့်မားစွာ တက်နေ၍ သေနတ် စမ်းသော ကျည်ဆံဖူးများ၏ အပြင်အပသို့ ဖေါက်ထွက် မသွား ရေး အတွက် စိတ်ချရ၏။

"သုံးချက်ပစ်...."

ရှုံးအုပ် ဗိုလ်ကြီး ကျော်အောင်၏၊ အမိန့်သံနှင့် အတူ စက်သေ နတ် သုံးချက် ဆဲ့ပစ်သံ ဟိန်းထွက်လာ၏။

"နောက်ထပ် သုံးချက်စီ ဆဲ့ပစ်...."

ဒုတိယ အမိန့်သံ ထွက်ပေါ်လာပြီးနောက် စက်သေနတ်သံ နှစ် ချက်သံ ထွက်ပေါ် လာတော့သည်၊ ထိုခဏ၌ မြေကတုပ်ကြီး၏ ဘယ်ဘက်ဆီမှ မြေကတုပ်ကြီး၏ ညာဘက်သို့ ရုတ်တရက်ဖြတ်၍ ကူးလိုက်သည့် လူတယောက်၏ သဏ္ဍာန်ကို ရိပ်ကနဲ ကျွန်တော်တို့ အားလုံးတွေ့မြင်လိုက်ရပါသည်။

"ဟယ်...ဟယ်...ဟယ်"

ဟု၍ အလန့်တကြားနှင့် ယောင်ရမ်းကာ အော်ဟစ်လိုက်သည့် ဗိုလ်ကြီးကျော်အောင်၏၊ အလန့်တကြား အသံနှင့် အတူ စက်သေ နတ် စမ်းနေသော ဗိုလ်စိန်ထွေး၏ ညာလက်ညှိုးသည် စက်သေ နတ် မောင်းကွင်းကို အလိုလို ဆွဲဖြုတ် ချလိုက်သည်ကို အံ့အားသင့် ကာ ကြည့်နေသော ကျွန်တော်သည် အရှင်းသားတွေ့လိုက်ရ၏၊ စက်ပစ်ကွင်း ရှေ့မှ အပြေးတက်သွားသော လူတယောက်၏ မရှု





မလှ ပြတ်ဆပ်ထွက်သွားတော့မည့် သွေးရဲရဲသဏ္ဍာန်ကို ကျွန်တော် သည် ကြိုတင်၍တွေးမြင်မိလိုက်၏။

ချောက်ကနဲ မောင်းချသံ ပြင်းပြင်းသာ ဗိုလ်စိန်ထွေး၏ စက် သေနတ်ဆီမှ ထွက်ပေါ်လာတော့၏။

"ဟီး...ကံကောင်းလို့ ဟေး၊ ဘုန်းကြီးနှယ်အလကားအချောင် စက်သေနတ်စာ ဖြစ်သွားမှာ...."

ဗိုလ်ကြီးကျော်အောင်သည်၊ဟင်း....ကနဲ သက်ပြင်းကြီးတချက် ချရင်း မြေကတုပ်ကြီး၏၊ တဖက်ထိပ်နား၌ ပြုံးပြုံးကြီး ရပ်၍ ကျွန်တော်တို့ကိုကြည့်နေသည့်ဘုန်းတော်ကြီးကို ကြည့်ရင်း အရေး တကြီးမှတ်ချက်ချလိုက်ပါသည်။

"ကျည်ဆံမထွက်လို့လား....ဗိုလ်စိန်ထွေး...."

ဗိုလ်ကြီး ရွှေမောင်က စက်သေနတ်ဆီသို့ ငုံ့ကာကြည့်ရင်း မေးလိုက်သည်တွင်....

"ထွက်ပီး ရိုက်တယ် ခင်ဗျ ကျည်ဆံ ဖင်ခွက် ဝင်သွားတယ် အံ့သြစရာဘဲ ကျည်ဆံကလဲ အသစ် ဒီပြင် ကျည်ဆံတွေ ကျတော့ ထွက်လိုတ်တာ လွန်ရော...."

ထိုအခိုက်တွင် အစောင့်ရဲဘော်သည် စိတ်ကောင်းစွာမန္တံ့သော ဘုန်းတော်ကြီးအား လိုက်၍ခေါ်ယူနေပါက်ည်၊ သို့ရာတွင် ဘုန်း တော်ကြီးသည် ရဲဘော်၏လက်မှ ရုံးဖယ်ရင်း ကျွန်တော်တို့ရှိရာ သို့ ဇွတ်တိုး၍ ထွက်လာပြန်ပါသည်၊ ကျွန်တော့် အနီးသို့ ရောက်ရှိ လာသော ဘုန်းတော်ကြီးသည် သူ၏သက်န်းစတစနှင့် ထုပ်ထား သော ပစ္စည်းတခုကို ကျွန်တော်တို့အားပြ၍ တစုံတရာ ပြုလုပ်ပေး ရန် အမူအရာဖြင့် ပြသ ပြန်တော့၏။

"ကြည့်စမ်း ဗိုလ်ကြီး ကျော်အောင်၊ ဘုန်းကြီးမှာ သူ့ ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com


ကို သေနတ်နဲ့ ပစ်ခိုင်းနေတာဗျ အရေးထဲမှာ ပြီးဆေးလာပြီး စမ်းခိုင်းနေပြန်ပါပြီ....”

ဗိုလ်ကြီးရွှေမောင်သည် ရယ်မောရင်း ပြောလိုက်သည် သို့ရာတွင် ဘုန်းတော်ကြီးသည် အလျှော့မပေးစတမ်း ဇွတ်အတင်းပင် သူ၏လက်တစ်ဝါး သာသာခန့် ထုပ်ထားသော ပစ္စည်းကို သေနတ်နှင့်ပစ်ရန်ခိုင်းနေပြန်ပါသည်၊ ခိုင်းယုံတွင်မကဘဲ ထိုဖေါ်ပြပါအထုပ်ကလေးကို ကျွန်တော်အနီးရှိ သစ်ငုပ်ကြီး အလယ်တွင် လာရောက်တင်ပေးလိုက်သေး၏။

“ကဲ....သူကျေနပ်သွားအောင် ပစ်လိုက်စမ်းပါ ဗိုလ်စိန်ထွေး၊ ဒါမှ နားအေးမှာ....”

ဗိုလ်ကြီးကျော်အောင်သည်၊ ဗိုလ်စိန်ထွေးအား ခိုင်းလိုက်သည် အရာခံ ဗိုလ်စိန်ထွေးသည် ကျည်ဆံ အသစ် သုံးတောင့်ထည့်ထားသော အင်္ဂလိပ်ရိုင်ဖယ် တလက်ကို ကောက်၍ ကျွန်းငုပ်ကြီးပေါ်မှ သက်န်းထုပ်ကို နှစ်ပေခန့်အကွာမှ ကပ်ကာ တေ့၍ မောင်းဖြုတ်ချလိုက်သည်။

ဒိုင်း-ဟူသောအသံကိုကျွန်တော်တို့ကြိုတင်ကြားမည်ဟုယုံကြည်ခဲ့၏၊ သို့ရာတွင် ဒိုင်းဟူသော ယမ်းပေါက်ကွဲသံအစား ကျည်ဆံဖင်ကို ရိုင်ဖယ်၏ တုပ်ပီနှင့် ရိုက် လိုက် သည့်၊ “ချောက်....” ခနဲအသံသည် ပေါ် ထွက် လာ တော့၏၊ လက်မြန် စိတ်မြန်လှသော ဗိုလ်စိန်ထွေးသည်၊ ကျန်နေသည့် ကျည်ဆံနှစ်တောင့်နှင့် ဆင့်ကာဆင့်ကာ သက်န်းထုပ်ကို ခြောက်လက်မ အကွာမှကပ်၍ပစ်ခတ်တော့သည်၊ သို့ရာတွင် ချောက်ကနဲ အသံနှစ်သံသာ ပေါ်ထွက်လာတော့၏။

ကျွန်တော်တို့အားလုံးမျက်လုံးတွေ ပြူးလာကုန်တော့၏၊ လက်နှစ်ဘက်ကို နောက်သို့ပစ်ကာ ကျွန်တော်တို့၏ လုပ်ပုံ ကိုင်ပုံ ကိုကြည့်နေသော ဘုန်းတော်ကြီးသည် တဟဲ....ဟဲ....အားရပါးရ ရယ်မောစပြုနေပါသည်။

ဤတွင်မျက်နှာတွေနီလာစပြုလာသော ဗိုလ်စိန်ထွေးသည် အနီးရှိ ဂျပန်ရိုင်ဖယ်တလက်ကို ကောက်ကာဝင်ကာဆွဲ၍ သက်န်းထုပ်ကို ပစ်ခတ်ပြန်တော့၏၊ ဒိုင်းဟူသော အသံတသံထွက်မလာတော့ချေ၊ အနားဥ္ဘရပ်နေသော ဗိုလ်ကြီးရွှေမောင်သည် ပစ်ပြီးသားကျည်ဆံနှစ်တောင့်ကို ရိုင်ဖယ်ထဲသို့ထည့်ကာမြေကတုပ်ကြီးအလယ်သို့ လှမ်း၍ ပစ်ခတ်ရာ ဒိုင်းကနဲမြည်းဟီး၍ ပေါက်ကွဲသံကြီးပေါ်လာတော့၏။

ကျွန်တော်သည် စက်သေနတ်ထဲသို့ ကျည်ဆံတကပ်လုံးထည့်ကာ ဗိုလ်စိန်ထွေးအား သက်န်းထုပ်ကို ကပ်၍ ပစ်ခတ်ခိုင်းလိုက်ပြန်၏၊ သို့ရာတွင် တချက်တည်း ‘ချောက်’ ခနဲ မောင်းရိုက်သံသာ အဖြေထွက်လာပြန်တော့၏၊ ဒုတိယ အကြိမ် တတိယ အကြိမ် စတုတ္ထအကြိမ် ဆက်လက်၍ စက်သေနတ်မောင်းကို ဆွဲခိုင်းပြန်၏ အဖြေကား ထူးမခြားနားပင် ပေါက်ကွဲသံ တစုံတရာ ထွက်ပေါ်မလာဘဲ ချက်ကနဲ ချောက်ကနဲ အသံသာအဖြေထွက်လာချေ၏၊ ဤတွင် ကျွန်တော်သည် ပစ်ပြီးသား ကျည်ဆံလေးတောင့်ကို ကောက်ကာ ကျည်ဆံကပ်ထဲသို့ ပြန်ထည့်ကာ မြေကတုပ်ကြီး အလယ်သို့ လှမ်း၍ ပစ်ခတ်ခိုင်းလိုက်၏၊ ဝေါကနဲ ဝေါကနဲ စက်သေနတ် ဆွဲသံ ရှည်ကြီးပေါ်ထွက်လာ၏။

ဘုန်းတော်ကြီးကား အားရပါးရ ဟားတိုက်၍ ရယ်မောနေသလောက် ခုန်ပေါက် မြူးတူး နေတော့၏၊ ဗိုလ်စိန်ထွေးသည် ချက်ခြင်းပင် ကျွန်းပင် ငုပ်ကြီးပေါ်မှ သက်န်းထုပ်ကိုအပြေးကလေးကောက်ယူကာ သက်န်းစကို အရေးတကြီး ဖြေကြည့်လိုက်

www.burmeseclassic.com



၏၊ ကျွန်တော်တို့ပါ စုရုံး၍ ခတ်သွက်သွက် သွားကြည့် လိုက်ကြ ပါသည်။

သက်န်းစ သုံးလွှာ အလှန်တွင် ဖြူဆွတ်နေသော ကျောက်သား တခုကို ရုတ်တရက် တွေ့လိုက်ရ၏၊ ဗိုလ်စိန်ထွေးသည်၊ ရှည်မျော မျောကျောက်ဖြူတုံးကိုမ ကာကြည့်လိုက်သည်တွင် ပြီသလုသော လူတယောက်၏သဏ္ဍာန်ကို တူညီအောင် ပုံသွင်း ထုလုပ်ထားသည့် အသွင်ကို ကျွန်တော်တို့ အားလုံး အံ့အား သင့်သွားစေအောင်တွေ့ ရတော့သည်၊ သေသေချာချာ ကြည့်လေလေ လူတယောက်၏ သဏ္ဍာန်နှင့် တူလေလေ တွေ့ရတော့၏၊ ရောင်တုံးကြီးနှင့် အဘိုး ကြီးတယောက် သဏ္ဍာန်ဖြစ်ပြီး ကိုယ်တုံးလုံးနှင့် တွေ့ရကာ ညာ ဘက်ဖက်က တောင်ဝှေးရှည်တချောင်းကို ကိုင်ဆဲ့ကာ မာန်ပါပါ ထောက်ထားသော ကျောက်ဖြူရုပ်ပုံမှာ အသက်ပါလှတော့၏။

"သေသေချာချာ တော်တဲ့လက်ယာဘဲ ဗိုလ်မှူး၊ ကျွန်တော်လဲ ပန်းပုဘက်မှာ နားလည်ခဲ့ပါတယ် ဒီလက်ယာကို မမှီနိုင်ဘူး ကြည့် စမ်းခင်ဗျာ၊ မုတ်ဆိပ်အဖျားကလေးတွေ ကော့နေပုံနဲ့ ခြေဖျား ထိပ်က ခြေသည်းကလေးတွေ လန်နေပုံဟာ ပကတိအတိုင်း...."

ဗိုလ်ကြီးကျော်အောင်သည် တုံ့ရှိသောလက်များဖြင့် သေနတ် ပြီးသော ကျောက်ဖြူရုပ်ကို ကြည့်ကာ မချင့်မရဲကြည့်ရှုရင်း စေဘန် ပါသည်။

ကြောက်အားလန့်အားနှင့် ဟစ်အော်လိုက်သော ဘုန်းတော် ကြီး၏ အသံကြောင့် ကျွန်တော်တို့ အားလုံးသည် အရေးတကြီး အသံထွက်ပေါ်လာရာသို့ လှည့်ကြည့် လိုက်သည်တွင် ဘုန်းတော် ကြီးသည် ကျောက်ဖြူရုပ်ကို ပကတိမျက်စေ့ဖြင့် မကြည့်ရဲ သကဲ့သို့ သူ၏မျက်နှာကို လက်ဖဝါးနှစ်ဘက်ဖြင့် ပိတ်ကာ ကျောက်ဖြူရုပ်ကို ကိုကျောခိုင်းလျက် ကြောက်လန့်တကြား အသံကြီးနှင့် ဟစ်အော်



နေရှာပါသည်၊ ပြီးနောက် ကျောက်ဖြူရုပ်ကို သင်္ကန်းနှင့်အမြန် ဖြုန်၍ထုပ်ရန် အမူအရာဖြင့် အော်ဟစ်ပြောဆိုနေမြန်ပါသည်။

ကျွန်တော်သည် ချက်ခြင်းပင် အဘိုးအိုကြီးရုပ်ကို သင်္ကန်း စဖြင့် အမြန်ဆုံးရစ်ပတ် ဖုံးအုပ်လိုက်ရပါသည်၊ တုံ့ရှိနေသော ဘုန်းတော်ကြီးသည် ကျွန်တော်၏လက်မှ သင်္ကန်းစနှင့် ထုပ်ထား သော ကျောက်ဖြူရုပ်ကို စွေ့ကနဲ ဆွဲကာ သူအား ခေတ္တနေရာချ ထားသည့်နေရာသို့ ဘေးဥပဒ်အန္တရာယ်ဆိုးကြီး နောက်မှ ကပ်၍ လိုက်ပါလာသလို သဏ္ဍာန်ဖြင့် တအားစွပ်၍ အသံကုန် အော်ဟစ် ကာ ပြေးထွက်သွားရှာပါသည်။

ကျွန်တော်တို့ လူစုသည် ပါးစပ်အဟောင်းသားဖြင့် တယောက် မျက်နှာ တယောက်ကြည့်ကာ စကားတခွန်းမှ မပြောနိုင်ကြစတမ်း အကြီးအကျယ် အံ့အားသင့် နေမိကြပါတော့ သတည်း။

အံ့ဩစရာ ကောင်းလှသော တကယ့်ဖြစ်ရပ်ကို ဘေးမှဝိုင်း ၍ကြည့်နေကြသော ရဲဘော်ကလေးများသည် စုပြုံ၍ ဘုန်းတော် ကြီး ထွက်ပြေးရာနောက်သို့ တအုပ်တသင်းကြီး ထွက်သွားကြတော့ သည်။

## "ကျိန်စာသင့်သလော"

ကျွန်တော်သည် များစွာ စိတ်ဆိုးသည့် မျက်နှာနှင့် စခန်းတာ ဝန်ခံ တပ်ကြပ်ကြီး မောင်စောကို စစ်ဆေးနေပါသည်။

"မင်း....ဘုန်းကြီး ဘယ်ကြွ သွားတယ် ဆိုတာ မသိရအောင် မင်းအိပ်နေသလား.... အဲဒီ အချိန် မနက် နှစ်နာရီက မလေးနာရီ အတွင်း အိပ်ဖန်စောင့်ကျောတဲ့ ရဲဘော်ကို ခေါ်ခဲ့မြန်မြန်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် နံနက် လင်းခါနီးမှ ကပ်၍ရှုတ်တရက်ပျောက်သွားသော ဘုန်းတော်ကြီး အတွက် တာဝန်ရှိသော အကြပ်တပ်သားများကို ဝင်ပြောနေရခြင်း ဖြစ်ပါသည်။

"ဘုန်းတော်ကြီးက တညဥ့်လုံး မအိပ်ဘူး ဗိုလ်မှူး လန့်လန့်ပြီး ထအော်နေတယ် တခြားရဲဘော်တွေလဲ ဘုန်းတော်ကြီး အော်သံကြောင့် အိပ်ရေးပျက်ခဲ့ကြပါတယ် လင်းခါနီးကြမှ ဘုန်းတော်ကြီး လန့်အော်တာငြိမ်သွားမှ ရဲဘော်တွေအားလုံး အိပ်နိုင်ကြတာမို့ ဘယ်အချိန်က ထွက်ပြေးမှန်း ရဲဘော်တွေ သိကြပုံမရပါဘူးခင်ဗျာ...."

တပ်ရင်းတွဲဘက်တာဝန်မှူး အရာခံဗိုလ်ကျော်ဇံသည် ဝင်ရောက်၍ဖြစ်ပျက်ပုံကို အမှန်အတိုင်း အစီရင်ခံနေပြန်ပါသည်။

"ကျွန်တော်တို့က ဘုန်းတော်ကြီးကို အိပ်ဘို့ အိပ်ဆေးတွေ တိုက်ပါတယ် ဒါပေမယ်လို့ တစက်မှ မသောက်ပါဘူး....ထွေးပစ်တယ် ပြီးတော့ ဟိုအရုပ်ကို သူ့ရင်ခွင်ထဲက နဲနဲကလေးမှ ချဘော်မရဘူး ဗိုလ်မှူး ရောဂါဝေဒနာကြောင့် အော်တာ မဟုတ်တဲ့ အပြင် အမြဲတမ်း လန့်ဖြန့် နေတဲ့ပုံ တွေ့ရပါတယ်...."

ဗိုလ်ကျော်ဇံသည် ဘုန်းတော်ကြီးနှင့် ပတ်သက်၍ ၎င်းညဥ့်က တွေ့ရှိသမျှ သတင်းပို့ အစီရင် ခံနေသည်။

မကြာမီပင် နံနက် နှစ်နာရီမှ လေးနာရီအတွင်း အိပ်ဖန်စောင့်တာဝန်ကျသော တပ်သားကြီး လှဖေသည် တပ်ကြပ်ကြီး မောင်စော နောက်မှ ပါလာပါသည်၊ ကျွန်တော့်အား သူတို့နှစ်ဦးက အလေးပြု၍ အပြီးတွင်....

"ရဲဘော် လှဖေ၊ မင်း-အိပ်ဖန်စောင့် ကျတဲ့အချိန်မှာ ဘာလို့အိပ်သလဲ နှစ်အချက်က မင်းတာဝန်ကျတဲ့ အချိန်မှာ ဘုန်းတော်ကြီး ဘယ်ထွက်သွားတာ မသိတာ မင်းရဲ့တာဝန်ဘဲ ရှိုင်းဘာပြောချင်သေးသလဲ...."

ကျွန်တော်သည် စထင်ကာ စစ်ဆေး လိုက်သည့်တွင်....

"ကျွန်တော် တာဝန်ကျတဲ့ အချိန်မှာ ဘုန်းတော်ကြီးဟာသူ့အတွက် ခင်းထားတဲ့ အိပ်ရာပေါ်မှာ အရုပ်ကို ပွေ့ပြီး ကျိန်းစက်နေပါတယ်...."

"ကျွန်တော်လဲ အမှန် အတိုင်း ရိုးသား စွာ ဝန်ခံရရင် .... တညဥ့်လုံး ဘုန်းတော်ကြီး လန့်လန့် အော်နေတာ မအိပ်နိုင်လို့ ကျွန်တော် တာဝန်ကျတဲ့ အချိန်မှာ ထိုင်ရက်က အိပ်ပျော်မိပါတယ်ဗိုလ်မှူးကျွန်တော်တို့ လာလာခြင်း ရဲဘော်တွေနှိုးပြီး တစ်ဝန်းထဲမှာ လိုက်ရှာကြပါတယ် မတွေ့ရတဲ့ အဆုံးမှာ တွဲဘက်တာဝန်မှူးနဲ့ ကင်းမှူးကို ချက်ခြင်း အစီရင်ခံ သတင်းပို့ ခဲ့ပါတယ်...."

ပွင့်လင်းရိုးသားစွာဖြင့် တပ်သားကြီး လှဖေသည် အစီရင်ခံစာ ဖြေကြားပါတော့သည်။

"ကောင်းပြီ မင်းရိုးသားစွာနဲ့ ဝန်ခံတဲ့ အတွက် မင်းအပြစ်ရှိကြောင်းလဲ သိခဲ့တဲ့ အတွက် ကွာတာထဲမှာ သုံးရက် အပြင်ထွက်ပြီး အလုပ်ကြမ်း ဒဏ်သုံးရက်...."

"ကဲ....တွဲဘက်တာဝန်မှူး ခေါ်သွား...."

ကျွန်တော်သည် တာဝန်ပေါ့လျော့မှု အတွက် နေရာတွင်ပင် အပြစ်ပေး အမိန့်ချမှတ်လိုက်သည်၊ ထိုနောက် တာဝန်မှူးကြီးနှင့် ရုံးအုပ် ဗိုလ်ကြီးကျော်အောင်တို့ကို ခေါ်ယူ၍ ပျဉ်းမနား တောင်ဘက်မှစ၍ ရေတာရှည်မြို့အထိ လည်းကောင်း ပျဉ်းမနား မြောက်ဘက်မှစ၍ တပ်ကုန်းမြို့ အထိ ဘုန်းတော်ကြီးကို မှတ်မိသော ကင်းမှူး တပ်ကြပ်တဦးစီနှင့် ကင်းတပ်သား ငါးယောက်ကို ကားတစ်စင်းစီဖြင့် စေလွှတ်၍ ရှာဖွေခိုင်းလိုက်သည်၊ ပျဉ်းမနားမြို့၊ အရှေ့အနောက် နယ်များသို့ ရဲဘော် နှစ်ယောက် တတွဲစီ အတွဲနှစ်ဆယ်ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း တပ်ဖြန့်ကာ စေလွှတ်၍ ပျောက်သွားသော ဘုန်းတော်ကြီးအား ရှာဖွေရန် သတင်း ရယူနိုင်ရန် အတွက် စေလွှတ်လိုက်သည် ဘုန်းတော်ကြီးသည် သူလျှို မဟုတ်သည်မှာ ယုံမှားသံသယ ကင်းလှစေတော့၏၊ သို့ရာတွင် စိတ်မနှံ့ ၍ ယမ်းက ဂျပန်စစ်တပ်များနှင့် တိုးမိပြန်လျှင် ဒုတိယအကြိမ် ဒုက္ခတွေ့ရမည့် အရေးကြောင့် ကျွန်တော်တို့ကပင် ထိန်းသိမ်း၍ ဆေးဝါး ကုသကာ စိတ်ကောင်းလာမှ ၎င်း၏နေရပ်ကို ပြန်ကြစေရန် ဆန္ဒကြောင့်ပင် ကျွန်တော်သည်၊ ယခုကဲ့သို့ စီစဉ်မှုများ ပြုလုပ်လိုက်ရပါတော့သည်။

ထွက်ခွါသွားကြသော အဖွဲ့အသီးသီးအား နှစ်ဆယ့် လေးနာရီထက် နောက်မကျစေတမ်း တပ်ရင်းရုံးသို့ လူကိုယ်တိုင်ဖြစ်စေ မိမိတို့စခမ်းချရာ ဒေသ ကျေးရွာမှနေ၍ သတင်းဖြစ်စေ ပြန်လည်ပေးပို့ရန် စီစဉ်ညွှန်ကြားကာ စေလွှတ်ခဲ့ခြင်းသာ ဖြစ်ပေ၏။

ညဥ့်ဆယ် တစ်နာရီအချိန်တွင်ကျွန်တော် ဆီသို့တပ်ရင်းတာဝန်မှူးကြီးရောက်ရှိလာပြီး ပျောက်နေသော ဘုန်းတော်ကြီးကို ရန်ကုန်ကားလမ်းပေါ်ရှိ ရေနံမြို့အနီး ရွာတန်းရှည်ရွာ ဇရပ်ပေါ်၌ ပျံတော်မူနေသည်ကို တွေ့ရကြောင်း အရေးတကြီး လာရောက်သတင်းပို့ပါသည်၊ ကျွန်တော်သည် ချက်ခြင်း စစ်ဝတ်စစ်စားများ လဲလှယ်ကာ တပ်ရင်း မော်တော်ယာဉ်ဌာနမှ အရ သင့် စီစဉ်ထားသော ဇလွန်းကားပေါ်သို့ တက်ခဲ့ပါသည်၊ ကျွန်တော်၏ ကားနောက်မှ စစ်သားအပြည့်နှင့် ထရပ်ကားတစင်းသည် အရ သင့်လိုက်ပါလာပြီး လယ်ဝေးမြို့ဘက်စက်ကုန် မောင်းနှင်၍ ထွက်လာခဲ့ကြသည်၊ လယ်ဝေးမှ တဆင့် ရေနံမြို့ဘက်သို့ တနာရီ မိုင်လေးဆယ်နှုန်းဖြင့် မောင်းခဲ့သည့်နောက် နာရီဝက် အကျော်တွင် ရွာတန်းရှည်ရွာ ဇရပ်အနီးသို့ ကျွန်တော်တို့ကားတွေ ဆိုက်ရောက်ခဲ့၏၊ ဇရပ်ပေါ်၌ အဆင်သင့် စောင့်နေသော တပ်ကြပ်နှင့် ကင်း



ရဲဘော်ငါးဦး ရွာသူကြီးနှင့် ကာကွယ်ရေး အဖွဲ့ဝင်များကို လက်ဆွဲမီးအိမ်နှစ်လုံးအလင်းရောင် အဝေးမှတွေ့ရပြီး ဇရပ်အလယ်လောက်၌ တစောင်း ပျံလွန် နေရှာသော ဘုန်းတော်ကြီး၏ ရုပ်ကလာပ်ကို ဖူးတွေ့ရပါသည်။

ရုံးအုပ် ဗိုလ်ကြီး ကျော်အောင်နှင့် ဆေးတပ်ကြပ်များသည် ဘုန်းတော်ကြီး၏ ကိုယ်မှ သင်္ကန်းစကို ဖယ်ရှား၍ ဒဏ်ရာဒဏ်ချက်များကို ရှာဖွေကြည့်ရှုကြပါသည်၊ တစုံတရာ မတွေ့ရှိရမှ ကျွန်တော့်အား စိတ်သက်သာရာရရှိခဲ့သည်၊ ရွာသူကြီးကိုခေါ်၍ စုံစမ်းမေးမြန်းသည်တွင်....

"မနက် ဆယ်နာရီ လောက်မှာ မြောက်ဘက် (လယ်ဝေး) မှ လာသော ကုန်ကားပေါ်၌ ဘုန်းတော်ကြီး ပါလာခဲ့သည်ကို တွေ့ရကြောင်း မိမိတို့ ရွာဇရပ်သို့ ကားခေတ္တဆိုက်ကပ်၍ နားနေစဉ်တွင် ကားပေါ်မှ ဘုန်းတော်ကြီးသည် ဆင်းသက် ကြွချီလာပြီး ဇရပ်ပေါ်၌ နေမကောင်းသည့် သဏ္ဍာန်ဖြင့် ခတ်ခွေခွေ ကျိန်းစက်နေသည်ကြောင့် ရွာသားများက သောက်ရေနှင့် ဆွမ်းကွမ်းတို့ကို သွားလှူကြသည်၊ သို့ရာတွင် ဘုန်းတော်ကြီးသည် မိမိတို့နားမလည်သော ဘာသာတမျိုးဖြင့် ခတ်တိုတိုပြန်ဖြေကြားကာ အဟာရ တစုံတရာ လက်မခံဘဲ ကျိန်းမြဲဆက်လက် ကျိန်းစက်ခဲ့နေသည့် ဘေးမှ ဝိုင်း၍ အရိပ်အခြေကြည့်နေသော ရွာသားများသည်၊ ညနေ လေးနာရီခန့်တွင် ဘုန်းတော်ကြီး၏ တချက်ငြီးတွားသံကြောင့် သွားရောက်စုံစမ်းကြည့်ရှုရာ၌ ပျံလွန်တော်မူကြောင်းကို တွေ့ရကြောင်း ထိုနောက် တပ်မတော်မှ ကင်းအဖွဲ့ ရောက်ရှိလာမှ အကြောင်းစုံသိရကြောင်း ကိုအစစ်ခံချက် မြွက်ကြားပါသည်။

ကျွန်တော်က ဆက်လက်၍ ဘုန်းတော်ကြီး ဇရပ်ပေါ် သို့ကြွရောက်လာစဉ် မည်သည့် ပစ္စည်းပါမပါ တွေ့မတွေ့ မြင်မမြင် စုံစမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်တွင် ရွာသားအားလုံးနှင့် သူကြီးကပင်ဘုန်းတော်ကြီးကိုယ်၌သက်န်းတထည်က လွဲ၍ အခြား အပိုပစ္စည်းတစုံတရာကို မတွေ့ခဲ့ရကြောင်းကို တညီတညွတ်တည်း ရဲဝန့်စွာ ပြောဆိုကြပါသည်၊ ထိုကြောင့် ဘုန်းတော်ကြီး အမြတ်တနိုး ထားသိလောက်သေနတ်မီးမကူးအောင် အစွမ်းထက်လှ သလောက် ဘုန်းတော်ကြီးမကြည့်ဝန့်အောင် ကြောက်နေသော ကျောက်ဖြူ အဘိုးကြီးရုပ်မှာ လက်စပျောက်နေလေသည်ကို ကျွန်တော်စဉ်းစားမိပါသည်၊ အဘိုးကြီးပုံ ကျောက်ဖြူရုပ်ကို ကျွန်တော့်အထင် ကျွန်တော်၏ တပ်ရင်းမှ ရဲဘော်များက ဘုန်းတော်ကြီးဆီမှ ခိုးယူ၍ဖြစ်စေ၊ လုယက်၍ဖြစ်စေ၊ ယူငင်ဝှက်ထားစရာ အခြေအနေရှိနေသည့် အတွက် တပ်ရင်းပြန်ရောက်ခဲ့လျှင် မသက်သာသော ရဲဘော် အားလုံးကို တန်းစီစေကာ ရှာဖွေခြင်း တပ်ဘွင်း၌ အဆောက်တော် တပ်သားများဆေလွှတ်၍ သတင်းအစအန အနံ့ခံခြင်း စသည့် လုပ်ငန်းများ ပြုလုပ်ရန် စိတ်ထဲမှ ဆုံးဖြတ်ချက် ချခဲ့ပါသည်၊ ဘုန်းတော်ကြီး ပျံလွန်တော်မူရသည့် အကြောင်းရင်းကို ဆေးအကြပ်ကြီး ဦးကိုကြီးက စမ်းသပ်စစ်ဆေးပြီးနောက် ရုတ်တရက် တုံ့လှုပ်စရာ နှလုံးရောဂါ အခြေခံသော စိတ်လှုပ်ရှားမှု ဝေဒနာ ခရီးပန်းခြင်း အဟာရချို့တဲ့ခြင်း ငှက်ဖျား ရောဂါ၏ ဒဏ်စသည့် စုပေါင်းသည့် ဝေဒနာများကြောင့် ဘုန်းတော်ကြီး ပျံလွန်တော် မူရကြောင်းကို အစစ်ခံသတင်းပို့ပါသည်။

ကျွန်တော့်အဘို့ ရွာတနိုးရှည် ရွာသားများကို ဘုန်းတော်ကြီး၏ ရုပ်ကလပ်ကို ပေးအပ်ကာ နံနက်လင်းလျှင်လင်းခြင်း မီးသဂြိုဟ်ရန် အမိန့်ပေးလိုက်ပါသည်၊ ကျွန်တော့်အဘို့ ဘုန်းတော်ကြီး၏ ဘွဲ့တော်နာမ ဇာတိ အကြောင်းရင်း၊ ကျောက်ဖြူရုပ်၏ ရာဇဝင်စသည်တို့ကို စုံစေ့အောင် မသိရ မမေးလိုက်ရသည်မှာ များစွာ



နှစ်နာလှစေတော့၏၊ သို့ရာတွင် ကွင်းဆက် ပျောက်နေသော အဘိုးကြီးရုပ် ပျောက်ဆုံးခြင်း အတွက် ခြေရာခံ ဇာတ်ကြောင်း လှန်နိုင်ရေး အတွက် ကျွန်တော်သည် အားမလျော့သေးဘဲ နည်းလမ်းအမျိုးမျိုးကို ရှာဖွေကြံဆကာ တပ်ရင်းရုံးဘက်သို့ ပြန်လှည့်ခဲ့ရပါတော့သည်။

## “နောက်ထပ် သတင်းထူးနှင့် ဆက်သား နှစ်ဦး”

သုံးရောင်ချယ် အလယ်တွင် ကဒေါင်းတံဆိပ်နှင့် ဗမာ့ကာကွယ်ရေး တပ်မတော်၏ အောင်လံတော်ကား တပ်ရင်းရုံး ရှေ့၌ ဖွင့်ကြွား-တဝံ့ဆန်းကာ ကြက်သရေ ဆောင်နေတော့၏။

“ဘယ်ညာ-ဘယ်ညာ....ညာကြည့်ရှောက်...”

“တပ်စုမှူးအား အလေးပြုရန် ညာကြည့်....”

“လှံစွပ်ထိုးရန် အသင့်ပြင်....ကျား....”

စသည့် စစ်မိန့်သံများသည်လည်းကောင်း၊ လှံစွပ်ရောင်များသည် တာက်ခါစ နေရောင်တွင် ဟတ်ကာတဖွေးဖွေးနှင့် စစ်သွေးကို လှုံ့ဆော်နေပါတော့၏၊ ကျွန်တော်သည် တပ်စုလိုက်စစ်ရေး လေ့ကျင့်ခန်း ဆင်းနေသည်ကို မြင်းပေါ်မှနေ၍ လိုက်လန် ကြည့်ရှုအကဲခတ်ကာ နောင်လာလတန့်သော ကာလ၌ ဗမာပြည်ထဲသားစစ်သားလောင်းများဖြစ်ကြသည့် ရဲဘော် များ၏ အနာဂါတ်ကို မျှော်မှန်းကာ ကြည့်နူးနှစ်သိမ့် နေပါသည်။

“သတင်းပို့ပါတယ် ဗိုလ်မှူး....”

ကျွန်တော်၏ နောက်မှ ခြေစုံရပ်၍ ခုပ်ကာနဲ သံခွါဖနောင့်ခြင်းချီခတ်သံကြောင့် ကျွန်တော်သည် မြင်းဇက်လိုဆွဲ၍ လှည့်ကာကြည့်လိုက်၏၊ တပ်ရင်းတာဝန်မှူး ဗိုလ်ကြီးသိန်းဦးကို တွေ့ရ၍....

www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲဗိုလ်ကြီး သိန်းဦး..."

"ရုံးမှာ ဘုန်းကြီးနဲ့ ပါတ်သက်လို့ အရေးကြီးတဲ့တောင်ပေါ်သားနှစ်ဦးနှင့် အတူ ရောက်လာပါပြီ..."

"အေး...ကောင်းပြီ ရုံးကနေ စောင့်ပါစေ၊ ကျုပ်လေ့ကျင့်ခန်းဆင်း တပ်စုတွေကို ပြီးအောင် စစ်ဆေး ကြည့်လိုက်အုံးမယ်"

ကျွန်တော်သည်ရှေ့သို့ ဆက်လက်၍ရဲဘော်များ၏ လေ့ကျင့်ခန်းဆင်းနေပုံ စည်းကမ်းသေဝပ်မှု တက်ကြွမှု ဖြတ်လပ်မှု စစ်ပညာကျွမ်းကျင်မှုတွေကို အဖက်ဖက် ရှုဒေါင့်များမှ နေ၍ ကြည့်ရှုစစ်ဆေး အကဲခတ်လိုက်ပါသည်၊ စိတ်ထဲတွင် အတော်ကျေနပ်မှု ကျွန်တော်သည် မြစ်ကိုရှုသည့်ကာ တပ်ရင်းရုံးဆီသို့ ခတ်သုတ်သုတ် နှင်ခဲ့လေသည်၊ တပ်ရင်းရုံး တနေရာတွင် ရှမ်းဘောင်းဘီရှည် ပဝ်နီ တိုက်ပုံအတေ အကြမ်းစားကြီးများ ဝတ်ဆင်၍ ခေါင်းတွင် ပျော့ခမောက်ကိုယ်စီ၊ ဓါးလွယ်ကိုယ်စီ၊ လွယ်ထားသော တောင်ပေါ်သားနှစ်ဦးနှင့် ကျွန်တော်၏ ထမင်းချက် ဦးနုကို အခန့်သင့်တွေ့ရပါသည်၊ ကျွန်တော်၏အလာကို စောင့်ကြိုနေသော တာဝန်မှူးကြီးသည် ဧည့်သည်များနှင့် စကားပြောရင်း ဆွေးနွေးရင်းသောက်ရန် လဘက်ရည်ကြမ်း တအိုးနှင့် လဘက်ရည် ပုဂံ လုံးများကို ရုံးတာဝန်ခံ ရဲဘော်သို့ အဆင်သင့် ပြင်ဆင်ခိုင်းလိုက်၏။

"ကဲ...ဦးနု ဒီဘက်ကို ဧည့်သည်တွေ ခေါ်ခဲ့ပါ အေးအေးဆေးဆေးစကားပြောရင်း လဘက်ရည်ကြမ်းသောက်ကြရအောင်"

ကျွန်တော်ကပင် စတင်၍ဖိတ်ခေါ်ကာနေရာ ထိုင်ခင်းများ ချထားပေးလိုက်ပါသည်။

အသက်သုံးဆယ် ကျော်ကျော် ခန့်ရှိမည့် တောင်ပေါ်သား ဧည့်သည်နှစ်ဦးသည် ရိုရိုသေသေနှင့် ကျွန်တော်နှင့် မျက်နှာမူရာ ကုလားထိုင်များပေါ်သို့ ဝင်ထိုင်လိုက်ပါသည် ဦးနုက စတင်၍...



"မနက်က ဈေးထဲသွားတဲ့အခါ မှာ သူတို့နှစ်ယောက်က ဟိုဘုန်းကြီးကိုလိုက်ရှာနေတာတွေ့ရတယ် ဗမာလို ကောင်းကောင်း မတတ်ဘူး၊ ရှမ်းနဲ့ ကရင်နီစကားတော့ပြောတတ်တယ်ဗျ၊ ဈေးထဲကဟိုလူမေး ဒီလူမေးနဲ့ လုပ်နေတုန်း အခန့်သင့် ကျွန်တော်နဲ့ သွားတွေ့တော့ ကျွန်တော်က ရှမ်းလိုရောပြောလိုက်မှ သူတို့ဘုန်းကြီးကို လိုက်ရှာနေတာသိရတယ်..."

လဘက်ရည်ကြမ်းနှစ် ပုဂံ ကိုယ်တိုင်ငှဲ့ကာ တည်ခင်း ဧည့်ခံလိုက်ပြီး

"သူတို့ဘယ်ကလာကြသလဲဦးနု၊ ဘာလူမျိုးတွေလဲ၊ သူတို့နာမယ်ကို မေးစမ်းပါဗျာ ဘယ်နယ်ကဆင်းလာသလဲ"

ဦးနုသည် ရှမ်းဘာသာဖြင့် ရောနှော၍ မေးမြန်းသည်တွင် နှစ်ဦးသားသည် သွက်လက်စွာဖြင့် ချောချောင်ချောင် ပြန်၍ပြောကြသည်။

"နှစ်ယောက်စလုံးက ရှမ်းနဲ့ ကရင်နီနဲ့ စပ်ပြီးမွေးတဲ့ တောင်ပေါ်သားတွေဗျ...ပျဉ်းမနားအရှေ့ဘက်ကစပြီးကယားပြည် နယ်လွယ်ကော်အထိ လူမျိုး သန့်သန့် စစ်စစ်ရယ်လို့ သိပ်ရှာမရဘူး....ကရင်နီထဲမှာဆိုရင်လဲ လူမျိုးစုအမျိုးမျိုး ကွဲနေတယ် သူတို့က ဒီကခြောက်ညအိပ်ခရီးဖြင့် သွားရတဲ့ "ဘေးဆိုင်း" ရွာကြီးက၊ နယ်ပယ်ကတော့ ဖယ်ခုံနယ်တဲ့၊ ကရင်နီစော်ဘွားအုပ်ချုပ်ပေါ့ ဟောဒီက ပိန်ပိန်လူက "ကုဝိန်" တဲ့ ဟောဒီက အသားညိုညိုလူက "တမော့" တဲ့ ကရင်နီ နာမည်တွေဗျ၊ ဗမာလိုဆိုရင် ပဒေါင်းလူမျိုးပေါ့...."

"လာတဲ့ကိစ္စ၊ ဘုန်းကြီးနဲ့ ဘယ်လို ပါတ်သက် သလဲ ဆက်မေးပါဗျာ..."

ဦးနုသည် ရှမ်းဘာသာဖြင့် သွက်လက်စွာမေး၍ မေးမြန်းသည်တွင် ခရီးသည် နှစ်ဦးသည် လဘက်ရည်ကြမ်း တခွက်စီ သောက်ရင်း ဦးနု မေးသမျှကို စိတ်ရှည် လက်ရှည် ဖြေကြားနေကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းတော်ကြီးဟာ သူတို့ရွာက ခေါင်းဆောင်ရဲ့ အကိုတဲ့ ဘုန်းတော်ကြီးဆီမှာ အလွန်အဘိုးတန်တဲ့ ပစ္စည်းတခု ပါသွားလို့ သူတို့ ဒီလောက် ဒုက္ခခံပြီး လိုက်ရှာနေတာတဲ့ ဗိုလ်မှူး...."

ကျွန်တော်သည် "အဘိုးတန်ပစ္စည်း" ဆိုသောစကားကို ကောင်းစွာနားလည် သဘောပေါက်မိပါသည်၊ ထို့ကြောင့် ကျွန်တော် သိချင်သေးသော အချက်အလက်များရှိနေသည့်အတွက်.....

"မေးဗျာသူတို့ ဘုန်းကြီးဘယ်ရောက်သွားတယ်ဆိုတာ ကျုပ်တို့ သိတယ်ပြောမယ်ကျုပ်တို့သိချင်တဲ့အချက်အလက်တွေအစုံပြောခိုင်း သဘောတူရဲ့လားလို့ မေးဗျာ....ခင်ဗျား မိတ်ဆွေတွေ...."

ဦးနု၏ စကားကမ်းလှမ်းချက် ကုဝိန်နှင့် တမော့တို့သည် အတန်ကြာမျှ တယောက်ကို တယောက်ကြည့်ကာ တိုင်ပင်နေကြပြန်သည်ပြီးမှ ရှမ်းဘာသာဖြင့်ပြန်၍ ပြောလိုက်ကြ၏။

"သူတို့ သိသမျှတော့ ပြန်ပြောကြမယ်တဲ့ သူတို့ လူကြီးတွေ သိတာတော့ သူတို့မသိလို့ ပြန်မပြောနိုင်ဘူးတဲ့ ဗိုလ်မှူး...."

"ဟုတ်ပြီဗျို့....အဲဒီ ဘုန်းကြီးဟာ အရင်စိတ်ကောင်းရဲ့လား.... ပြီးတော့ ဘုန်းကြီးဆီက ပစ္စည်း ရာဇဝင် ဘယ်ကရသလဲဆိုတာ တိတိကျကျမေးဗျာ"

ခရီးသည် နှစ်ယောက်သည် ဦးနု၏ မေးမြန်းချက်ကို ဆုတ်ဆိုင်းဆိုင်း လုပ်နေပြီးမှ တလုံးခြင်း စဉ်းစားကာ ပြန်ဖြေကြားပါသည်။

"ဘုန်းတော်ကြီးဟာ အရင်က သိက္ခာသမာဓိနဲ့ ပြည့်စုံတဲ့ အဲဒီတောင်ပေါ်တစိုက်မှာ လူအကြည်ညိုများတဲ့ သြဇာရှိတဲ့ ဘုန်းကြီးတဲ့ အရင်က စိတ်သဘော အားကြီးကောင်းတယ် သမာဓိရှိတဲ့ ပုဂ္ဂိုလ်တဲ့ ဒါပေမဲ့ သူတို့ခေါင်းဆောင်ဖြစ်တဲ့ ဘုန်းတော်ကြီးရဲ့ ညီတော်သူရဲ့အလွန်အဘိုးတန်ပစ္စည်းကို ဘုန်းတော်ကြီးတာ တိတ်



တိတ်ခိုးပြီး အောက်ကျင်းဒေသကို ပြေးလာလို့ သူတို့ နောက်ကသတင်းစုံစမ်းပြီး လိုက်လာခဲ့ကြတာဘဲ"

"ပြီးတော့....ဒီပစ္စည်းကို ရပုံက သူတို့လူမျိုးစုတွေနေတဲ့ နယ်ပါယ်ထဲမှာ "ကသောင်း" ခေါ်တဲ့ တခြား လူမျိုးစု တဖွဲ့ရှိတယ် အဲဒီက ကသောင်း လူမျိုးတွေဟာ လယ်ယာ သိပ်မလုပ်ဘူး...အမဲလိုက်တယ် တောင်ပေါ်က အဘိုးတန်ကျောက်သွေးတို့ ကျောက်သံပတ္တမြားတွေနဲ့ ဆေးမြစ်တွေရှာရောင်းတဲ့ အလုပ်ဘဲ လုပ်နေကြသတဲ့၊ တနေ့မှာ ခုလာတဲ့ လူတွေနေတဲ့ ဘော့ဆိုင်းကို အမဲကျုပ်တင်ခြောက်လာရောင်းတဲ့ ကသောင်းလူမျိုးတယောက်ဆီ သတင်းထူးတခုကို ဘော့ဆိုင်း ခေါင်းဆောင်က ရသတဲ့ အဲဒီသတင်းဟာ ကသောင်း လူမျိုးတွေလက်ထဲမှာ အလွန်တန်ဘိုးရှိတဲ့ တန်ခိုးကြီးတဲ့ ကျောက်ဖြူရုပ် တရုပ်ရှိကြောင်း ၎င်းအရုပ်၏ တန်ခိုးကြောင့် မိုးလေဝသမှန်ခြင်း ရပ်ရွာ၌ ဘေးဥပဒ်မကပ်နိုင်ခြင်း၊ နတ်စုန်းမဘမ်းစားနိုင်ခြင်း၊ လပ်လာဘ ပေါများခြင်းစတဲ့ တန်ခိုးတွေရှိကြောင်း သိရတယ် ဒါကြောင့် ခတ်တိုတိုပြောရရင် သူတို့ ဘော့ဆိုင်း နယ်သားတွေဟာ တနေ့မှာ လက်နက်တွေ အားကိုးနဲ့ ကသောင်းရွာကို ဝင်စီးပြီး လူကြီးပိုင်း ကို အမိဖမ်းပြီး နည်းအမျိုးမျိုးနဲ့ ညှင်းပန်းပြီး အဲဒီတန်ခိုးကြီးတဲ့ထူးဆန်းတဲ့ ကျောက်ဖြူရုပ်ကို အရတောင်းခဲ့တယ် ညှင်းပန်းမှုဒဏ်ကို မခံနိုင်တဲ့ အဆုံးမှာ ကသောင်း လူကြီးတွေဟာ သူတို့ရွာဦးမှာ ဝှက်ထားတဲ့ ကျောက်ဖြူရုပ်ရှိရာကို ညွှန်ပြ လိုက်ရှာကြတယ် ရွာသားတွေ ဘာသိ လိုက်ပြီး ယူမပေးကြသလဲလို့ မေးတော့ အဲဒီအဘိုးကြီးရုပ်ကို ရွာသားတွေ လက်ဖျားနဲ့ အသားနဲ့ မထိရဲဘူးတဲ့ အကျော်ဖြူ ဒါမှ မဟုတ်ရင် သက်န်းစနဲ့ ပါတ်ပြီးမှ ကိုင်ဝန့်တယ်ဆိုဘဲ အရုပ်က အားကြီး တန်ခိုးကြီးသတဲ့ သူတို့ခေါင်းဆောင်လဲ လောဘဇော

www.burmeseclassic.com

တိုက်ပြီး အဲဒီအရုပ်ကို ပတ်ထားတဲ့ အဝတ်ဖြူကို ဖြီးပြီး အရုပ်ကို အရည်ဆွဲပြီးယူခဲ့တယ် ဒါကြောင့် ရွာရောက်လို့ ဘာမှ မကြာဘူး— သူတို့ခေါင်းဆောင်ရဲ့ အာဏာဟာ ရုတ်တရက် ကောက်ရသလိုမျှားပြီး ချက်ခြင်း သေတာဘဲ၊ ရွာထဲက စက်ရော-လူရော အဲဒီညမှ ကျားဝင် ဆွဲတာဘဲ ဆိုဘဲ၊ ဒါနဲ့ ခေါင်းဆောင်လုပ်တဲ့လူက ကြောက်ပြီး အိမ်မှာ မထားရဲဘဲ နောင်တော်ဖြစ်တဲ့ ဘုန်းတော်ကြီးကျောင်း ပို့လိုက်ရော ခုနှစ်ရက်အတွင်းမှာ ဘုန်းတော်ကြီးဟာ အရုပ်တို့ တပါတည်းပြီး အောက်ကျဉ်းဒေသကို ပြေးလာခဲ့တာဘဲ၊ ကဲ...ဒီမြင် ဘာသိချင်သေးသလဲ သူတို့ကတော့ သိသမျှ အကုန်ဖွင့်ပြော နေခဲ့ ပြီဗျို့...”

ကျွန်တော်သည် ဘုန်းတော်ကြီးနှင့် ကျွန်တော်တို့ စတင်တွေ့ ခဲ့ပုံ ဂျပန်များလက်တွင်းမှ ကယ်တင်ခဲ့ရပုံ ဘုန်းတော်ကြီး စိတ်မနှံ့ ဖြစ်နေပုံ များနှင့် တကွ သေနတ်ပြီးကြောင်း ကိုယ်တွေ့မျက်မြင်တွေ့ကြုံရပုံများကို ဦးနုမှ တဆင့် ရှမ်းဘာသာဖြင့် ပြန်၍အပြောခိုင်းလိုက်ပါသည်။ ညီသည့် နှစ်ဦးသည် ဦးနု၏ ဇာတ်ကြောင်းပြန် ချက်ကို တအံ့သြသြနှင့် ခေါင်းတငြိမ့်ငြိမ့် နားထောင်နေကြရှာ၏။

ထိုနောက် ကျွန်တော်က ဆက်လက်၍ တနင်္ဂနွေတွင် ဘုန်းတော်ကြီးပျောက်သွားပုံ လိုက်ရှာကြည့်ရာ၌ ရေနီမြို့အနီး ရွာတန်းရှည် ရွာ ဇရပ်ပေါ်၌ ပျံလွန်တော်မူနေပုံ ကိုတွေ့ရကြောင်း ကျောက်ဖြူရုပ်ကို မတွေ့ရကြောင်းပါ ဆက်လက်၍ ဦးနုအား ပြောခိုင်းလိုက်သည်။

ဦးနု၏ ပြောပြချက်ကို ပါးစပ်အဟောင်းသားဖြင့် နားထောင်နေကြသော တောင်ပေါ်သား နှစ်ဦးသည် စိတ်တသပ်သပ်ဖြင့် ဘုန်းတော်ကြီးအတွက် ဂရုဏာမကင်းပုံ ပေါ်လွင်နေကြပါသည်။ နေ့ခက်ဆုံး၌ ၎င်းတို့ခေါင်းဆောင်၏ တာဝန်ပေးချက်အရ၊ ဘုန်း



တော်ကြီးပျံလွန်တော်မူရာ ရွာတန်းရှည်ရွာသို့ ၎င်းတို့ကိုယ်တိုင်လိုက်လန်၍ ကြည့်ရှုစစ်ဆေးပါမည်ဟု ပြောကြပါသည်။

၎င်းတို့နှစ်ဦးသည် ကျွန်တော့်အား ကျကဲ့သို့ ဆရာဦးကြီးမှ ပြောပြသည့်အတွက် အလွန်ထရာကျေးဇူးတင်ကြောင်းကို ပြောကြားကာ ၎င်းတို့ဒေသသို့ အလယ်အပတ် တခေါက် ကြွရောက်ပါမည့် အကြောင်းဖိတ်ကြားကာ ၎င်းတို့ နာမည်များနှင့် မျက်စေ့မျက်နှာကို မှတ်သားထားရန်ကိုပါ ပြောကြားကြပါသည်။ ကျွန်တော်သည် အသားဖြူဖြူပိန်ပိန်နှင့် ညာဘက်မျက်ခုံးပေါ်၌ အမာရွတ်နှင့်လူသည် ကုဝိန် ဖြစ်ကြောင်းနှင့်တကွ၊ အသားညိုညိုဘယ်ဘက်မေးရိုးတွင် အမှတ်နှင့်လူသည် တမော့ဖြစ်ကြောင်းကို အရကျက် မှတ်ထားမိပါသည်။

ထူးဆန်းလှသော အဘိုးကြီး တယောက်၏ ထင်ရှား လှသော သဏ္ဍာန်နှင့်ကျောက်ဖြူရုပ်တဖက်ကနှစ်သက်တန်ဘိုးထားသယောက် အခြား တဋ္ဌာနအနေဖြင့် ကျောက်ဖြူရုပ်ကို မျက်နှာခြင်းမဆိုင်းဝန့် အောင်ကြောက်ရွံ နေသော ဘုန်းတော်ကြီး၊ ထိုနောက်မှ အရိပ်လို ထက်ချပ်မကွာ လိုက်ပါလာသော အထောက်တော် ခရီးသည်နှစ်ဦး၊ စသည့်ဖြစ်ရပ်များသည် ကျွန်တော်၏ ခေါင်းထဲ၌ အမှတ်တင်ထင် ကျန်ရစ်ခဲ့ မှတ်သားမိခဲ့ပါတော့သတည်း၊ ကျွန်တော်၏ တသက် တာတွင် ‘ဖြိုးဆေး’ အဏ္ဏာအကွယ်ဆေး ဟူသမျှတို့၌ သိမ်းကြုံး၍ အထင်သေးခဲ့သမျှ အဝတ်မပါဗလာ ကိုယ်ထဲ အဘိုးကြီးသဏ္ဍာန် ကျောက်ရုပ် ကလေးကျမှ ရိုင်ဖယ်ရော စက်သေနတ်ပါ အချက် တလေမှ မီးမကူးတမ်း ဖြိုးနေသည့် ကိုယ်တွေ့ကြုံရသည်ဟာဝ ဆင် ခဏ်းစာကို ကျွန်တော်သည် မကျေနပ်သော လူနှင့်သဘာယ် အမြန် တလဲလဲ အခါခါကောင်း မိရာ တော်ခဲ ခရော်အငေလေးများလေသ်

www.burmeseclassic.com

www.burmeseclassic.com

'ပြီးဆေး' အဘယ်ကြောင့် စွမ်းသည် မစွမ်းသည်၊ ရှိသည် မရှိသည်ကို ပြန်လှန် စဉ်းစားခဏ်းထုတ်နေမိပါတော့သည်။

"သတင်းဆိုးနှင့် ရန်သူ၏လှုပ်ရှားမှု"

မိုးသည်းအကုန် ဆောင်းအကူးပေမို့ ကောင်းကင် တစိုက်သည် ပြာသိုလိုလို မြူသလိုလိုနှင့် လှပတင့်တယ်နေတော့၏။

ရှီကန်....ရှီကန် အသံများဖြင့် ပျံဝဲကာ အစာရှာကြသော စွန်များ၏ ကောင်းကင်ပြာထဲတွင် လှုပ်ရှားမှုများ....

မြစဉ်ရိုးထိပ်ရှိ ဂန်းဂေါပင်ပေါ်မှ ကူနေသော ဂျိုးနှစ်ကောင်၏ အချီအချ တွန်းသံများသည်လည်းကောင်း....

လေကလေးသိမ့်လိုက်တိုင်း ရနံ့တွေဖြာကာ ဂန်းဂေါပန်းရနံ့များသည် အိပ်ရာတွင်းမှ နိုးကာစ ကျွန်တော့်အား နှုတ်ဆက်ခရီးဦးကြိုနေတော့၏။

အိမ်ရှေ့ခမ်းတွင် ကျွန်တော်၏ ဖေဖေနှင့် မေမေတို့သည် စောစောစီးစီး လက်ဖက်ရည်ကြမ်းသောက်ရင်း စကားပြောနေခိုက်ပင်....

"အရှေ့တောင်ပေါ်မှာလဲ ဘာရုတ်ဘရက်နဲ့ သတင်းတွေကြားရတယ်၊ အောက်ကျဉ်းက ကွမ်းထမ်းတွေနဲ့ ဈေးသည်တွေတောင် တောင်ပေါ်မတက်ရဲကြတော့ဘူး..."

ကျွန်တော့် မေမေ၏ ပြောကြားသည့်စကားသံသည်ကျွန်တော့်အား ထိပ်ကနဲ တပ်လှန့်၍ နှိုးလိုက်ပါသည်၊ နယ်ပယ်မငြိမ်မသက်ဖြစ်လာလျှင် အမိကတာဝန် ကျွန်တော့်တာဝန်ဖြစ်ချေ၏။

"မဟုတ်မဟတ်တဲ့သတင်းတွေထင်ပါတယ် မယ်လွမ်းရယ်...."

ကျွန်တော်၏ဖေဖေသည် အမှတ်မထင် ပြောလိုက်၏....



"တောင်ပေါ်ဒေသမှာ ရှမ်းဓါးပြတွေ ထနေသတဲ့၊ ကရင်ရွာတွေလဲ ဖွတ်ဖွတ်ကျေနေပြီးဆိုဘဲ၊ ကျုပ်တို့တပည့် ရှေ့ာနဲ့ ငွေ ရင်တို့ လင်ယမား တောင်ပေါ်က မနေ့က ဆင်းပြေးလာခဲ့ရတယ်၊ သူတို့က ငွေကြေး ချောင်လည်တော့ အရေးရှိရင် သူတို့ ထိပ်လာခေါ်မှာ ကြောက်ကြလို့ပေါ့...."

ကျွန်တော်သည် ရုတ်တရက် မယုံကြည်ပါ၊ ဗြိတိသျှနယ်ချဲ့သမားတွေအပြေး ဂျပန်အဝင်ကာလတွင် လူတွေအဘို့ အကြီးအကျယ် စိတ်ဓာတ်ခြောက်ခြားကာ တွေ့ရာထင်ရာတွေ စွပ်ပြောကြသည်ထိုစွပ်ပြောကျရာမှဘေးနားကနါးစွန်းနားဖျားကြားသူတွေက ရောမသတင်း အကြီးအကျယ်ဖြစ်ပေါ်လာတော့သည်၊ စကော တချပ်ကြောင့် ပြည်ပျက်ရသည့် ကိန်းသို့ ဆိုက်မည့်သဘောမျိုးရောက်နေတော့သည်၊ မည်သူ့ကိုမျှ အပြစ်တင်စရာမလို အရင်းစစ်လိုက်လျှင် နယ်ချဲ့သမားချင်း စားခွက်လုရာက စစ်မီးမွေးကြသည်၊ စစ်ခေတ်ဆိုးကြီးကိုသာ ပြတ်ပြတ်သားသား အပြစ်တင်ရပေမည်။

"ဟုတ်တယ်ဆရာကြီးရယ်....၊ ဈေးထဲမှာလဲ လူတကာပြောနေကြတယ်၊ မြို့အရှေ့ဘက်မြစ်နားက ရွာတွေတောင် ညည့်ဆိုးတွေ ကောင်းမအိပ်ရဲကြဘူးဆိုဘဲ...." ...ခရီး အစီ

ဦးဘိုးဟန်သည် ကြားဝင်၍ ထောခံပြောဆိုပြ ...င်တန်း ထူထပ်မှု ကကြောက်စရာရှိလျှင် တွေ့ကရာ မစဉ်းမစားကြေ ...ားမား အခြေခံ စရာရှိလျှင် ကမ်းကုန် လမ်းကုန် ပျော်ကြပုံတို့ကို ...အခက်အခဲ တော် စားရင်း ပြုံးမိပါသည်။ ...း အခြေအနေက

...တောင်အကြောက်

"ရှမ်းဓါးပြက လူမနည်းဘူး တဲ့....၊ လက်နှ ...ပြးကြဘို့ ခြေလမ်း ဆိုဘဲ၊ သေနတ်ပြီးသတဲ့၊ ဒီဘက်ဆင်းလာရင်ပေ တပည့်နဲ့ တွေ့ရမှာဘဲ...."

www.burmeseclassic.com

www.burmeseclassic.com



ဦးအိုးတန်လည်း ရှေ့ရေးကို စဉ်းစားမိပုံ ပြောလိုက်ပါသည်။ ကျွန်တော့် အနေဖြင့်ငှင်းတို့ပြောသမျှကိုအသာကြိတ်၍ နားထောင်နေမိ၏။

ရှတ်တရက်ထဲ၌ မေးမြန်းခဲ့ပါလျှင် အသေးအဖွဲ့မှ အရေးကြီးခွန်းကျယ် ပြဿနာသို့ ဖြစ်စေမည်ကြောင့် မကြားချင်ဟန်ဆောင်ကာ ကျွန်တော်၏တပ်ရင်းရုံးမှ ထောက်လှမ်းရေး တာဝန်ခံများကို ၎င်းကိစ္စမှန် မမှန် ထောက်လှမ်းစုံစမ်းရန် တာဝန်ပေးရပေမည်။

"တိုင်းပြည်ကလဲ ဘယ်တော့မှအေးပါ့မလဲ၊ ဘယ်နေရာဖြစ်ဖြစ် စိတ်မချရဘူး ဆိုသလို ဖြစ်နေပြီး....."

ကျွန်တော်၏မေမေသည်ကြားရသည့် သတင်းကြောင့်စိတ်မချမ်းသာပုံ အသံဖြင့်ပြောလိုက်ပါသည်၊ အိမ်အောက်ထပ်မှ ရဲဘော်ကျော်မှိုင်၏ ကျွန်တော်စီးနင်းကာ တပ်ရင်းရုံးသို့ သွားမည့် မြင်းကို ပြင်ဆင်သံများ ကြားရမြန်ပါသည်၊ ထိုကြောင့် ကျွန်တော်သည် စောစော်မနေတော့ဘဲ အိပ်ယာမှ အသာထလိုက်ရပါသည်။

"အရှေ့ဘက်အခြေအနကတော့တော်တော်ဆိုးနေပုံဘဲ ဗိုလ်ရတယ်၊ အောက်က ကရင်ရွာက ရွာသူရွာသားတွေ တော်တော်များ တောင်ပေါ်မတက်ဉ်းက ဝဲကြီး အတိုဆိတ် သစ်ဆိပ်ပင်ရွာတွေကို

ကျွန်တော့် မြေတယ် ကျွန်တဲ့ ကရင်အမျိုးသားတွေလဲ ရက်အား ထိပ်ကနဲ တဘက်ကျဉ်းကို ဆင်းပြေးလာကြလိမ့်မယ် ဓါးပြဖြစ်လာလျှင် အမိုက်တပါတ် လေးရက်တပါတ် ရွာစဉ်လိုက်မွှေ

"မဟုတ်မဟုတ် တွေ သတင်းပို့ကြတယ်၊ မသက်သာတဲ့ ဗမာတွေ

ကျွန်တော်၏ပေ ဆဲ့သတ်ကြလို့ ကမ်းသယ်တွေ ကမ်းထမ်း

ပေါ် တို့တယောက်မှ မတက်ရဲကြဘူး....တောင်

ခဲ့တဲ့ ကရင်အမျိုးသားတွေ အဘိုးလိ မြို့ကငါးပိ



ဆား-ဆီအစရှိတဲ့ ဈေးကုန်တွေ လာရောင်းရဲတဲ့ ဈေးသည် မရှိလို့ ရိက္ခာပြတ်ကုန်ပြီ"

တပ်ရင်း ထောက်လှမ်းရေး တာဝန်ခံ ဗိုလ်ငွေရှင်သည်၊ ကျွန်တော်၏ တာဝန်ပေးချက်အရ အရှေ့တောင်ခြေ ဒေသသို့ သွားရောက်၍ သူပုန် ခေါင်ခေါင် ဓါးပြခေါင်ခေါင် ယခုလတ်တလော အတွင်း လှုပ်ရှားလာသည့် လက်နက်ကိုင် တောင်ပေါ်သား လူဆိုးဂိုဏ်းများနှင့် ပါတ်သက်၍ ၎င်းကြားသိခဲ့သမျှကို တပ်ရင်းအရာရှိအစည်းအဝေးတွင် တင်ပြ ဆွေးနွေးနေကြောင်း ဖြစ်ပါသည်။

ဗိုလ်ငွေရှင်သည် ဆက်လက်၍ အစီရင်ခံပြန်သည်မှာ....

"တောတောင် အခြေအနေအရနဲ့ လူမျိုးငယ်များ အခြေအနေအရ ခု-စတင်လှုပ်ရှားလာတဲ့ ဓါးပြဂိုဏ်းကို ကျွန်တော်တို့အမြန်ဆုံးသုတ်သင်ရှင်းလင်းပစ်ဘို့ လိုပါတယ် ဒါမှ မဟုတ်ရင် သူတို့လှုပ်ရှားသောင်းကြမ်းလာမှုကို ဒီအတိုင်း ဆက်လက်ပြီး ပစ်ထားရင် သူတို့အင်အားဟာ ပိုမိုပြီး ကြီးထွား လာနိုင်ပါတယ်၊ အင်အားစုသေးငယ်တုံးမှာ ပိုင်ပိုင်နိုင်နိုင် စတင်ပြီး သုတ်သင်ပစ်မှ နယ်လူထု အခြေအနေရော နောင်ဆက်လက် လှုပ်ရှားလာချင်တဲ့ လူဆိုးတွေ အဘို့မှာရော ခေါင်းမထောင်ဝံ့မယ် ချီတက် သုတ်သင်ရေး အစီအစဉ်အတွက် ခရီးလမ်းပန်းက မသာယာမှု တောင်တန်း ထူထပ်မှုတွေကြောင့် တကြောင်း စခမ်းချဘို့ ကြီးကြီး မားမား အခြေခံကျေးရွာကြီးတွေက မရှိမှုကြောင့် ကျွန်တော်တို့ အခက်အခဲ တော်တော် များများ တွေ့စရာရှိပါတယ်၊ နောက်ဆုံး အခြေအနေကတော့ အောက်ကျဉ်းမြေပြန့်ဒေသဗမာရွာတွေကိုတောင်အကြောက်ခါတ်တွေ ကူးလာပြီး မြစ်အနောက်ဘက်ရှေ့ ပြေးကြဘို့ ခြေလှမ်းပြင်နေကြပြီ...."



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ အဘို့ အရေးမယူလျှင် မဖြစ်သည့် အခြေအနေသို့ ဆိုက်ရောက်လာကြောင်းကို ရိပ်မိလိုက်ပါသည်။

ထိုနောက် နယ်စီး ရဲဝန်ထောက်က ထဲ့ရှင်းတို့ ရဲဌာနာမှ ရရှိခဲ့သည့် သောင်းကျန်းသူများ၏ အင်အားနှင့် လှုပ်ရှားမှုအခြေအနေ အဆက်အသွယ်စသည့် သတင်းများကို အစီရင်ခံပြန်သည်။

"တောင်ပေါ်မှာ လှုပ်ရှားနေတာ ရှမ်းထွန်းဂိုဏ်းက ပဋ္ဌမ၊ ပြီးတော့ ဂိုဏ်းခွဲကလက်တို ငပေါ်လို့ ခေါ်တဲ့ ရှမ်းငပေါ်ဂိုဏ်း စုစုပေါင်း နှစ်ဂိုဏ်းရှိတယ် လူအင်အားက တရာက တရာ့ငါးဆယ် အတွင်းမှာ ရှိတယ် လက်နက်က စက်သေနတ် သုံးလက် ရိုင်ဖယ်နဲ့ ကျူမီ သေနတ်တွေ ကိုင်ကြပါတယ် စစ်ပညာအခြေခံမရှိတဲ့ စီးပွားရေး ဆန့်သန် ဓါးပြဂိုဏ်း ဖြစ်ပါတယ်၊ ရွာတွေမှာ ဓါးပြတိုက် လူသတ် အမျိုးသမီးတွေ မုဒိန်းကျင့်နဲ့ အတော် သောင်းကျန်းနေကြတယ် အမြဲတန်း ဆက်ကြေး ပေးရတာက ပြီးတော့ ရွာတွေက ကြေးရတတ် ပုဂ္ဂိုလ်တွေဆီက ရသမျှ ပိုက်စိတ်တိုက်ပြီး ငွေညှစ်လေ့ရှိတတ်၊ သူတို့လှုပ်ရှားမှုက တောင်ပေါ်ဒေသ ပဒေါင်ကိုးရွာ နယ်ပယ်နဲ့ တောင်ဘက်ကို ရေနီနယ်အဆုံးနဲ့ မြောက်ဆိုရင် ပျော်ဘွယ်မြို့နယ်အဆုံးဘဲ"

ကျွန်တော်သည် ရဲဝန်ထောက် ဦးတင်အောင်၏ တင်ပြချက်ကို နားထောင်ရင်းနှင့်စတင်၍ လိုက်လန် ရွာဖွေခြင်း၊ တပ်ဖြန့်ရမည့် ဒေသနယ် မြေ၏ ကျယ်ဝန်းမှုကို မှတ်သားမိပါသည်၊ ဤတွင် ရှီး အုပ် ဗိုလ်ကြီး ကျော်အောင်ကထ၍.....

"ဒီကောင်တွေ အခြေခံစခမ်း ဘယ်မှာထားတယ် ကြားရသလဲ ပြီးတော့ ရှမ်းပြည်နဲ့ ကရင်နီပြည်ကို ဘယ်ကနေပြီး သူတို့က လက်နက်ခဲယမ်းတွေ ထောက်ပန့်နေသလဲ ဦးတင်အောင်...."



"အမှန်အတိုင်း အစီရင်ခံရရင် ခုအခြေအနေမှာတော့ ရှမ်းပြည် ရော ကရင်နီပြည်ရောဟာ အုပ်ချုပ်ရေးဘက်မှာ ပိုင်ပိုင်နိုင်နိုင်မဖြစ် သေးပါဘူး....မအေးချမ်းသေးပါဘူး....ဒါကြောင့် ဘယ်နယ်က ဖြစ် ဖြစ် ဒီအကောင်တွေအတွက် လက်နက်ရော ရိက္ခာရော လိုချင်တဲ့ ဘက်ကယူရင် ရနိုင်ပါတယ် ကျွန်တော်တို့ နောက်ဆုံး ကြားရတဲ့ ရရှိတဲ့ သတင်း အစိုင်း ဆိုရင် ရှမ်းထွန်းအဖွဲ့ဟာ တောင်ပေါ် မှာရှိတဲ့ အကြီးဆုံး ရွာကြီး "ပတ်ခေါင်" မှာ အမြဲတမ်းလိုလို ခိုကပ်စခမ်းချနေတဲ့ သတင်းရပါတယ်"

ကျွန်တော်တို့သည် နံရံ၌ ကပ်ထားသော ပျဉ်းမနားခရိုင် မြေပုံကြီးကို လှမ်း၍ ကြည့်ကာ "ပတ်ခေါင်" ကျေးရွာကို ရှာဖွေပါသည်၊ ပျဉ်းမနား အရှေ့ နယ်အဘို့ ကျေးရွာများ ရှာဖွေရာ၌ များစွာ မခက်လှပါ ပျဉ်းမနား အနောက်နယ်၌ ကျေးရွာတွေပေါ များသလောက် ပျဉ်းမနားအရှေ့ဘက်၌ မြစ်ကူးပြီးလျှင် တောင် ခြေ၌ ရှိသည့် ဗမာ ကျေးရွာများမှအပ တောင်ပေါ် ဒေသတွင် ကရင်ရွာ စုစုပေါင်း ဆယ်နှစ်ရွာထက် မများသော ကျေးရွာသေး သေး များနှင့် ပျဉ်း မနား နှင့် ကရင်နီ နယ်စပ် တလျှောက် ရှိ "ပဒေါင်း" ကျေးရွာများကိုလည်း ခတ်ကြဲကြဲ တွေ့မြင်နိုင်ပေသည် မြေပုံကြီး၏ အရှေ့ဖျား ကျကျ ဗမာပြည်နှင့် ကရင်နီပြည်နယ် စပ်ရွာများ အနက် အလယ်ဗဟိုကြသော "ပတ်ခေါင်" အမည်ရှိ ကျေးရွာကိုတွေ့ရပြီး ကျွန်တော်သည် ခဲတန်အနီဖြင့် ဘေးကဝိုင်း ၍ ထားလိုက်သည်၊ ပတ်ခေါင် ရွာနှင့် တရွာကျော်တွင် မူကား ဘုန်းကြီးပျော့က် လိုက်ရှာလာသော ကုဝိန်နှင့် တမော့ အမည်ရှိ တောင်ပေါ်သားများ၏ နေရပ် ဘွေးဆိုင်း ရွာကြီးကို တွေ့ရပါ သည်၊သို့ရာတွင် ဘွေးဆိုင်း ရွာကြီးသည်ဗမာပြည်နယ်ဘက်၌ ပြီး ပတ်ခေါင် ရွာကြီးမှာ ကရင်နီနယ်ဘက်၌ ထီးထီး မားမားထွေ

www.burmeseclassic.com

www.burmeseclassic.com



နေရပြန်သည်။

မှည်းညှာ မဖြောင့်တန်းသော ဗမာပြည့်နှင့် ကရင်နံပြည် နယ်ခြားအဖြစ် သတ်မှတ်သည်နှင့် နိမိတ်ကြောင်းတလျှောက်၌ ရွာခုနှစ်ရွာကို မှတ်သားသတိပြုမိပါသည်၊ မြေပုံပါ အတိုင်း အထွာအရ တရွာနှင့် တရွာ အနီးဆုံး ငါးမိုင်ဖြစ်၍ တချို့ ရွာများမှာ ခုနှစ်မိုင်မှ ဆယ်မိုင်ကျော် အထိ ဝေးကွာနေတော့၏။

ရဲဝန်ထောက် ဦးတင်အောင်သည်၊ ၎င်းရရှိသမျှ ရန်သူ၏ လှုပ်ရှားမှု အင်အားစု အခြေအနေများကို အသေးစိတ် တာဝန် ကျေပြွန်စွာဖြင့် အစီရင်ခံလိုက်ပါသည်၊ ကျွန်တော် အနေနှင့်လည်း စစ်ဌာနချုပ်သို့ အရှေ့နယ် လှုပ်ရှားမှု အတွက် ကြိုတင်၍ သတင်းရလျှင်ရခြင်း ကြေးနန်းဖြင့် သတင်းပို့ခဲ့ယုံမက အစီရင်ခံစာအသေးစိတ်တင်ပို့ခဲ့သည့်တွင် လေးရက်အတွင်း၌စစ်ဌာနချုပ်မှလှုပ်ရှားလာသည့် အင်အားစုကိုရက်ပိုင်းအတွင်း အပြီးအပိုင် သုတ်သင်ချေမှုန်းပစ်ရန် အမိန့်စာ ရောက်ရှိခဲ့ပါသည်၊ နိမ်နင်းရာ၌ လိုအပ်မည်ထင်လျှင်လေကြောင်းမှကင်းထောက်ပေးမှု တောင်ပေါ်ပစ် အမြောက်တပ်အကူအညီကို ဆက်သွယ်ရေးအတွက် ဝိုင်ယာလက် စက်ကလေးများ လိုမလို မေးမြန်း ထားချက် များလည်း အစုံအလင် ပါရှိခဲ့သည်၊ ကျွန်တော်သည် ဤမျှလောက် အများဆုံး နှစ်ရာထက်မပိုမည့် ရန်သူအင်အားစုအား တောင်ပေါ်ပစ် အမြောက်ကို အသုံးမပြုသင့်သည်ကို စဉ်းစားမိသည်၊ ခိုင်လုံသော အကြောင်းအချက်မှာ နှစ်ရာအင်အားစုသည် တနေရာတွင်စု၍ ခံကတုပ်များနှင့် ကျွန်တော်တို့ ခါတက်မှုကို ခုခံကာ (Positional warfare) "အကြီးအကျယ်ခံစစ်" အဖြစ် ခုခံနေမည် မဟုတ်ကြောင်းကို သဘောပေါက်သောကြောင့်တည်း၊ နောက် တကြောင်း ကလည်း ကျွန်တော်တို့သည် အမြောက်ဘပ်တွေ့ လေယာဉ်ပျံတွေ့ အကူအညီ



ဖြင့် စစ်ဆင်ရေးသည် ဟူသော သတင်းကိုသာ မဟုတ်သော ဓါးပြသာသာ ရန်သူအင်အားစုကြားလျှင် ၎င်းတို့ဘာသာ အထင်ကြီးကာ စိတ်ဓါတ်ဘက်ကြွစရာရှိသည်၊ ထိုကြောင့် လေတပ်အကူအညီကိုလည်းကောင်း၊ တောင်ပေါ်ပစ် အမြောက် အင်အားကို လည်းကောင်း၊ ကျွန်တော်သည် ပါယ်ချလိုက်သည်၊ ယခု ကျွန်တော်တို့စစ်ဆင်ရေးမှာ တောင်ပေါ်ပွဲ (Moontain warfare) ဖြစ်၍ ပေါ့ပါးသလောက် လျင်မြန်လှသော စစ်ဆင်မျိုးသာ ဆင်နွှဲသွားရပေမည်၊ ထိုစစ်ဆင်ရေးနှင့် ပါတ်သက်၍ အဝေးမြင်နိုင်သောမှန်ပြောင်းတပ် စက်သေနတ်ကြီးများနှင့် နှစ်လက်မ သုံးလက်မ မော်တာများကို တောင်ပေါ်ပစ် အမြောက်အစား အသုံးပြုရန် ကြိုရွယ်လိုက်ပါသည်၊ သယ်ယူပို့ဆောင်ရေး အတွက် အလွန်တရာအရေးကြီးလှသော လားတပ်ကို အသုံးပြုရန်နှင့် မြစ်အရှေ့ဘက်မှစ၍ အနီးကပ်ဆုံး ချဉ်းကပ်နိုင်သော ကျေးရွာများအထိ ဆင်များကို လည်းကောင်း အသုံးပြုရန် ဆုံးဖြတ်လိုက်သည်၊ ပခုံးထမ်းကူလီများ သုံးရေး အတွက် ကျွန်တော်သည် လက်မခံနိုင်ပါ အကြောင်းမှာ ဂျပန်စစ်တပ်များက ချေးတပ်စတင်ကာ ဆွဲရှိနေ၍ ကျေးရွာသားများ ဒုက္ခရောက်နေသည်ကတကြောင်း တောင်ပေါ်ဒေသ၌ လူသူရှားပါးခြင်းကြောင့် ကျွန်တော်တို့ လိုသလောက်ပခုံးထမ်း လူကူလီရရန် အင်မတန်ခဲယဉ်းနေသည်ကိုပါ စဉ်းစားမိတော့၏၊ ခိုင်လုံသော အကြောင်းတချက်မှာလည်း လားများ ဆင်များကို ပစ္စည်းနှင့် ရိက္ခာသယ်ယူရေးအဖြစ် အသုံးပြုရလျှင် လားရိက္ခာနှင့် ဆင်ရိက္ခာ အတွက် ကျွန်တော်တို့များစွာ မပူရချေ ပခုံးထမ်း လူများနှင့် ရိက္ခာ ပစ္စည်းများ သယ်ယူခိုင်းခဲ့လျှင် စစ်သားအတွက် ရိက္ခာရေး ပခုံးထမ်းလူများအတွက် ရိက္ခာပါ နှစ်ထပ်ကွမ်းရိက္ခာသယ်ယူရမည့် ပြဿနာထိ ကျွန်တော် စဉ်းစားမိသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



တည်း။

ကျွန်တော်တို့ အဓိကထား၍ ရွေးချယ်ရန် ပြဿနာများမှာ တောင်ပေါ်ဒေသ စစ်ဆင်ရေးအတွက် တိကျမှန်ကန်သော တမိုင်နှစ်လက်မမှ သုံးလက်မန္တ း စကေး မြေပုံချပ် များနှင့် သစ္စာရှိသော ယုံကြည်စိတ်ချရသော တောင်ပေါ်ဒေသကို အပ်ကျမတ်ကျ ကျွမ်းကျင်သူ ဘာသာစုံတတ်သည့် စကားပြန်နှင့် လမ်းပြနှစ်မျိုး စလုံးရနိုင်သည့် လမ်းပြများဖြစ်သည်၊ နောက်တချက် အဓိကလိုအပ်ချက်မှာ ဆေးဝါးကောင်းများနှင့် မိုင်းဗုန်းထောင်ရန် ကိရိယာများ မိုင်နှစ်ဆယ်အတွင်း ဆက်သွယ် စကား ပြောနိုင်သော (walking Tulky) စကားပြော ခါတ်ခွက်ကလေး အစုံသုံးဆယ် ဖြစ်ပါသည်၊ လမ်းပြ ကောင်းကောင်း ရှာဖွေရေး၌ ဗိုလ်ကြီးထွန်းသာ (၁) ခွဲမှူး ဗိုလ်ငွေရင် (ထောက်လှမ်းရေးမှူး) နှင့် ရဲဝန်ထောက် ဦးတင်အောင်တို့ကို တာဝန်ခွဲပေးလိုက်သည် ရိက္ခာနှင့် လိုအပ်သော ကိရိယာများ မှာယူရရှိရေးအတွက် ရုံးအုပ် ဗိုလ်ကြီးကျော်အောင်နှင့် ထောက်ပန့်ရေး တာဝန်ခံဗိုလ်ကြီး ရွှေမောင် အဖွဲ့အားလည်းကောင်း ဆေးဝါးနှင့် ပတ်သက်၍ ပြင်ဆင်မှု အတွက် ဆေးမှူး ဗိုလ်ဖေစိန်နှင့် ဆေးကြပ်ကြီး ဝင်းမောင်တို့ အားလည်းကောင်း အသီးသီး တာဝန်ပေးလိုက်သည်။

လောလောဆယ် မြစ်အရှေ့ဘက် ကျေးရွာ လူထု စိတ်ချမ်းသာစေရန် အတွက် တပ်ရင်းမှ တပ်ခွဲ (၁) ကို ကြိုတင်၍ ရှေ့ပြေးအဖြစ် ကျေးရွာများ၌ တပ်စုလိုက်ခွဲ၍ တပ်ဖြန့်ကာ နေရာယူခိုင်းထားလိုက်သည်၊ လိုအပ်သော ကင်းထောက်မှူးများ သတင်းစုဆောင်းမှူးများကိုလည်း ပြုလုပ်ရန် အထူးညွှန်ကြားချက် အမိန့်ပေးအပ်လိုက်ပါသည်။



ကျွန်တော့်မှာ ဦးဘိုးဟန်၊ ကိုဘိုးရှိတို့ သုံးဦးသားသည် ညဉ့်နေခင်းတွင် တချိန်ယူ၍ ဆွေးနွေးကာ လိုအပ်သော ကိုယ်ပိုင်လက်နက်များအဖြစ် ယူသင့်သော လက်နက် များနှင့် ပစ္စည်းများကို ရွေးချယ် သတ်မှတ်ကြပါသည်၊ တောင်ပေါ်၌ အဝေးပစ်ရန်နှင့် တကွ အရေးကြုံလျှင် နီးနီးကပ်ကပ်၌ ချက်ပိုင်ပိုင် သားကောင်ကြီးများကို တချက်တည်းနှင့် ဘုန်းကနဲ လဲကျ ကိစ္စ ချောစေနိုင်သည့် လက်နက်ကြီး သုံးလေးလက် ကိုလည်း ယူဆောင်ခဲ့ကြရန် သဘောတူကြပါသည်၊ ထို့ကြောင့် ကျွန်တော်သည်၊ ကျွန်တော့်၏သေနတ်စင်များမှ....

.၃၀၈.../ဆော်ဗလီရစ်ချပ် ရိုင်ဖယ် တလက်။

.၃၀၃...ဖော်နမ် ရိုင်ဖယ်နှစ်လက်။

.၂၂၂...မက္ဂဇင်း ရိုင်ဖယ် နှစ်လက် (အပေါ့စား အဝေးပစ် ရိုင်ဖယ်မျိုး)

.၃၀၆...ရစ်ဘီမော်ဇာ ရိုင်ဖယ် တလက်။

.၄၅၈...မက်နမ်မက္ဂဇင်း ရိုင်ဖယ်တလက်။

.၅၀၀...နှစ်လုံးပြူးရိုင်ဖယ် တလက်။

.၄၇၀...နှစ်လုံးပြူး ရိုင်ဖယ် တလက်။

.၄၂၅...နှစ်လုံးပြူး ရိုင်ဖယ် တလက်။

.၁၂-ဘိုအော်တိုမစ်တစ် သေနတ်သုံးလက်။

.၁၂-ဘို နှစ်လုံးပြူး နှစ်လက်။

.၄၀၁...ဝင်ချက်စတာ အော်တိုမက်တစ် တလက်။

နှင့်တကွ ကျည်ဆံများပါ စာရင်းရေးမှတ်၍ ကျည်ဆံအိတ် များအတွင်းသို့ ထည့်သွင်းလိုက်ကြသည်၊ ရိုင်ဖယ်တလက်လျှင် ကျည်ဆံ ... ငါးတောင့်မှ တရာ့နှစ်ဆယ်အထိ လည်းကောင်း ၁၂

www.burmeseclassic.com

www.burmeseclassic.com



နှစ်လုံးဖြူး သေနတ်များ အတွက် ကိုးလုံးကျည်ဆံ၊ ခြောက်လုံးကျည်ဆံအတောင့် ခြောက်ရာနှင့် နံပါတ် (၁) နံပါတ် (၄) နှင့် AA.BB အတောင့်သုံးရာတို့ကို ကျည်ဆံသေတ္တာများမှ ထုတ်ယူ၍ "ခရီးထွက်" ကျည်ဆံ စာရင်း၌ ထည့်သွင်းလိုက်သည်။

ညဉ့်ကြည့် မီးမောင်း လက်နှိပ် ဓါတ်မီး သုံးတောင့်ထိုး ငါးတောင့်ထိုး ခုနှစ်လက် ခေါင်းစီးမီးလေးလုံးလက်ဆွဲမှန်အိမ် ခြောက်လုံး၊ အောက်လင်းဓါတ်မီး လေးလုံးနှင့် တကွ တောင်ပေါ် ဒေသတွင် ရက်ရက်စက်စက် ကြောက်စရာ ကောင်းလှသော 'ပိုးလောင်း' ခေါ် ဖြုတ်သတ္တဝါတွေထက် ကိုယ်လုံးသေးပြီး ကိုက်ရာ၌ ယားယံ၍ အနာကြီးများဖြစ်ပေါ်စေတတ်သည့် သွေးစုပ် သတ္တဝါများကို ကာကွယ်ရန် ပိတ်ခြင်ထောင်များနှင့် တကွ စစ်ဌာနချုပ်သို့ အရေးတကြီးမှာကြားရန်ဖြစ်သည့် ပိုးနှင့် ခြင်များ အန္တရာယ်ကာကွယ်စေသည့် လိမ်းဆေးရည်များကို ယူဆောင်ရန် စီစဉ်လိုက်ပါသည်၊ ဦးမင်းဒင်နှင့် ကိုကျော်အေးတို့ ဆင်အုပ်များကို သုံးရက်အတွင်း ဆင်ကောင်ရေ ခြောက်ဆယ်ထက်မနည်း အသင့်ပြင်ထားရန်ကိုသာ အမိန့်ထုတ်၍ ဆက်သား ရဲဘော်များ စေလွှတ်၍ အကြောင်းကြားလိုက်ပါသည်။

အရှေ့ တောင်ပေါ် ဒေသသည်၊ တောကောင် သားကောင် စုံလင်စွာ မြေပြန့်ထက် တွေ့နိုင်ပေသည်၊ မြေပြန့်တွင် လုံးဝရှာမတွေ့ရသော 'မျောက်လွဲကျော်' ကြီးများကို အုပ်လိုက်ချီ၍ တွေ့နိုင်ပြီး ပဲခူးရိုးမ၌ ရှားပါးလှသော တောဆိတ်ကြီးများနှင့် ခွေးတူဝက်တူကောင် (Taper) မျိုးလည်း တွေ့နိုင်ပေလိမ့်မည်၊ ရှမ်းရိုးမ သို့မဟုတ် အရှေ့ရိုးမသည်ပဲခူးရိုးမ ခေါ်သော အလယ် ရိုးမထက် တောတောင်ထူထပ်ယုံမက တောင်တမ်းတွေ ကြီးမားသလောက် မတ်စောက်လှပေ၏၊ ပဲခူးရိုးမချီတက်ရေးမှာ ခရီးလမ်းပန်း မဆိုး



လှချေ၊ ရိုးမကျောပေါ်၌ တခါတရံ လှည်းပင်မောင်းနှင်သွားလာနိုင်၏၊ သို့ရာတွင် အရှေ့ရိုးမပေါ်၌ကား ခက်ခက်ခဲခဲ လူတယောက်စာ သွားလာသော လမ်းပင်တွေ့ရန် ခေါင်းပါးလှပေ၏။

အလယ် ရိုးမထက် ရှားပါးစ ပြုလာသော တောဆင်များ ပြောင်အုပ်များသည်၊ အရှေ့ရိုးမတွင် အုပ်နှင့်ချီ၍ လှုပ်ရှားကျက်စားနေသည် ကြိုတင်ရရှိသည့် သတင်းကြောင့် ဦးဘိုးဟန်နှင့် ကိုဘိုးရင်တို့သည်၊ လက်ယားစပြုနေပါသည်၊ ခရီးလမ်းပန်းမကောင်းယုံမှအပ ရေအတွက်များစွာ စိတ်ချရသည့် တောင်ကျရေနှင့် စမ်းရေများ ချောင်းများသည်၊ နွေခေါင်ခေါင် တပေါင်း၊ တခူးလပင် မခမ်းခြောက်ပေ၊ သို့ရာတွင် တောင်တက် ခရီးကား ကြမ်းလှ၏၊ 'ငုပ်တုပ်တက်' ခေါ် တောင်တက်လမ်းတွေ တောင်တမ်းတွေ မတ်စောက်လွန်း၍ တောင်ကမ္ဘားရံသို့ တလှမ်းခြင်း ချောကာ တက်ရသည့်အတက်မျိုးတွေ ရှိကြောင်းကို ကျွန်တော်သည်၊ တောင်ပေါ်ဒေသသို့ သုံးလေးကြိမ် ရောက်ရှိခဲ့၍ နားလည်ခဲ့ပြီး ဖြစ်ပေသည်၊ ထိုတောင်ဒေသ၌ တောင်ကျရေ သောက်သုံးရာတွင် ကျွန်တော်တို့ ချီတက်တိုက်ခိုက်ရေး တပ်ဖွဲ့ အတွက် အထူးသတိထားရန် လိုသော အချက်တချက်ရှိနေပေသည်၊ ထိုအရေး အခင်းမှာ တောင်ကျရေများ၌ အစာချေညက်ရန် ဓါတ်အားနည်းနေ၍တောင်ပေါ်ရှိ ရွာသားတော်တော်များများ လည်ပင်းကြီးသည့် ရောဂါစွဲကပ်နေ၏၊ တင်ချာအိုက် အိုဒင်း ဓါတ်အားနည်းမှုမှ ကာကွယ်ရန်အတွက် ကျွန်တော်သည် တပ်ရင်းဆေးမှူးကို ကြိုတင်၍လိုအပ်သော စီစဉ်မှုများမှာကြားလိုက်ပါသည်၊ နောက် တချက်မှာ ငှက်ဖျား ရောဂါပင်ဖြစ်သည့် အရှေ့ တောင်ပေါ်ငှက်ဖျားလည်း ပဲခူးရိုးမ (အလယ်ရိုးမ) ငှက်ဖျားနှင့် နံမည်ကြီးခြင်း ယှဉ်ပြိုင်နေသည်၊ ထိုပြင် မရမ်းတောင်းလွှဲပေါက်၊ လေးအိမ်၊ ကျောက်သံပါတ်၊ အစရှိသည့်

www.burmeseclassic.com

www.burmeseclassic.com



ပျဉ်းမနား ဒေသ နယ်မြေတွင် ပါရှိသော တောင်ပေါ် ကရင်များ ရေများစွာ ဒုက္ခရောက်ခဲ့ပုံကို ကျွန်တော် မှတ်သားမိခဲ့သည်၊ ထို့ကြောင့် တပ်ရင်းဆေးမှူးအား ငှက်ဖျား အတွက် ထိုးဆေးများနှင့် စားဆေး ချေးထုတ်ဆေးများကို အသင့်စုဆောင်းပြင်ဆင်ရန် ညွှန်ကြားရပြန်ပါသည်။

တရွေ့ရွေ့ မှိုင်းတိမ်တွေထဲ၌ မလှုပ်ဘမ်း ငြိမ်သက်နေသော မပြောဆောင် ရှမ်းရိုးမတောင်တန်း၏၊ ဘောင်ထွင့်များသည်၊ တန်းစီကာ အထပ်ထပ်နှင့် ကျွန်တော်အား အသင့်ရင်ဆိုင်နေတော့သည် တောင်ခိုးနှင့် ဆီးနှင်းတို့သည်လည်း ကျွန်တော်တို့အားရန်စစ်ဆင်နေသည် ရှမ်းရိုးမ တောင်တန်းကြီးများ၏၊ အကာအကွယ်အဖြစ်နှင့် ရှေ့နှင့် တောင်ခြေ၊ တောင်ထိပ်တို့မှ တငွေ့ငွေ့ မြူးကွန့်ကာ တောင်တန်းကြီးများ၏ မလှုပ်မယှက် သဏ္ဌာန်ကို ဖုံးကွယ်ပေးကြပါသည်။

တာဝန်သည် တာဝန်ဖြစ်ပေသည်၊ တိုင်းပြည်နှင့် တပ်မတော်မှလည်းကောင်း ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော စစ်ဌာနချုပ်မှပေးအပ်သည့် တာဝန်ကို ကျွန်တော်နှင့် တပ်မတော်သားများသည် ဦးလည်မသုန် နောက်မတွန့်တန်း ရဲရဲဝန့်ဝန့် ရဲဘော်ပြုပြု ပြောင်မြောက်စွာ ထမ်းဆောင်ရပေတော့မည်တကား....။

## "ကိုယ်ပျောက်တပ်ဖွဲ့၏ချီတက်နည်း"

တနေ့တာ တာဝန်ထမ်းဆောင်ခဲ့ရသော နေမင်းသည်အနောက်ရိုးမတောင်စွယ်ပေါ်သို့ မေးတင်ကာ နီရဲသောအသွင်ဖြင့် အိပ်ငိုက်စပြုခဲ့ချေပြီ၊ ဖြောင့်တော့တော့ ရောင်နီများသည် ပျဉ်းမနား မြို့အ



ရှေ့ဘက်ပေါင်းလောင်းမြစ် တလျှောက်၌ ချေစီးကြောင်းနှင့် ရောင်ပြန်ဟတ်၍ နေပါသည်။

ကျွန်တော်တို့ တပ်ဖွဲ့များသည် နေဝင်ချိန်ကို အမိအရ စောင့်နေခြင်းသာဖြစ်ပေသည်၊ တောင်ရိုး တလျှောက် လူသွားစခန်း ကျွားဆိုး သိတ္တာဝါထက် ကြောက်စရာ ကောင်းအောင် သောင်းကျန်းနေသော ရှမ်း-ထွန်းအမည်ခံ လူဆိုးတောပုန်းဂိုဏ်းကို ဖြိုခွဲရန်အတွက် ချီတက်တိုက်ခိုက်ရေး တပ်ဖွဲ့များသည် အရှေ့တောင်ခြေတွင်အသင့်နေရာယူပြီးဖြစ်ပါသည်၊ တပ်ခွဲသုံးခွဲသည် တိုက်ခိုက်ရေးတပ်များ သက်သက်ဖြစ်၍ တပ်ခွဲတခွဲလျှင် စက်သေနတ်ကြီး တပ်စုတစု၊ စိန်ပြောင်းကြီး တပ်စုတစု၊ ဆက်သွယ်ရေး တပ်စိပ်နှစ်စိပ်၊ ရိက္ခာနှင့်စစ်ပစ္စည်း ဝန်တင်တပ်ခွဲတခွဲ စသည်ဖြင့် တွဲဘက်၍ တာဝန်ချပေးထားပြီးဖြစ်သည်၊ နောက်ခံတပ်များအဖြစ် ဆေးအဖွဲ့၊ ရှေ့တန်းစစ်မျက်နှာ တပ်ရင်း ဌာနရှိအဖွဲ့ ရိက္ခာဖြည့်တင်း ရေးအဖွဲ့ စသည်တို့ကို ကာကွယ်ရေး တပ်စု နှစ်စုနှင့်အတူ သီးသန့်ဖွဲ့စီးပြီးခဲ့သည်၊ ရိက္ခာဖြည့်တင်းရေး အဖွဲ့တွင် ထောက်ပန့်ရေး ဌာနမှဗိုလ်ကြီး ရွှေမောင်နှင့်ဖွဲ့ကာဦးစီး၍ ဦးမင်းဒင်တို့ ဆင်သမားတွေကို ထည့်ပေးလိုက်သည်၊ ပထမ အခြေခံ ရိက္ခာစခမ်းကို ကုတ္တိုဆိပ်ရွာတွင် သတ်မှတ်ထားခဲ့ပြီး ဆန်-ဆီ-ဆား-ငပိစသည့် ရိက္ခာခြောက်များလည်း စုပုံထားပြီးသားရှိချေသည်။

လွန်ခဲ့သည့် နှစ်ရက်ခန့်ပင်အရှေ့တောင်ရိုးဒေသထိုးစစ်ဆင်ရေး အတွက် ကျွန်တော်သည် သေနင်္ဂဗျူဟာနှင့် စစ်ပရိယာယ် တရပ်ကို ရေးဆွဲ သတ်မှတ်ခဲ့သည်။ သေနင်္ဂဗျူဟာသည် ရန်သူနယ်မြေတောင်ပေါ်ဒေသသို့ ထိုးစစ်ဆင်ကာ ကာလအတန်ကြာ သိမ်းပိုက်ကာ သောင်းကျန်းသူများကို သုတ်သင်ရှင်းလင်းရေးဖြစ်သည်၊ စစ်ပရိယာယ်မှာ သောင်းကျန်းသူများ ကျက်စားရာ တောင်ပေါ်ဒေသ

www.burmeseclassic.com

www.burmeseclassic.com



သို့ ရန်သူမမျှော်လင့်သောအချိန်အခါတွင်ထုနှင့်ထယ်နှင့် ချဉ်းနင်းဝင်ရောက်ကာ ရန်သူ အင်အားစုကို အစိပ်စိပ်အမွှာမွှာ ကွဲစေရန် တိုက်ခြင်း၊ ရန်သူစိတ်ဓါတ် ကျဆင်းစေရန်၊ တပ်မှန်တိုက်နည်းနှင့် ပျောက်ကြားတိုက်နည်းများဖြင့် ဖြစ်ပေါ်လာသော အခြေအနေအရ စစ်ဆင်ရေး ပြုလုပ်ရန် ဖြစ်သည်၊ ထိုကြောင့် ကျွန်တော်တို့သည် ကြိုတင်သတင်းရရှိထားခဲ့သည့်အတိုင်း ကရင်ကျေးရွာများ၏ အရှေ့ဘက်အစွန်ဆုံး ကျေးရွာ လေးအိမ်ရွာ၌ စခမ်းချနေသည်၊ သောင်းကျန်းသူများကို အလစ်စီးမိနိုင်ရန် ညဉ့်အချိန် ချီတက်တိုက်ခိုက်ရန် စီစဉ်ထားခြင်းဖြစ်သည်၊ တောင်ပေါ်မှ ဆင်းလာသူများနှင့်တကွ တောင်ပေါ်သို့ ပြန်တက်မည့်သူများကို ကင်းအဖွဲ့မှ ခေတ္တတားဆီးထားသည်၊ မည်သူ့ကိုမျှ ဆင်းခွင့် တက်ခွင့်မပြုစေရပါ။ တဦးတလေ တောင်ပေါ်သို့ ပြန်တက်ရောက်သွားပါလျှင် သောင်းကျန်းသူများဆီသို့ ကျွန်တော်တို့ ချီတက်လာသည့် သတင်းကို တနည်းနည်းဖြင့် ရောက်ရှိသွားနိုင်သော ကြောင့်တည်း၊ ချီတက်မည့် နေ့ရက် နာရီချိန်ကိုလည်း ကျွန်တော်ကိုယ်တိုင်က လျှို့ဝှက်ထား၏၊ တပ်ဖွဲ့များသာ မြစ်အရှေ့ဘက် ကမ်းခြေ၌ အားလုံးအဆင်သင့်ရှိစေဘို့ ကြိုတင် စီစဉ်ထားခဲ့သလောက် လိုအပ်သည့် အချိန်နာရီဝက်အတွင်း ချီတက်ရန် အမိန့်များကို ပေးအပ်ကာ တောင်ပေါ်ဒေသသို့ စစ်ချီတက်ရန်သာ ရှိပေတော့သည်။

နေမင်းကြီးကား အနောက်ဂေါယာကျွန်းသို့သက်ဆင်းပျောက်ကွယ်ခဲ့ပေပြီတကား....။

တလှုပ်လှုပ် ချီတက်နေသော တိုက်ခိုက်ရေး တပ်ဖွဲ့များ၏ ခြေသံသည်၊ တိတ်ဆိတ်နေသော ညယံကို စတင်ကာ ဗျိုခွင်းစပြုလာပြီး ကျွမ်းကျင်သော စိတ်ချရသော လမ်းပြကောင်းများကြောင့် ချီတက်ရေး အစီအစဉ်တွင် ကြီးမားသော အခက်အခဲ မတွေ့ရ



ချေ၊ မူလအစီအစဉ်အရ အစွန်ဆုံးဒေသဖြစ်သည့်ကရင်ရွာ 'လေးအိမ်' ဒေသသို့ဖြတ်လမ်းမှ ကြားရွာများကို ရှောင်ကွင်းကာ မိုးမလင်းမီအရောက် ချီတက်၍ ဝိုင်းရံထားရန်ဖြစ်သည်၊ နက်မှောင်နေသော တောင်ကြား လမ်းများ အတွင်း၌ ချီတက် နေသော ကျွန်တော်တို့ ရဲဘော်များအဘို့ စက်ရုပ်အရိပ်သဘွယ်အား ထင်မှတ်စေနိုင်၏၊ စကားမပြောတမ်း ဆေးလိပ်မသောက်တမ်း တတ်နိုင်သမျှ ခြေသံလုံနေအောင် နင်းကာ ကျော်ကာ ချီတက်ရန် ညွှန်ကြားချက်အရ ရဲဘော်များသည်၊ တိုက်ပွဲအဖုံဖုံ ရလေ့ကျင့်ခဏ်းအစုံစုံရရှိထားခဲ့သူများပြီပြီ တခဲနက် ချီတက်နေကြလေပြီ။

ချီတက်ကြရာ၌ ရှေ့ဆုံးမှ တိုက်ကင်း တပ်စု တစုသည် လမ်းပြသုံးဦးက လမ်းပြကာ ချီတက်စေပြီး ၎င်းနောက်မှ ကျွန်တော်တို့၏ တပ်ရင်းရုံးအဖွဲ့ ပါဝင်သည့် တိုက်ခိုက်ရေး စစ်ကြောင်း အမှတ်တစ် 'ရဲခေါင်' စစ်ကြောင်းအဖွဲ့၊ ၎င်းနောက်မှ တိုက်ခိုက်ရေး စစ်ကြောင်း အမှတ်နှစ် 'ဘုရင့်နောင်' စစ်ကြောင်းအဖွဲ့၊ ၎င်းစစ်ကြောင်း နောက်မှ တတိယ တိုက်ခိုက်ရေး စစ်ကြောင်းဖြစ်သည့် 'ရန်အောင်မြင်' စစ်ကြောင်းစသည့် သုံးကြောင်း ချီတက်ကြပြီး ဆေးအဖွဲ့နှင့် ရိက္ခာတပ်ဖွဲ့များမှာ တနာရီ အကြားမှ ဆက်လက်ချီတက်လိုက်ပါသည်။

ဝှီးကနဲ....ရှဲကနဲ ကျွန်တော်တို့ရှေ့မှ အလန့်တကြားထ၍ ပျံသွားကြသည့် ညငှက်များ မြေဝပ်ငှက်များ၏ လှုပ်ရှားသံသည်၊ ချီတက်နေကြသည့် ရဲဘော်ရဲဘက်များအား အစဉ်သတိပေး လှုံ့ဆော် နေသကဲ့သို့ ထင်စေရပါသည်၊ တချီတချီ ချီတက်နေသည့် ရဲဘော်များ၏ မတော်တဆ ကျောက်တုံးကို ခလုပ်တိုက်မိ၍ထွက်သည့်သံ ကျောက်ခဲပြိုကျသံများသာလျှင် ချီတက်မှုအစီအစဉ်၏လှုပ်ရှားသံများသာ ပေါ်ထွက်စေ၏၊ ချီတက်ရာ ခရီးလမ်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com


သို့မဟုတ် လူသွားလမ်းဘေး တဖက်တချက်မှ နက်မှောင်နေသော ကျွင်းများ ချောက်ကြီးများသည်၊ နှလုံးတုံ တက်သူ ဆတ္တိကြောင် သူများ အတွက် အသည်းယားစရာ ဖန်တီးကာ ခြိမ်းခြောက် နေတော့သည်။

ဝေါင်ကနဲ...ဝေါင်ကနဲ ကျွန်တော်တို့၏ ခြေသံများကြောင့်လန့်ဖြန့်ကာ ပြေးမိပြေးရာ ပြေးတက်ရင်း ကြောက်လန့်တကြား ဖြစ်သွားကြသည့် ဂျီများ၏ ဟောက်သံသည် ရှေ့ပြေး ကြင်း၏ ညာဘက်ကျိုးစွယ်ဆီမှတခဲနက် ပေါ်ထွက် လာတော့သည်၊ သုံးနာရီ တကြိုပ်ကျစီ ဆယ်မိနစ်အနားပေးကာ ခရီးပြင်း ချီတက်လာသော ကျွန်တော်တို့အဘို့ နံနက်လေးနာရီ ဆယ်မိနစ်တွင် ကရင်ရွာအရှေ့ အစွန်ဆုံး လေးအိမ် စခန်းအနီးသို့ ချဉ်းကပ် ဆိုက်ရောက်ခဲ့သည်၊ ရွာသို့ရောက်ရန် မိုင်ဝက်အလိုတွင် တပ်ဖွဲ့အားလုံးကို ခေတ္တရပ်နားကာ နေရာအသင့်ယူခိုင်းလိုက်သည်၊ တပ်ခွဲမှူးနှင့် တပ်စုမှူးများကိုခေါ်ယူ၍ အရေးပေါ် စစ်ဆင်ရေး ညွှန်ကြားချက်များ ပေးအပ်လိုသည်၊

ရဲခေါင်စစ်ကြောင်းသည် လေးအိမ်ရွာကို ကျော်လွန်၍ ပဒေါင်ကိုးရွာဘက်မှ လာသည့် လမ်းအားလုံးကို စောင့်ကြပ်နေရာယူထားပါသည်၊ ခြုံခိုတိုက်နည်းဖြင့် တပ်အားလုံးကို တောတွင်း ကိုယ်ဖျောက်ကာ လေးအိမ်ရွာ တိုက်ပွဲမှ ထွက်ပြေးမည့် သူများနှင့် အရေးရှိခဲ့လျှင် ပဒေါင် ကိုးရွာဘက်မှ တပ်ကူလာသည့် သောင်းကျန်းသူများကို ဆီးကြို၍ တိုက်ခိုက်ရန် တာဝန်များ ပေးအပ်ကာ အရှေ့နယ်ဒေသသို့ လည်းကောင်း၊ ဘုရင့်နောင် စစ်ကြောင်းသည် ကျွန်တော်တို့စီး၍ လေးအိမ်ရွာကို ဝိုင်းရံ၍ အာရုံဦးတိုက်ပွဲဆင်နွှဲရန် တာဝန် 'ရန်အောင်မြင်' စစ်ကြောင်းသည် လေးအိမ်ရွာမှစ၍ ရွာအနောက်ဘက်ရှိ ကျေးရွာများ၏ လမ်းများတွင် ဗေး

အိမ်ရွာတိုက်ပွဲမှ ထွက်ပြေးကြမည့် ရန်သူများကို သုတ်သင်ရန် ရဲခေါင် စစ်ကြောင်း နည်းတူခြုံခို၍ တပ်များဖုက်ထားရန် အောက်ကျဉ်းဒေသမှ ဆက်သွယ်ရေး လမ်းကြောင်းများကိုလည်း တာဝန်ယူ၍ စောင့်ရှောက်ရန် တာဝန်ခွဲဝေ၍ ပေးလိုက်သည်၊ ယခု တိုက်ပွဲဖြစ်ပွားသည့် အချိန်မှစ၍ နောက်ထပ် ညွှန်ကြားချက် အမိန့်မရမချင်း 'စကားဝှက်' အဖြစ် 'မုံတိုင်း' အသုံးပြုရန် အသီးသီး ရှင်းလင်းအမိန့်ပေးကာ တပ်ခွဲများကို တာဝန်ပေးအပ်သည့်စစ်ကြောင်းများဆီသို့ တပ်ဖြန့်ခိုင်းလိုက်သည်။

လေးအိမ်ရွာသည် မူလ ရွာတည်စဉ်က လေးအိမ်သာရှိသော်လည်း ရေကြည်ရာ မျက်နုရာဆိုသလို ခေတ်ပျက်ချိန်၌ ဟိုရွာဒီရွာမှ ယခုအခါ၌ ဆယ်အိမ်ကျော်ခန့်ကြောင်းကို မှန်ပြောင်းအတွင်းမှ ကျွန်တော်သည်၊ ကောင်းစွာရည်တွက်၍ တွေ့မြင်ရပါသည်၊ ဘုရင့်နောင် စစ်ကြောင်းသည် လေးအိမ်ရွာကို လေးဘက်လေးတန်က တပ်ဖြန့်ကာ ဝိုင်းရံ၍ တရွေ့ရွေ့ ချီတက်လိုက်သည်၊ ရွာအခြေအနေမှာ တောင်ထိပ် လွင်ပြင်ပေါ်၌ တည်ဆောက် ထားသော ရွာကလေးဖြစ်၍ နေထိုင်စရာ အတော်အဆင်ပြေတော့သည်။

အရှေ့ဆီမှ အလင်းရောင်ခြည် ဝိုးတဝါးများသည် ပြိုးပြိုး ပြက်ပြက် ပေါ်ထွက်လာချေပြီ ကျွန်တော်နှင့် ဦးဘိုးဟန်တို့သည် ရွာတည်ရာ မြေပြင်ထက် ဝါးတပြန်ခန့် မြင့်မားသော အရှေ့မျက်နှာကပါတ်၍ တက်ကာ နေရာယူလိုက်ပြီး စက်သေနတ်ကိုင် တပ်စုကို ရွာအရှေ့ဘက်မှစ၍ သုံးဘက် သုံးတန် မြင်းကွင်းမှန်သမျှကို ပစ်ခတ်နိုင်ရန် ပစ်ကွင်း ရွေးချယ်ခိုင်းလိုက်သည်၊ သုံးဘက်သော စစ်မျက်နှာမှ တပ်စုများသည် ကျွန်တော် သတ်မှတ်ပေးခဲ့သည့် မိနစ်နှစ်ဆယ်အတွင်း၌ နေရာယူ၍ ပြီးလောက်ပြီဟု ကျွန်တော် ခန့်မှန်းကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွာသို့ ရောက်၍ ၆၀ ဧ ထိုး၍ ဟောင်လိုက်သည့် ခွေးတကောင်၏ အသံနှင့်အတူ စိတ်ဆိုးမာန်ဆိုးနှင့် ဆဲဆိုသံတသံ ထွက်ပေါ်လာသည်။ အသံမှာ ယောကျ်ားကြီး တယောက်၏ အသံဖြစ်ပြီး မကြာမီ ခွေးဟောင်သံကို ဆက်လက်ကြားရသည်ကြောင့် ခွေးဟောင်ရမည်လားဟု စိတ်ဆိုးမာန်ဆိုးနှင့် ရိုက်နှက်ကြောင်းကိုပါ နားလည်လိုက်သည်၊ အမှန်ဖြစ်ရပ်မှာ ရွာတွင်းမှ ခွေးသည် ကျွန်တော်တို့တိုက်ခိုက်ရေး တပ်ဖွဲ့များ ရွာနှင့် ဂိုက်တရာ အတွင်းသို့ ချဉ်းကပ်လာသည်ကိုမြင်၍ ကြောက်လန့်တကြား အော်ခြင်းကို မသိနားမလည်သောသူက ခွေးကိုအပြစ်တင်ကာ ရိုက်နှက်ခြင်းသာဖြစ်ပေသည်၊ မကြာမီ အသံဖမ်း စက်ကလေးဆီမှ တပ်ဖြန့်ထားသော တပ်စုမှူးများ၏ သတင်းပို့သံများ ရုတ်တရက် ထွက်ပေါ်လာသည်။

"တစ်-တပ်စု သတင်းပို့ထယ် ရွာတွင်း၌ လူတစုလှုပ်လှုပ် ရှားရှားတွေ့ရတယ်၊ မီးဖိုပြီး မီးလှုံနေတယ်...."

'နှစ်-တပ်စု သတင်းပို့ပါတယ် ဒီဘက်မျက်နှာငြိမ်နေတယ် လှုပ်လှုပ် ရှားရှား မတွေ့ရပါ...."

"သုံး-တပ်စု သတင်းပို့ပါတယ် ရွာထဲက လူတွေ နိုးနေပါပြီ ရွာအပြင်ကို မည်သူမှ မထွက်လာကြပါ ယောကျ်ားသံတွေ တော်တော် များများ ကြားရတယ်...."

ကျွန်တော်သည် အသံဖမ်း စက်ကလေးကို ကပ်၍....

"တပ်စုတွေအားလုံး နေရာယူထား စက်သေနတ်တွေ ရွာဆီကဘက်လမ်းမှန်သမျှကို အသင့်ချိန် ဦးစီးက အမိန့်မရမခြင်း မပစ်ရ"

အားလုံးအသင့်ပြင်ရန် အမိန့်ပေးလိုက်သည်၊ ရွာဘေးဘဝိုက်တောတန်းမှ ကျေးငှက်တို့သည် ငှက်သတ္တဝါ အိပ်တန်းထကာ တကြော်ကြော် မြည်တွန်ကာ အစာရှာ ဆင်းခဲ့ကြပါပြီ။



အရှေ့ဆီက နေရောင်ခြည် လင်းလင်း ရှင်းရှင်း များသည် တောင်ထွဋ်ကို ကျော်လွှားကာ ထေးအိမ် ကျေးရွာဆီသို့ တိုက်ရိုက်ကျရောက်လာတော့၏၊ ကျွန်တော်သည် မှန်ပြောင်းကြီးနှင့် ရွာတဘက်နှင့် ရွာတွင်းသို့ ကျကျနန ကင်းထောက် လေ့လာလိုက်သည် ခြေတန်ရှည် အိမ်များပေါ်မှ သေနတ်ကိုင် ယောကျ်ား သုံးဦးသည် လှေကားများခြံကာ ဟန်ရပုံနှင့်ရ အိမ်ပြင်သို့ထွက်၍ အညောင်းဆန့်ကာ အချင်းချင်း ရယ်မောပြောဆိုနေသည်၊ တယောက်က ဝါးကျည်တောက် တခုကို ပေးကာ တဦးက ဝါးကျည်တောက်ကို မော့၍ သောက်ချပြီး တစုံတရာရယ်မောရင်း ပြောလိုက်သည်၊ သုံးဦးအားပြိုင်တူရယ်မောကြသည်၊ စောစောစီးစီး အိမ်ရာထ အရက်သောက်ရင်းအဖျင်းပြောနေသည်ကို ကျွန်တော် ရိပ်စားမိသည်၊ အိမ်မှာအစွန်ကျ၍ ငှင်းလက်နက်ကိုင် သုံးဦးသည် ရန်သူများ၏ ကင်းနှင့်တူသည်ကိုသတိပြုမိသည်၊ ရွာတွင်းမှ ဝါးကျည်တောက်ကြီးများကို ခေါင်းတွင်သိုင်းကာ ရေခတ်ရန် ထွက်လာသော အမျိုးသမီး သုံးဦးသည် ဖေါ်ပြုပါ တဲပေါ်မှ သေနတ်ကိုင် သုံးဦးကို လှမ်း၍ ပြောကြားသည်တွင် သေနတ်ကိုင်သမားတဦးက ငေါက်ငန်းကာ တခွန်းတည်း ဖြေကြားသည်ကြောင့် ရေခတ်ရန်ခွင့် တောင်းနေသည့် အမျိုးသမီး သုံးဦးသည် ခတ်သုတ်သုတ်နှင့် ရွာထဲသို့ ပြန်ဝင်သွားလေသည်။

နေကလည်း ကောင်းစွာ မြင်မြင်ထင်ထင် ထွက်နေပါပြီ လူဆိုးလူကောင်းခွဲခြား၍ ရနိုင်သောအချိန်သို့ ဆိုက်ရောက်ခဲ့သည်ကြောင့် ကျွန်တော်သည်၊ အသံဖမ်း စက်ကလေးမှ နေ၍...

"တိုက်ခိုက်ဘို့ အသင့်ပြင် လက်နက်ကိုင် မှန်ရင်ပစ် လက်နက်မဲ့သူများကို မပစ်နဲ့ တောထဲသို့ မည်သူမျှ မပြေးစေနဲ့...."



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးလိုက်ပြီးနောက် ဦးနုအား ရွာထဲသို့ လှမ်း၍ အောင်ဟစ်၍ ကရင်ဘာသာ....ရှမ်းဘာသာများဖြင့် သတိပေးအကြောင်းကြားခိုင်းလိုက်သည်။

"လက်နက်ကိုင်တွေ....ကိုယ့်အသက် မသေချင်ရင် လက်နက်ချပြီး ခေါင်းပေါ် လက်မြှောက်ပြီး ရွာအပြင်ဘက် ထွက်ခဲ့ကြ ဗမာ့တပ်မတော်က ရွာဝိုင်း ထားပြီးပြီ၊ ငါးမိနစ် အချိန်ပေးမယ် ထွက်ခဲ့ကြ...."

"ရွာသားတွေ ဘာမှမကြောက်ကြနဲ့ ကိုယ့်အိမ်မှာ ငြိမ်ငြိမ်နေ ဘယ်မှထမပြေးကြနဲ့...."

ရုတ်တရက် ရွာအရှေ့ထိပ်ဆီမှ ဦးနု၏ အော်ဟစ်ပြောသံသည် ဂိုက်တာရှာ နှစ်ဆယ်မျှသာ ဝေးသည့် ရွာထဲသို့ တိုက်ရိုက် ကြားသိသွားတော့၏၊ ရုတ်တရက် ဆူဆူညံညံ ဖြစ်နေသော လေးအိမ်ရှာသည်၊ ဖြတ်ကနဲ ငြိမ်ကျသွား၏၊ ထိုနောက် အိမ်တွေပေါ်မှ အရေးတကြီး ခုန်ဆင်းသံများ တဦးနှင့်ဘဦး ခေါင်ငင်သံများ ရုတ်တရက်ထွက်ပေါ်လာတော့သည်၊ အိပ်ရာမှ လန့်နိုး၍ဖြစ်စေ အချင်းချင်း နိုး၍ဖြစ်စေ၊ နိုးလာပုံရသည်၊ သောင်းကျန်းသူများသည် ပြာရိုပြာရာနှင့် အိမ်တွေပေါ်မှ တဝုန်းဝုန်း ခုန်ဆင်းတော့၏၊ လှေခါးမှ ဆင်းလျှင် အချိန်မရကြောင်းကို ငိုပ်စားမိပုံရသည်၊ ရှေ့ဦးစွာ အနောက် စစ်မျက်နှာမှ စက်သေနတ်များ တခဲနက် ဆဲသံများ ပေါ်ထွက်လာတော့၏၊ ကယောင်ကတန်းနှင့် ပြေးမိပြေးရာ စုပ်ပြေးသော သောင်းကျန်းသူများသည် အရှေ့မျက်နှာမှ အော်သံကြား၍ အနောက်မျက်နှာသို့ ပြေးထွက်ရာ တိုက်ပွဲတောင် ဖြစ်မှားသည်ဟု ထင်မိလိုက်ရသည်၊ မကြာမီ ရွာတွင်းမှ ကျွန်တော်တို့ဆီသို့ ဖြန့်သည့် ပစ်ခတ်သံများ ပေါ်ထက်လာ၏၊ မောင်းပြန်သေနတ်သံ စက်သေနတ် တလက်သံသည် မိုးမြိုင်ကြီး ပေါ်လာ



တော့၏၊ ရန်သူ၏ ပစ်ခတ်သံသည်နေရာကို အတိအကျ တွေ့လိုက်ရသော ကျွန်တော်၏ စစ်မျက်နှာမှ စက်သေနတ်ကြီး တင်ထားသည့် မြေတုံ သွားအောင် စက်သေနတ်ကြီး သုံးလက်နှင့် တပြိုင်နက်တည်း စပ်၍ ပစ်ခတ်ချေမှုန်းလိုက်သည်၊ ရန်သူ၏ ပစ်ခတ်မှုမှာ စက်သေနတ်ကြီးများ၏၊ ချေမှုန်းချက်အောက်တွင် ဝပ်ကျသွားပုံဖြင့် တချက်တလေမှ ပြန်လှန်ပစ်ခတ်ဖေါ်မရဘဲ ငြိမ်သွားတော့၏၊ ရွာမြောက်ဘက်ဆီသို့ တအားထွက်ပြေးလာသည့် လက်နက်ကိုင် ငါးဦးကို တွေ့လိုက်ရသည်တွင် တောင်ဘက် မျက်နှာဆီမှ စက်သေနတ်ဆွဲသံများ ညံလျှက် တခဲနက် ထွက်ပေါ်လာသည်၊ အုံးဖယောက်သည် နေရာတွင် ကျဆုံးလျှက် ကျန်နှစ်ယောက်မှာ ဒဏ်ရာများဖြင့် သွေးရူးသွေးတန်းနှင့် ရွာထဲသို့ လူးလိမ့်ကာ ပြေးဝင်သွားပြန်သည်။

ကျွန်တော်သည် ဒဗလျူတီ (W.T) ခေါ် အသံဘမ်းစက်က လေးမှနေ၍ ရွာတွင်းသို့ ချိတက်တိုက်ခိုက်ကြရန် တပ်စု လေးစုသို့ အမိန့်ပေးကာ စက်သေနတ်ကြီးတပ်စုအား ရွာအပြင်နေရာကောင်းမှနေ၍အရေးရှိခဲ့လျှင် အကာအကွယ် ပစ်ခတ်ပေးရန် အမိန့်ပေး၍ တပ်စိပ်လိုက် ရွာဆီသို့ မုံ တိုင်း စစ်ဆင်နည်းဖြင့် မစ်ခတ်ကာဝင်ရောက်ကြစေသည်၊ အဆင့်သင့် ခုခံပစ်ခတ်မည်ဟု အထင်ရှိခဲ့သလောက် ရွာတွင်းမှ ကျန်မည့်ရန်သူများသည် တချက်တလေမှပင် ပြန်လှန် ပစ်ခတ်ခြင်း မရှိသည်ကြောင့် ကျွန်တော်တို့ တပ်ဖွဲ့များသည် ရွာတွင်းသို့ လေးဘက်လေးတန်က ဝင်ရောက်ခွင့်ရသည်၊တိုက်ပွဲကြောင့် မီးလောင်နေသည့် အိမ်ခေါင်မိုးများကို ရဲဘော်များသည်၊ ကမန်းကတမ်းနှင့် ဝင်ရောက်ငြိမ်းသတ်ရင်း တဖက်ကလည်း ရန်သူ အကြွင်း အကျန်များကို အရေးတကြီး ရှာဖွေကြပါသည်။

ပွဲဦးထွက် ကျွန်တော်တို့ကို ပြန်လှန် ပစ်ခတ်သည့် ရန်သူ၏ စက်သေနတ်အဖွဲ့ဆီသို့ ကျွန်တော်သည် အမြန်ဆုံး ရှာဖွေလိုက်သည်တွင်

www.burmeseclassic.com

www.burmeseclassic.com

သွေးရဲရဲ-သံရဲရဲဖြင့် တုံးလုံးပက်လက်ဖြစ်နေသည့် ရန်သူအလောင်း ခြောက်လောင်းနှင့် စက်သေနတ်တလက်နှင့် ရိုင်ဖယ်လေးလက်ကို တွေ့ရှိမိသည်။ကြောက်ရွံ့ သည့်အလျောက် အိမ်ထဲ၌ပုန်းနေသည့် ရွာသားများကို ကျွန်တော်သည် အိမ်အပြင်သို့ အမြန်ဆုံးအထွက် ခိုင်းပြီး အိမ်ရှေ့၌ တန်းစီကာ ရပ်နေကြရန် ဦးနုသို့ ကရင်ဘာသာ ရှမ်းဘာသာဖြင့် အော်ဟစ် ပြောကြားစေလိုက်သည်၊ ထို့နောက် ရဲဘော်များကို အိမ်ဘိုင်းစေ တက်ရောက်၍ ရန်သူအကြွင်းအကျန် များကို ရှာဖွေစေဆောင်းစေသည်။

ဆယ်ခုနစ် မိနစ်အတွင်း ရွာ၏အခြေအနေကို ထိမ်းသိမ်းနိုင်ပြီး ကျဆုံးခဲ့သည့် ရန်သူနှစ်ဆယ် ဒဏ်ရာနှင့် ဘမ်းမိသူ ဆယ်နှစ်ဦး ဒဏ် ရာမရှိဘဲ လက်မြှောက်လက်နက်ချသူ သုံးဦးတို့ကို-ဘမ်းဆီးရမိတော့ သည်၊ ၎င်းတို့ကိုင်ဆောင်ကြသော လက်နက်များသည် ဘရင်း တလက်၊ တော်မီဂန်း တလက်၊ အင်္ဂလိပ် ရိုင်ဖယ် နှစ်ဆယ် တလက် နှင့် ကျွန်သေနတ်များသည် တူမီ သေနတ်များသာ ဖြစ်ပါသည်၊ ရွာသားနှစ်ဦးနှင့် အမျိုးသမီးတဦး ခလေးတဦးတို့ ဒဏ်ရာအနည်း ငယ်ရရှိခဲ့သည်၊ ကျွန်တော်သည် ဆေးမှူးနှင့် ဆေးအကြပ်များကို ဒဏ်ရာရရှိသည့် လူနာမှန်သမျှ အမြန်ဆုံး ဆေးဝါးကုသရန် စီစဉ် လိုက်ပြီး အမိက အရေးအကြီးဆုံးဖြစ်သူ လေးအိမ်ရွာရှိ စခမ်းချ သည့် လူဆိုးခေါင်းဆောင်ကို ရှာဖွေ စစ်ဆေးလိုက်သည်၊ သို့ရာ တွင် ၎င်းအဖွဲ့ခေါင်းဆောင်အမည်မှာ 'ထဂေါင်း' ဆိုသူဖြစ်၍ စက် သေနတ်အဖွဲ့နှင့် အတူ တပုံ ထဲ ကျဆုံးသွားသည်ကို ဘမ်းမိသူများ က အစစ်ဆေးသည် မည်သည့်အတွက် ဤသို့သောင်းကျန်းမှု ပြုလုပ် ရသနည်းဟု ကျွန်တော်သည် ဦးနုကိုဘာသာပြန်လုပ်၍ စစ်ဆေး ရာတွင် ၎င်းတို့၏ခေါင်းဆောင် မောင်ထွန်းက စေခိုင်း၍ ဤဒေသ များ၌ အစိုးရမရှိတော့သည်ကြောင့် သွားရောက်၍ အုပ်ချုပ်ရန်



နှင့် ငွေကြေးများခန့်ခွဲရန် စေခိုင်းကြောင်းကို အစစ်ခံလေသည်။

"မေးစမ်းပျာ...ဦးနု သူတို့ခေါင်းဆောင် မောင်ထွန်း ခုဘယ် မှာရှိသလဲ..."

ဦးနုသည် ရှမ်းဘာသာဖြင့် မေးမြန်းသည်တွင် အများကပင် တညီတညွတ်တည်း ရှမ်းဘာသာဖြင့် ခေါင်းဆောင် မောင်ထွန်း သည်၊ ယခုအခါ၌ ပတ်ခေါင်းသို့မဟုတ် ဘွေဆိုင်းရွာကြီး၌ ရှိ ပေလိမ့်မည်၊ ကျွန်တော်တို့ တပ်များ၏ လိုက်လန်တိုက်ခိုက်သံကြား ရလျှင် ၎င်းသည် ဖေါ်ပြပါ ရွာနှစ်ရွာတွင် ဆက်လက် မနေဘဲ တောင်တန်း မြောက်ဘက်ဖြစ်စေ သို့မဟုတ်ဖယ်ခုံနှင့်မိုင်းမြဘက်သို့ ပြေးတန်ပြေးနိုင်ကြောင်း အစစ်ခံကြသည်။

များမကြာမှီ တပ်စုမှူး ဗိုလ်လေးကြည်သည်၊ သောင်းကျန်းသူ များ တဲအိပ်များထဲမှရရှိသည့် ပစ္စည်းများနှင့် ခဲယမ်းမီးကျောက် များကို လာရောက်အပ်နှံပါသည် ကျွန်တော်သည် သောင်းကျန်း သူများထံမှ ပစ္စည်းများကို တခုစီကရုတစိုက် ကြည့်လိုက်သည်တွင် ပဌမဦးစွာ အလုံးလိုက် အတစ်လိုက်ပြုလုပ်ထားသော ဘိန်းလုံးများ နှင့် ရှူရန် ပြောင်းများကို လည်းကောင်း၊ တချို့ ဘိန်းပြောင်း များအနက် ဆင်စွယ်ဖြင့် ပြုလုပ်၍ ရွှေကွပ်ထားသည်ကို တွေ့ရ၍...

"လုပ်ပါကွာ....ဒီကောင်တွေ သူတို့ဘယ်လောက် နှမျောလိုက် မလဲလို့...."

ရယ်မောရင်း မှတ်ချက်ချသည့်တွင် ဗိုလ်လေးကြည်သည် ရော နှောကာ ရယ်မောရင်း....

"ဟောဒီအရုပ်တွေ အကြောင်းတွေ့လဲပါထယ် ဗိုလ်မှူးကြည့် ပါအုံး 'မြီးဆေး' ပေါ့...."

ကိုယ်တုံးလုံးနှင့်မိန်းမရုပ်ကလေးများကို လည်းကောင်း၊ လက် ဖွဲ့များ အဝတ်၌ အင်းချကာထားသော အဆောင်အကွယ်များကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်၊ အစီပွါယ်မရှိသည့် ပစ္စည်းများကို တခြားအေးဖယ်၍ ခဲယမ်းမီးကျောက် အခြေအနေကို ဂရုတစိုက် စစ်ဆေးလိုက်သည်တွင် ကျည်ဆံများမှာ ၃.၃ အင်္ဂလိပ် ကျည်ဆံ ၄၅ တော်မီကျည်ဆံများနှင့် လက်ပစ်ဗုံး အနေတောင်း ဆယ်လုံးကို တွေ့ရသည်။

ကျွန်တော်သည် အမြင်းအထန် ဒဏ်ရာရရှိသည့် လူနာခုနစ်ဦးမှအပ အခြားသောင်းကျန်းသူ လူများနှင့် ဘာမ်းမိထားသူများကို အခြေစိုက် နယ်မြေကို အုပ်ချုပ်ရသည့် ရန်ကြီးအောင် စစ်ကြောင်းသို့ တပ်စိပ်နှစ်စိပ် အစောင့်အရှောက်ဖြင့် ပို့လွှတ်ခဲ့ါ တပ်ရင်းအချုပ်သို့ ဆက်လက်ပို့ရန် (WT) နှင့် လှမ်း၍ အမိန့်ပေးလိုက်သည်။

ရှေ့စစ်ကြောင်း 'ရဲခေါင်' နှင့် အခြေခံ စစ်ကြောင်း ရန်ကြီးအောင် ထံမှလည်း လှုပ်ရှားမှု တစုံတရာ မတွေ့ရကြောင်းနှင့် တကူးခြားချက် တစုံတရာ မရှိကြောင်း ပြန်လှန်၍ အစီရင်ခံကြသည်အပိုင်မိအောင် ကျွန်တော်တို့ တိုက်ခိုက်မှုသည် သောင်းကျန်းသူများကို တဦးတလေမှ မလွတ်တမ်း အသေ-ဒဏ်ရာ-အရှင် စသည်သုံးပိုင်းပိုင်း၍ ဘာမ်းမိခဲ့သည် ပွဲဦးထွက် တိုက်ပွဲ၌ အောင်မြင်မှု တရပ်ကို ဆွတ်ခူးခဲ့သည်ကြောင့် ရဲဘော်များသည် ပျော်ရွှင်နေကြတော့သည်။ ဘာမ်းမိထားသူများကို တပ်ရင်းအချုပ်တွင် ဆက်လက်၍ ချုပ်နှောင်ထား စနစ်တကျ စစ်ဆေးပြီး ဌာနချုပ်မှ ဆက်လက် အမိန့်နာခံရပေတော့မည်။

ရှုကနဲ....ရှုကနဲ....အတောင်ပန့်ခတ်ကာ တတောလုံး သိမ့်သိမ့်တုန်သွားစေသည့် ငှက်ကြီးများ တအုပ်၏ တတောင်မှ တတောင်သို့ ပျံသန်း သံများသည်၊ နံနက်ခရီးထွက်ခဲ့သည့် ကျွန်တော်တို့အား ထူးဆန်းသော မြင်ကွင်းအဖြစ် ဖန်လိုက်၏။

"အဘော်ကြီးတဲ့ အောင်လောင် ငှက်တွေအီအရီးဟန်၊ ကျုပ်တို့ဘက်က အကောင်အ သေးတယ်...."



ကိုဘိုးရှံ သည် အောက်ချင်းငှက် အကြီးမျိုး ဖြစ်သည့် အောင်လောင် ငှက်အုပ်ကြီးကို စာအံ့ဩဩ ကြည့်ကာ မှတ်ချက်ချလိုက်သည်။

"ပေါင်းလောင်း ရိုးဘက် ရောက်ရင် တော ဒီထက်နက်တယ်တောင်တာမ်းကလဲ အားကြီးမြင့်တယ်...."

ဦးနုသည် ၎င်းငယ်စဉ်က ကျက်စားခဲ့ရာ ဒေသများကိုပြန်လည် သတိရဟန်ဖြင့် ပြောလိုက်သည်။

"မှန်းစမ်းဒါဘာခြေရာကြီးလဲဗျို့လူခြေရာလဲမဟုတ်တန်ပါဘူး"

ဦးဘိုးဟန်သည်၊ လမ်းပြလုပ်သူ ကွမ်းထမ်းသမား ဦးရီကို၊ ခေတ္တရပ်ရန် ပြောလိုက်ပြီး လပ်လပ်ဆပ်ဆပ် ခြေရာကြီးကို ငုံ့ကာ အကဲခတ်လိုက်သည် ကျွန်တော်လည်း ဦးဘိုးဟန် ညွှန်ပြရာ ခြေရာကို ငုံ့၍ ကြည့်မိသည်၊ ရှေ့မှ ခြေချောင်းရာ ပုတိုတိုကြီးများတွင် နောက်က ဖနောင့်ရာကြီးက ခွက်လျှက် ဗျက်ကျယ်ပြီး အလျားတိုနေသော လူခြေရာ ဆန်ဆန် ခြေရာကြီးများဖြစ်သည်။

"ဒီလောက်တော့သဲ....မကြီးတန်ပါဘူးလေ...."

ဦးဘိုးဟန်သည်၊ ခြေရာဦးဘက်သို့ လျှောက်၍ကြည့်လိုက်သည်။

"ဂူး....ဂူး....ဂူး....ဂူး....ရူး...."

ဟူသော မြေတူးဟိး ထွက်ပေါ်လာသည့် အသံကြီးနှင့်အတူ ခြုံထဲမှ ကားကားကြီး ရုတ်တရက် ခြုံတိုးသံများနှင့် တပြိုင်နက်ထည်း ထွက်ပေါ်လာသော လူလက်ခုတ် တဖေါင်နီးပါး မဲမဲညိုညိုသတ္တဝါတကောင်ကို ကျွန်တော်သည် ရုတ်တရက် တွေ့လိုက်ရတော့သည်၊ သတ္တဝါကောင်ကြီးသည် အကောင်ကြီးသလောက် လျင်မြန်လှသည် မတ်တပ်ရပ်ကာ တအားထိုး၍ ရှေ့ဆုံး ဦးဘိုးဟန်ကို တန်းကာ တက်လိုက်သည် ကျွန်တော့် အဘို့ အခြားနည်းလမ်းကား မရှိတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"ပစ်....ပစ်....မြန်မြန်—"

အမိန့်ပေးလိုက်သည်တွင် ဦးဘိုးတန်နှင့် ကိုဘိုးရ တို့ ၂၇၅ သေနတ်များသည် ပြိုင်တူ ပေါက်ကွဲ ထွက်လာသည်၊ အကောင်ကြီးသည် အနည်းငယ်တွန့်ယိုသာတွန့်သွားပြီး ဒဏ်ရာရရှိသွားသည်ကြောင့် ပိုမိုဒေါသထွက်လာသည့် သဏ္ဌာန်ကြီးဖြင့် ပါးစပ်ကြီး အစွမ်းကုန်ဖြဲကာ ချိပ်ကောက်နေသော အစွယ်ကြီး ဖွေးဖွေးကြီးများဖြင့် ခေါင်းကြီး တရမ်းရမ်းနှင့် ဦးဘိုးဟန်ကိုမဲ၍ ဖိကာလိုက်တော့သည်၊ ကျွန်တော် နောက်မှ ရဲဘော် ကျော်လှိုင်နှင့် ရဲဘော်မောင်ဘင်တို့၏ ၃၀၃-စစ်သုံး ရိုင်ဖယ်သံများသည် ပြိုင်လျက်ပေါ်ထွက်လာတော့၏။

"ခေါင်းချိန်ပစ်....ခေါင်းကိုပစ်—"

ဦးဘိုးဟန်သည်သူ့ အရပ်ထက်တပြန်ခန့်မြင့်မားသောအကောင်ကြီး၏ ပါးစပ်ပြဲပြဲကြီးသို့ ချိန်ကာ နှစ်ချက်တိတိ ပစ်သွင်းလိုက်၏၊ ကိုဘိုးရ သည်လည်း အကင်းပါး၍ ဖွဲတိုင်းကျော် မုဆိုးပီပီ အကောင်ကြီး၏ လက်ပြင်ကိုသေသေချာချာချိန်ကာ ပစ်လွှတ်လိုက်မှ နောက်သို့ပက်လက်လန်ကာ သတ္တဝါကြီးသည် ကျသွားလေသည်။

"ရောမ ဝက်ဝံကြီးပါဗျာ....ကျုပ်တွေ့ခါစ ယုံတောင် မယုံဘူး...."

ကိုဘိုးရ သည် ယမ်းငွေ့တော မစဲသေးသော သွေးရဲရဲဖြင့် ကိစ္စပြီးနေသည့် ဝက်ဝံကြီးကို ခတ်လှမ်းလှမ်းမှ အသင့်ချိန်ကာကြည့်ရင်း ပြောလိုက်သည်၊ မှန်ပေသည် ဤမျှကြီးမားသော ဝက်ဝံကြီးမျိုးကို ကျွန်တော်မတွေ့ဘူးပါ အကယ်၍သာ ယခုပစ်ခတ်ရသော ဝက်ဝံကြီးသည် အနက်ရောင်မှ အဖြူရောင်ပြောင်းလဲခဲ့လျှင် ရေခဲရာ မြောက်ဝင်ရိုးစွန်း ဒေသရှိ ဝက်ဝံဖြူကြီး (POLAR BE အဖြစ် ထင်မှတ်စရာဖြစ်ချေသည်၊ သို့ရာတွင် ယခု ဝက်ဝံကြီးသည်



ဝက်ဝံဖြူကြီး မျိုးကဲ့သို့ ခေါင်းသေးပြီး လည်ပင်းမရှည်ချေ တောင်တွေတည်းတလုံးတည်း အဆက်အဝ်ပေါက်မျိုးဖြစ်နေသည်။

"ဒီအကောင်တွေက တောင်ရိုးမှာ အားကြီးပေါတယ်....'မြေထိုင်ဝက်ဝံ' လို့ခေါ်တယ်၊ အကောင်ကြီးလွန်းတော့ သစ်ပင်မတက်တော့ဘူး၊ မြေပေါ်မှာဘဲနေတော့တယ်၊ တောင်ပေါ်ကလူတွေ တောကောင်တွေ မြေထိုင်ဝက်ဝံကို အကြောက်ဆုံးဘဲ၊ တူမီးသေနတ်လောက်တော့ ချွင်ကိုက်သလောက်မဖြို့ဘူးဗျ...."

ဦးနုသည် မြေထိုင်ဝက်ဝံမျိုးကိုကြည့်ကာ....

"ဒီအကောင်သည်းခြေကတော့ ပထမတန်းဘဲ၊ ခလေးဆေး၊ မြင်းဆေး၊ ဒူလာဆေးမှာ တခုထဲနဲ့ ခရီးရောက်တယ်ဗျ...."

ကျွန်တော်သည် မတတ်သာသည့်အဆုံး မရှောင်သာသည့်အခြေအနေတွင် ပစ်ခတ်ခြင်းကို စတင်ကာ အသုံးပြုရသည်ကြောင့် ဝက်ဝံကြီးအား နောက်မှ ချီတက်လာသော သယ်ယူပို့ဆောင်ရေးတပ်ဖွဲ့သို့ တာဝန်လွှဲအပ်ခဲ့ပြီး ရှေ့သို့ ဆက်လက် ချီတက်ခဲ့ကြသည်၊ မကြာမီ အသစ်ခုတ်ထွင်ထားသော တောင်ယာခင်းများ အစသို့ ကျွန်တော်တို့ ချဉ်းကပ်ခဲ့သည်၊ လူမရှိသော တောင်ယာတဲသုံးတဲကို တွေ့ရလိုက်ကြသည်၊ ထိုကြောင့် မှန်ပြောင်းကို အသုံးပြုကာ တဲသုံးတဲတဝိုက်နှင့် တဲနားကို ရှာဖွေကြည့်ရှုလိုက်သည်၊ တစုံတရာ မတွေ့ရသည်ကြောင့် ကျွန်တော်သည် တပ်စိပ်နှစ်စိပ်ကို တဲသုံးတဲ နောက်ခံ တောအကွမှ ကင်းထောက်ရင်း ပစ်ခတ်ရှိုင်းကာ တဲများ အရောက် ချီတက်ခိုင်းလိုက်သည်၊ အရေးရှိက ဘေးမှတပ်ကူအဖြစ် ပစ်ခတ်ပေးရန် ဗြန်းသေနတ်ကြီးနှစ်လက်ကိုလည်း ဘယ်တောင်ပန် ညာတောင်ပန်မှနေ၍ အသင့်ချိန်ကာ နေရာယူခိုင်းလိုက်ပြီး အသင့်ပြင်ခိုင်းလိုက်သည်၊ ဆယ်မိနစ်အတွင်း ရဲဘော်များ ချီတက်သွားရာဆီမှ တရှန်းရှန်းပြေးလွှားသံများ ဆက်ကာကြားရပြီး သေနတ်

www.burmeseclassic.com

www.burmeseclassic.com



သံ သုံးချက် ထွက်ပေါ်လာတော့သည်။ ကျွန်တော်သည် ချက်ခြင်း တပ်စုနှစ်စုကို ဖြန့်ကာ အသင့် ကူညီတိုက်ခိုက်ရန် အမိန့်ပေးလိုက်သည်၊ မိနစ်ပိုင်းအတွင်း၌ ထွင်သာသောတောင်ယာခုတ်ထားရာဘက်သို့ မဲကန်-ဘဲကန်-ဝေါကန် ပြေးဆင်းလာသော တောဝက်အုပ်ကြီးကို အံ့အားသင့်စွာဖြင့် တွေ့လိုက်ရပါသည်၊ အသစ်ခုတ်ထွင်ထားသော တောင်ယာမှ နှစ်ပေခန့် အမြင့်ရှိသည့် ပြောင်းဖူး ခင်းနှင့် စပါးခင်းများမှာ တောဝက်ကြီးအောက်၌ ပျောက်ကွယ်လုနီးနီး တွေ့ရတော့၏၊ အကောင်နှစ်ရာကျော် မအောက်သော ဝက်များသည် ကျွန်တော်တို့တပ်ဖြန့်ထားဘက်သို့ တန်းတန်းကြီးပြေးတက်လာတော့၏။

"မပစ်နဲ့ မပစ်နဲ့ ...."

ကျွန်တော်သည် နေရာယူထားရာမှ ချက်ခြင်းထ၍ အော်ဟစ် အမိန့်ပေးလိုက်ရသည်၊ ဤတွင် တောဝက်အုပ်ကြီးသည် တန့်ကနဲ ဦးလည်ကာ ကျွန်တော်အော်ဟစ်သည့် အမိန့်သံကြောင့် ဘေးသို့ ဖယ်ကာ တဟုန်ထိုး ပြေးပြန်တော့သည်၊ ရိပ်ကနဲ-တောင်းကနဲ လွှားကနဲ အင်တိုင်းတောထဲသို့ ကဇ္ဇိုင်းကာ ပြေးဝင် သွားသည့် တော ဝက်အုပ်ကြီးကို ကျွန်တော်တို့သည် ကြည့်ကာ တဟားဟား အကြီးအကျယ် သဘောကျမိကြသည်။

"ဘရင်းနဲ့ မျှား ဆွဲလိုက်ရရင်တော့ကွာ ဝက်သားကို နှင့်နေ အောင်စားရပြီးသားဘဲ...."

ဘရင်းကိုင် ရဲဘော်သည် ဝက်အုပ်ကြီး၏ နောက်ပိုင်းကိုကြည့်ကာ မချင့်မရဲပြောလိုက်သည်။

"အေးကွ ရဲဘော် ဒို့စစ်တိုက်လာတဲ့အခါမို့ သေနတ်သံ သိပ် မပေးချင်လို့ ...."

ကျွန်တော်သည် ရဲဘော်အား နှစ်သိမ့်လိုက်ရ၏။ မကြာမီ တပ်စိပ်နှစ်စိပ်သည် လက်နက်များအသင့်ချိန်ကာ တဲသုံးတဲဆီသို့ မှန်း ချက် ဝိုင်းပြီးသွားသဖြင့် တောထဲမှ ပေါ်ထွက်လာတော့၏၊ တပ်စိပ်နောက်နားကျကျမှ ရဲဘော် တယောက်ကို အခြားရဲဘော် နှစ်ယောက်က ဘေးမှတွဲကာ ခေါ်ယူလာသည်ကို မှန်ပြောင်းတွင်းမှ အရှင်းသား တွေ့လိုက်ရသည်၊ တပ်စိပ်မှူးသည် တမျှားပေါ်သို့ အသင့်ချိန်ကာ တက်ရောက်ခဲ့ပြီးနောက် ကျွန်တော်တို့ရှိရာသို့လာခဲ့ရန် အချက်ပြလိုက်သည်။

တပ်စိပ်မှူးသည် ကျွန်တော် သို့ဆီးကြိုကာ အစီရင်ခံသည်။

တဲသုံးတဲဆီကို နောက်မှပန်း၍ တောတွင်းဖြတ်တက်ရာတွင်း၌ ပုန်းနေသော ဝက်အုပ်ကြီးနှင့် ပက်ပင်းတိုးမိ၍ တောဝက်အုပ်ကြီး တကောင်က ရဲဘော်များဆီသို့ အတင်းထိုးကာ တိုက်ခိုက်သည် ကြောင့် ပြန်လှန် ပစ်ခတ်ခဲ့ရကြောင်းနှင့် ရဲဘော် မောင်မှအောင် တင် တောဝက်ပက်သည့် ဒဏ်ရာ တင်းပါး၌ ရရှိခဲ့ကြောင်း။

ရဲဘော် အောင်တင်၏ တင်ပါး၌ သုံးလက်မခန့် အရှည်ပြဲနေ သော တောဝက်ကြီး၏ အစွယ်ရာကို တွေ့ရှိရပြီး သွေးတွေများ များ ထွက်နေသည့်အတွက် ဆေးမှူးသည် သွေးတိတ်အောင် ဆေးတလုံး ထိုးကာ ချက်ခြင်း အနာကို အဆိပ်ပြေဆေးများထည့်၍ ပတ် တီးစီးကာ နောက်မှထက်လိုက်လာမည့် ဆင်ပေါ်သို့ တင်ရန် စီစဉ် နေသည်။

ဦးဘိုးဟန်သည် သူ့ကလက်စွာဖြင့် ပထမဦးစွာ တဲအတွင်းမှ မီးဖို များဆီသို့ ဂရုတစိုက်ဝင်သွားပြီး သူ၏လက်ချောင်းဖြင့် မီးဖိုများ အတွင်းသို့ အပူ အငွေ့ ရှိမရှိ စမ်းသပ်နှိုက်ချကြည့်၏။

"ဒီတဲကလူတွေ မနေ့ညကမီးမိုကြခဲ့သေးတယ်၊ ကျုပ်တို့လာအချိန် မှာ တိုက်ပွဲဖြစ်ပြီးမှ တဲတွေဘာ ထွက်ပြေးတဲ့ပုံဘဲ၊ မီးဖိုထဲမှာ မီး

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



အပူငွေ့ ကျန်ရစ်သေးတာက သက်သေခံနေတယ်ဗိုလ်မှူး....”

ကျွန်တော့်အတွေ့ ရှေ့ကမ္ဘာတွေသို့ ကျွန်တော်တို့ ချီတက်လာသည့်သတင်းကို ပြန့်နှံ့သွားမည့်အရေးကို ကြိုတင်ကာ စဉ်းစား၍ စိတ်ပူမိတော့၏၊ ရန်သူကို အလစ်ဝင်၍တိုက်ခိုက်ရေး စစ်ဆင်မှုအတွက် ထိခိုက်စရာအချက် ပေါ်ပေါက်လာသည်ကိုပါ နားလည်လိုက်ပါသည်။

မကြာမီ ရိုင်ဖယ်ပစ်သံဖြင်းဖြင်းတချက် တောတွင်းဆီက ပေါ်ထွက်လာပြန်သည့်ကြောင့် ကျွန်တော်သည် အရေးတကြီး အသံဖြင့်—

“ဘာလဲဟေ့....”

ကင်းချထားသော တပ်စုမှူးက ချက်ခြင်းပင်....

“ဦးဘိုးဟန်နဲ့ ကင်းအဖွဲ့က ဒဏ်ရာရသွားတဲ့ဝက်ကြီးကို သုတ်သင်ဖို့ ထွက်သွားတယ်ခင်ဗျာ....”

မှန်ပေသည်၊ မကြာမီ ရဲဘော်ရှစ်ယောက်ထမ်းပိုး၍ ယူဆောင်လာသော၊ အချိန်ပိသာ ခုနှစ်ဆယ်ထက် မအောက်တမ်း ကြီးမားသည့် တောဝက်ထီးကြီးကို လှမ်း၍တွေ့လိုက်ရသည်၊ တောဝက်ကြီး၏ အစွယ်မှာ ကောက်ကာ အထက်သို့ ပြန်၍ကွေးနေတော့၏။

“ရဲဘော်တယောက်ကို ဒဏ်ရာရအောင်လုပ်လိုက်တဲ့ဝက်ကို ဒီအတိုင်းထားရင် ဖို့ဆိုးမယ်၊ သူ့မှာ တင်ပါးနှစ်ချက်မှန်ထားတဲ့ ဒဏ်ရာ နှစ်ချက် တွေ့တယ်၊ ဝက်နာဖြစ်နေပြီ ဗိုလ်မှူး....၊ လူတွေ့တိုင်း ဒုက္ခပေးနေမှာမို့....”

ကိုဘိုးရန်သည် ၃၇၅ မက်နက်ရိုင်ဖယ်ကို ထမ်းရင်းပြောလိုက်သည်။ ကျွန်တော်သည် တောဝက်ကြီးပက်၍ ဒဏ်ရာရရှိခဲ့သည့် ရဲဘော်ထံသို့ သွားရောက်ကာ စီးကရက်တလိပ်ကို မီးညှိ၍ ရဲဘော်၏ပါးစပ်သို့ တပ်ပေးရင်း—



“မြင်လားဟေ့.... မင်းကိုဆော်တဲ့အကောင် ရလာပြီး ကျေနပ်ရောပေါ့....၊ ညဉ့်ဒီ့ ရဲဘော်တွေအားလုံး ဝက်သားနဲ့ စားရတော့မှာ....”

နှစ်သိမ့်အားပေးစကား ပြောလိုက်သည်။

တပ်စိပ်မှူးသည် ကြောက်စရာကိုယ်လုံးကြီးနှင့် တောဝက်ကြီးကို စေ့စေ့စပ်စပ်တကိုယ်လုံးလိုက်၍ ကြည့်ရာမှ....

“ဦးလေးရန်.... ဟိုဟာဘယ်ရောက်သွားသလဲဗျ၊ တမင်ကလာလှီးပစ်ခဲ့သလား....”

“ဆရာကျော်ကလဲ ရှာရှာဖွေဖွေ မေးမြန်းပြန်ပြီ....”

တပ်ကြပ်တဦးက ရယ်ရင်းပြောလိုက်သည်။

ကိုဘိုးရန်သည်....

“သေသေချာချာ အဲဒီအစိပ်အပိုင်းကို လှီးပစ်ရတယ်၊ နို့မို့ရင် အားကြီးဝက်သိုးစော်နံပြီး အသားကို စားလို့မရဘူး ဆရာကျော်လှ မှတ်ထားပေတော့....”

ကျွန်တော်သည် တပ်ဖွဲ့များအား ရှေ့စခမ်းသို့ ဆက်လက်ချီတက်ရန် အမိန့်ပေးလိုက်ပြီး တဲသုံးတဲကို မီးရှို့သင့် မသင့် စဉ်းစားလိုက်သည်၊ သောင်းကျန်းသူများသည် ရွာတွင်မခိုဘဲ တောကျကျ ထဲတွင် စခမ်းထောက်အဖြစ် ခိုကပ်နေမည်ကို စိုးရိမ်မိသောကြောင့်တည်း၊ ထိုရာတွင် ဦးဘိုးဟန်သည် အတန်ကြာ စဉ်းစားပြီးမှ....

“နေပါစေဗျာ....၊ အသာဒီအတိုင်းထားပါ၊ ကျုပ်တို့ရဲ့ထောင်ချောက်မှပေါ့....၊ သီးစားပင်လာတာတဲ့ ဂျီကိုကျုပ်တို့ ကြိုပြီး ခြောင်းပစ်သလို ဒီတဲ....လာကပ်တယ် ကြားရရင် အပိုင်ပစ်ယူရအောင်....”

အကြံပေးသည့်ကြောင့် တဲများကို မူလအတိုင်းထားခဲ့ပြီး ရှေ့စခမ်းချမည့်ဒေသသို့ အရောက် ချီတက်ရန်မြင်ဆင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## "စစ်ပရိယာယ်သစ်နှင့် ညဉ့်တိုက်ပွဲကြီး"

ကျောက်တလုံး စခမ်းတွင် ကျွန်တော်သည် ထိုညဉ့်အဘို့ ရပ်နားရင်း တညဉ့်တာစခမ်းချလိုက်သည်၊ ကျွန်တော်သည်စစ်ပရိယာယ်တမျိုးထုတ်သုံးလိုက်၏ တသုံးတဲ့က လူများသည် ကျွန်တော်တို့အရင် ပတ်ခေါင်နှင့် ဘေဆိုင်း ရွာများသို့ နောက်က တပ်များတဆက်တည်းချီတက်လာကြောင်းကို သတင်းပို့ပေးမည် ဆိုကြောင်း ရွာသူရွာသားတွေနှင့် သောင်းကျန်းသူများမှာည် ကျွန်တော်တို့ထက်ချပ်မကွာ ချီတက်လာပြီဟု အတတ်အထင်ရှိကာ ချက်ခြင်းရွာများမှ ရွှေ့ပြောင်းပေးလိမ့်မည် သို့ရာတွင် ယခုညဉ့်အဘို့ ကျွန်တော်တို့ရွာများသို့ မဆိုက်ရောက်ခဲ့လျှင် သောင်းကျန်းသူများအဘို့ အစဉ်းစားရ ခက်လာကြလိမ့်မည် စိုးရိမ်မှုတွေ ပေါ်လာတော့မည် နံနက်မှ ၎င်းတို့ရွာများသို့ ကျွန်တော်တို့မရောက်ခဲ့လျှင် ကျွန်တော်တို့တပ်ဖွဲ့သည်၊ လေးအိမ်ကိုသာတိုက်ပြီး မြို့ဆီသို့တလှည့် ပြန်သွားပြီဟုတွက်ကြလိမ့်မည်ဤသို့ရန်သူအားလှည့်စားမှု ပရိယာယ်ကြောင့် ကျွန်တော်သည် ထိုညဉ့်အဘို့ ချောင်ကျသော ဘေဆိုင်းနှင့် ပတ်ခေါင် ရွာသွားလမ်းနှင့် ခြောက်မိုင်ကျော်ဝေးသည့် ဤကျောက်တလုံးစခမ်း၌ လျှို့ဝှက်စွာ တပ်စခမ်းချလိုက်ခြင်းဖြစ်သည်။

တပ်စခမ်းနှင့် တမိုင်ကွာမှ၍ ကင်းပုန်းအဖွဲ့များ လှည့်ကင်းပါတ် ကင်းများ အထပ်ထပ်ခုကာ တပ်စုလိုက် တပ်ဖြန့် စောင့်ရှောက်၍ နေရာအဆင်သင့် ယူထားစေ၏၊ အထူးသဖြင့် အဝေးမှမြင်သော နေရာမျိုး၌ လူရိပ် မပြရန် မီးမဖိုရန် မီးမထွန်းရန် တားမြစ်ထားခဲ့သည်၊ ထမင်းကိုမူကား ချောက်ထဲသို့ဆင်း၍ ရေနှင့်နီးနီး၌ချက်ပြုတ်ခိုင်းသည် မီးဖိုမှထွက်သော မီးခိုးငွေ့နှင့်တောင်ငွေ့ မြူမှုန်တို့သည် ရောနှောနေ၍ ရုတ်တရက် သောင်းကျန်းသူများ



အဘို့ ကျွန်တော်တို့စခမ်းချရာဒေသကိုရှာဖွေမှန်းဆ၍ မရနိုင်အောင် ကာကွယ်ထားခြင်းဖြစ်သည်။

တောင်ပေါ်ဒေသသည် ရုတ်တရက် မှောင်ဝင်သည်နှင့် မမှောင်ပါ အောက်ကျဉ်း ဒေသတို့ထက် အလင်းရောင် နာရီဝက်ခန့်ပိုမို ကျန်ရစ်ခဲ့ကြောင်းကို ကျွန်တော် ~~သဘောသ~~ပေါက်ခဲ့သည်၊ မိုးပင်မချုပ်စေကာမူ တောတွင်း သားကောင်များသည် စတင်ကာ ညဉ့်တာအတွင်း အစာရှာရန် အသံများပေး၍ နေရာအနှံ့ အပြားမှ ပေါ်ထွက်လာချေသည်၊ ကြီးမားသော ဆတ်ကြီး (ဆတ်ကျွဲ) များသည် ကျွန်တော်တို့ စခမ်းချရာ တဝိုက်မှ လှည့်၍ ပတ်၍ လူသူကို မကြောက်ထမ်း တတိန်တိန်တစ်ကာ အစာစားနေကြသည် တပ်စခမ်းမှ ရဲဘော်အားလုံးအား သေနတ်သံမည်သူမှ အမိန့်မရဘဲ မပေးရန် မပစ်ခတ်ရန် တားမြစ်ပြီး အရေးရှိက လှံစွပ်ကို လက်ဦးနှင့် အသုံးပြုရန် မှာကြားခဲ့သည် ဦးအိုးဟန်၊ ဦးနု၊ ကိုဘိုးရ နှင့် ရဲဘော်ကျော်လှိုင်၊ ရဲဘော်မောင်ထွန်း၊ တပ်ကြပ်ကြီး သန်းထွန်းတို့ ၏ သည်၊ ဆတ်ကျွဲကြီးများ၏ ထစ်သံ ခွာလှမ်းလှမ်းမှ စားသော နေသည်ကို တွေ့ရသည်ကြောင့် ပွဲတိုးပြီးသော မုဆိုး ဝါသနာအတိုင်း ထိုင်ရမလို ထရမလို အားမလို အားမရဖြစ်နေကြရသည် အမှန်ကလည်း ဆတ်ကျွဲကြီးများ ပစ်ခတ်ရန်မှာ စွဲလောက်လန်းလောက်ပါပေ၏၊ ဆတ်ကျွဲ ဆိုသည့် ဆတ်မျိုးသည် အငယ်ဆုံးအကောင် ပိဿာလေးဆယ်မှ အကြီးဆုံးအကောင် ပိဿာကိုးဆယ်ငါးတရာအထိပင် ထွက်အောင် ကြီးမားပါ၏၊ ဆတ်သတ္တဝါတွင် နှစ်မျိုးရှိရာ၌ ဆတ်ကျွဲ သို့မဟုတ် ဆတ်ဖါး (ဝါ) ညိုသန်းသန်းအရောင်ထွက်နေအောင် ကြီးမားသော ဆတ်ကြီးမျိုး တမျိုးနှင့် ဆတ်ငါးနီ သို့မဟုတ် အနီရောင်သန်းသော ဆတ်အငယ်မျိုးဟူ၍ နှစ်မျိုးနှစ်စားရှိခဲ့သည် အမဲပစ် မုဆိုးများအနက် ခြေလေးချောင်း သတ္တဝါ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ထဲတွင် ဆတ်သတ္တဝါ၏ အသားသည် အရသာအရှိဆုံး အသားဟူ၍ သတ်မှတ် ထားကြသည်။

ကျွန်တော်သည် ဦးဘိုးဟာန်ကြီးကပါ ဆတ်များ၏ နံ့စင်းကို ပစ်ခတ်ရန် ဆန္ဒပြင်းပြ လာသော အခါ၌ လောကဓါတ် နည်းဖြင့်တည့်တွင်ထားသော ပစ်, ခတ် နည်း တနည်းကို အသုံး ပြုရပါသည်၊ ထိုနည်း မှာ ရိုင် ဖယ် ပြောင်းဝ ထိပ်၌ 'အသံ တိပ် ကီရိယာကလေးကို တပ်၍ ပစ်ခတ်ရသော နည်းဖြစ်သည်၊ ကံအားလျော်စွာ မှဆိုးဝါသနာပါလှသော ကျွန်တော်၏ ဂျာမန်မိတ်ဆွေဖြစ်သူ ဖရင့်အားနားဆိုးကာ ကျွန်တော်၏ အတွက် အထူးလက်ဆောင်အဖြစ် ပြုလုပ်ပေးအပ်လိုက်သည့် ရိုင်ဖယ်နှင့် နှစ်လုံးပြူးသေနတ်များ ပြောင်းဝများ၌ စွပ်၍ ပစ်ခတ်လိုက်သည် (SILENe-R) အသံတိတ် ကီရိယာ တခုကို ရရှိခဲ့သည်ကြောင့် လိုလိုနှင့် ကျွန်တော် ယူဆောင်ခဲ့သည်တွင် ယခုမှ အရေးကြုံကာ သုံးခွင့်ကြုံတော့သည်။

ထို့ကြောင့် ကျွန်တော်သည် ၄၇၅-မဂ္ဂဇင်း ရိုင်ဖယ် ပြောင်းဝ တပ်၍ တပ်စခမ်းချရာနှင့် ဂိုက်ခြောက်ဆယ် အကွာ၌ ရပ်ကာ နို့တော် ကို မထိ လေးစား ကြည့်နေသော 'ခြောက်စတောင် ဆတ်ကျွဲကြီး' ကို ချိန်လိုက်သည်၊ အသံတိတ်ကိရိယာတပ်၍ပစ်ခတ်ရာ၌ သေနတ်ပြောင်းသည် အောက်သို့အနည်းငယ် ဆွဲတတ်သည့် သတ္တိကြောင့် ကျွန်တော်သည် မိမိရရ သေနတ် ပြောင်းကို ချိန်၍ ကျွန်တော်တို့အာက်သို့ မျက်နှာမူနေသည့် ဆတ်ကျွဲကြီး၏ ထမ်းပိုးကြီးတွင်းသို့ ပစ်ခတ်ချလိုက်သည်။

ချောက်ကနဲ ဝါးလုံး ခေါက်သံ လောက်သာ ထွက်ပေါ်လာသော ရိုင်ဖယ်သံနှင့် အတူ ဆတ်ကျွဲကြီးသည် နောက်သို့ လှန်ကာ ကျသွားပါသည် ထိုအခိုက်တွင် ဝါးတော အတွင်းမှ ဆတ်မသည်



ဆတ်ကြီးဆီသို့ မြူးတူးကာ မြေပေါ်၌ လူးလိမ့် ကစားသည်အထင်ဖြင့် ရောနှော၍ ကစားမြူးတူးရန် သဘောဖြင့် ထွက်လာသော်တွင် ဒုတိယ ကျည်ဆံသည် အချိန်ခြောက်ဆယ်ခန့်ရှိ ဆတ်မကြီး၏လက်ပြင် ကို ဖေါက်ထွက်သွားပါသည်။

ဦးဘိုးဟာန်နှင့် ရဲဘော်အားလုံးမှာ အသံမမြည်ဘဲ ခရီးရောက်လှသည့် အသံတိပ် ကိရိယာကို အံ့သြ၍မဆုံး တယုတယ ဝိုင်းအုံကာ ကြည့်ကြပြီး ရဲဘော်တသိုက်မှာ ဆတ်ကြီး နှစ်ကောင်ကို ထမ်းသားရ ပြေးကာ သယ်ယူနဲ့ကြသည်။

အမှန်အားဖြင့် သားကောင်များကို အသံတိတ် ကိရိယာတပ်၍ ပစ်ခတ်ခြင်းသည် လုံးဝမသင့်လျော်ပါ ရက်ရက် စက်စက် သတ်ဖြတ်ခြင်းသာလျှင်ဖြစ်ပေ၏၊ သို့ရာတွင် ယခုကဲ့သို့ ဘေးကြပ်နံ့ကြပ်ထဲတွင်ရောက်ရှိ၍ ငါ ကျွန်တော်သည် မုဆိုးတို့၏စောင့်စည်းရန် စည်းကမ်းကို ကျော်လွန်ခဲ့ရခြင်းသာ ဖြစ်ပါသည် အရှေ့ သစ်ပင်အုပ်များအကြားရှိ တောင်စွန်းဆီမှ ဆယ်ရက်လသည် ထိန်လင်းစွာပေါ်ထွက်၍ လာချေပြီတကား။

လရောင်၏ ထိန်ထိန်သာသော အလင်း ရောင်များနှင့် အတူ တတောလုံး တတောင်လုံးသည် အသက်ဝင်၍ လာချေတော့၏၊ ပုရစ်အော်သံ၊ မြေဝပ်ငှက်များ၏ စူးအော်သံ၊ ညဥ့်ငှက်အားလုံး၏ အစာရှာထွက်ရင်း ဖိုသံ-မသံ ပေးသည့် ဘာသာဘာဝ အော်မြည်သံများသည် တခဲနက်ခြင်း၌ တောလုံးညံ လျက်နေတော့၏။

တောင်ပေါ်ဒေသဖြစ်ပြီ အေးမြနေသာလောက် တဟူးဟားဘိုက်ခတ်စပြုခဲ့တော့သည်၊ ကျွန်တော်တို့အဘို့ အနွေးထည် စစ်ဝတ်စုံအားလုံး အသင့်ယူဆောင်၍လာခဲ့ခြင်းမှာ တောင်ပေါ် ဒေသအတွက် ထိရောက်မှန်ကန်သော အစီအမံ တခုဖြစ်ကြောင်း ပေါ်ရှား


www.burmeseclassic.com

www.burmeseclassic.com



စွာ သတ်သေခံနေခြင်းသာဖြစ်ပေသည်။ ကျွန်တော်သည် ဦးဘိုးဟန်တို့ စုမြို့၍ ခတ်အုပ်အုပ်စကားပြောနေရာမှ အသာခွာထွက်ခဲ့ပြီး ရဲဘော်ကျော်လှိုင် အခင်းသင့် ခင်းကျင်းပေးသော အိပ်ရာဆီသို့ ခဏအနားယူရင်း အိပ်စက်ရန်အတွက် ဝင်ရောက်ခဲ့သည်။ မြင့်မားး၍ အရိပ်ကောင်းလှသော ကညင်လေးပင်အောက်၌ ရှေ့တန်း စစ်ဌာနအဖြစ် ဖွင့်လှစ်ထားသော နေရာမှ ယခုတဖန် စစ်ဌာန တာဝန်ခံများ၏ အိပ်စက်ရာ သဘာဝ အမိုးအရိပ်နှင့် တဲကြီးသာဖွယ်ဖန်တီးနေတော့သည်။ အခင်းကား မြေမှာမာအပေါ်၌ တာလဘတ် ထူထူတထပ်အပေါ်မှ သက္ကလပ် အကြမ်းစား စောင်တသပ်ခင်းထားသော ပြည်ချစ်စစ်သူကြီး၏ ယာယီ အိပ်ရာသာ ဖြစ်ချေ၏၊ စည်းစိမ်ဆိုသည်မှာ ရသမျှ ဖြစ်သမျှနှင့် ရောင့်ရဲနိုင်မှ တော်ယုံကြပေသည်၊ သို့မှသာ ဘဝကိုမမေ့ကြပေမည်၊ ထင်တိုင်းအာဏာရှိတိုင်း ဓိမ်ရစ်လျှင်ဘဝကို မေ့လျော့ကာ မြေကြီးနှင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လည်းကောင်း၊ ကင်းကွာသော အောက်ခြေလွတ်ပြီး မှားဘက်လိုက်၊ မိုက်ဘက်ပါကာ မျိုးချစ်စစ်သည်တော်အစား 'ပျက်စီးမဲ့' စစ်သည်တော်သာ ဖြစ်ပေလိမ့်မည်၊ စဉ်းစားရင်း ကျွန်တော်သည် ငိုက်မြည်းကာ လာချေ၏၊ လကလည်း ရက်ရက်ရောရော ထိန်ထိန်သာလှတော့သည်၊ တိမ်လွှာတွေက သဏ္ဌာန်အမျိုးမျိုးဖြင့် လရောင်ရိပ်ဝယ် ရွှန်းမြူးတင့်တယ်နေတော့၏၊ မကြာမီ ကျွန်တော်သည် နမူးပေါ် လက်တင်ရင်း အိပ်ပျော်ခဲ့တော့၏။

တစုံတယောက်သောသူက ကျွန်တော်၏ ပက်လက်အိပ်နေသော ခြေဖဝါးကို အရေးတကြီး လှုပ်နှိုးနေလေသည်၊ ပထမကနဦးက အိပ်မက်မှ ကျွန်တော်ကထင်လိုက်သည်၊ နေ့ခင်မှ တကယ့် အဖြစ်အမှန်မှ ဆတ်ပြန်စင်လာသော နိုးခါစကျွန်တော်သည် နားလည်အမှတ်ရတော့၏၊ လေးလန်နေသော မျက်လွှာနှစ်ခုကို အားယူ၍



ဖွင့်ကြည့်လိုက်သည်၊ ကျွန်တော်၏ ညာဘက်ဆက်ကလည်း တပိုင်နက်တည်း အိပ်ရာ၏ညာဘက်၌ အသင့်ချထားသော • ၃၀ ဘိုစဗါယ်ရှယ် ခြောက်လုံးပြူးဆီသို့ အသင့် ဆုပ်ကိုင်ရက်သားရှိချေသည်။

"ဗိုလ်မှူး....ဗိုလ်မှူး....၊ ဦးလေးဟန်က အနှိုးခိုင်းလို့ ...."

ရဲဘော်ကျော်လှိုင်၏ အရေးတကြီးအသံကို ကျွန်တော်မထမဦးစွာ ကြားလိုက်ရသည်၊

"ဘာလဲဟေ့ ....၊ ရန်သူလှုပ်ရှားမှုသတင်းလား...."

ကျွန်တော်သည် ရန်သူကိုအမိက ထားနေခိုက်ဖြစ်၍ အရေးတကြီးမေးလိုက်သည်တွင်....

"မဟုတ်ဘူးခင်ဗျ....၊ ကျားကြီးတကောင်ဟာ ကျွန်တော်တို့ ချထားတဲ့ စည်းနှင့် ကင်းနားမှာ ရဲရဲကြီး ချဉ်းကပ်လာလို့ ပစ်ဘို့-မပစ်ဘို့ ဗိုလ်မှူး...."

ကျွန်တော်သည် ရဲဘော်ကျော်လှိုင်နှင့် အတူဂိုက်ထရာကွဲခ၌ အသင့်နေရာယူကာ မုဆိုးဒူးထောက် ပစ်ခတ်ရန် တန်းစီနေကြသော ဦးဘိုးဟန်တို့လူစုရှိရာသို့ အရေးတကြီးထွက်လာခဲ့ကြသည်။

"ဟိုမှာမြင်ရဲ့လားဗိုလ်မှူး.... တောကောင်ကြီးဗျ၊ ဝပ်နေတယ် ကျုပ်တို့ ခနဲ့ ပစ်ခြောက်လဲ ထမပြေးဘူး၊ ရဲတင်းလှချီလား၊ ဒီက လူအားတောင့်နေလို့ သူရှေ့တိုးမလိုက်တာ...."

ဦးဘိုးဟန်သည် ရှေ့ဂိုက် တရာ့နှစ်ဆယ်ခန့် အကွာရှိ မြက်ပင်များနှင့် ရောနှောပေါက်နေသော သစ်ပေါက်တောကလေးအစသို့ လက်ညှိုးဖြင့် ညွှန်ပြပါသည်။

ထိန်လင်းနေသော လရောင်အောက်၌ ကျွန်တော်သည် မှန်ပြောင်းကို အသုံးပြုကာ ဦးဘိုးဟန် ညွှန်ပြရာသို့ ဂရုတစိုက်ကင်း ထောက်ကြည့်ရှုမိသည်၊ အတော်ကြီးမားသော ကျားကြီးတကောင်

www.burmeseclassic.com

www.burmeseclassic.com



သည့် အိမ်ရှေ့တကောင်ပမာ ကျွန်ုပ်တော်တို့ကို လုံးဝ မကြွေသက်ဘဲ ခပ်တင်းတင်းစွမ်ကာ သူ့ပိုက်သူ့ လျှာနှင့်လျှက်ရင်း တချီတချီ သူနှင့် ခုနှင်ကိုတ်အကျွခရှိ တောခေါ်ဆို လှည့်ကာ အနံ့ ခံရင်းကြည့် နေတော့သည်၊ ကျွန်ုပ်တော်သည် ဦးဘိုးဟာန်ဖက်သို့ မှန်ပြောင်းပေး အပ်လိုက်ပြီး....

"ကြည့်စမ်းဗျာ....ဘာသဘောလဲ၊...ကျားကြည့်ရတာအထ ိ းနဲ့ မတူဘူး.... ကိုယ်လုံးပြီး ခေါင်းသေးတယ်၊ ကျားမဖြစ်မယ် အဘိုး ကြီး...."

ဦးဘိုးဟာန်ကြီးသည် မှန်ပြောင်းနှင့်လှမ်း၍ ကြည့်ရင်း....

"ဟုတ်တယ်ဗျို....ဒီကျားမ ကြည့်ရတာ တမျိုးဘဲ၊ မှန်းစမ်း နေအုံးဗျို...၊ သူ့နောက်ပိုင်းတောထဲ ခဏခဏ လှည့်ကြည့်လှချီ လား...၊ နေစမ်းအုံးဗျို ..၊ ခုတောင်ပေါ် ဒေသဆိုရင်.... ဟာ- ဖြစ်နိုင်တယ်-ဖြစ်နိုင်တယ်...."

တကိုယ်ထည်းပြောဆိုလိုက်ပြန်သည်။

"အာဒလဲဗျ ဦးဘိုးဟာန်၊ ဘာအတွဖြစ်နိုင်တာလဲ...."

ကျွန်တော်သည် အဘိုးကြီး၏ ပြောဆိုသည့်အဓိပ္ပါယ်ကို နား မလည်သည့်ကြောင့် မေးလိုက်ရာတွင် ဦးဘိုးဟာန်သည် လေသံခပ် တိုးတိုးဖြင့် ကျွန်တော့်အနားသို့ ကပ်၍...

"မိတ်လိုက်ချိန်လေ၊ ကျားနဲ့ ကျားသစ်ဟာ အေးတဲ့ရာသီမှာ ဒီကိုရွှေ့တွေ အသုပ်များခဲ့တာဗိုလ်မျိုး မေ့ပြီးသား...ကျုပ်တို့ ချင်း ရွာနဲ့ 'အောင်သာ' တဝိုက်မှာ အောင်းခိုးပေါက်ကာစပြီးနွေပေါက် အထိ မိတ်လိုက်ကျားတွေ တောင့်ခဲ့ကြတာ..."

ထိုအခါမှ ကျွန်တော်သည် ကောင်းစွာသဘောပေါက်ခဲ့တော့ ၏၊ မှန်ပေသည်၊ ချေးမိနစ်ခန့်အကြာတွင် ကျားမ၏နောက်ဘက် တောထဲမှလှသားကန်ကာကန်သတ္တဝါကြီးတကောင်သည်ခုံပျံ ချီရှုန်း



ပစ်ပေါ်ထွက်လာပြီး ကျားမ၏အားသိုးလှမ်းအကွာ၌ လေးဘက် ထောက်ချက်သား ဖတ်ကျ ကျလာတော့သည်။

'တယ်'ကန်နဲ့ ဗွာင်းရဲ့ဘော်များနှင့် ရဲဘော်ကျော်လှိုင်တို့၏အသံအား သင့်သံများသည် တခန့်က ပြိုင်တူ ပေါ်ထွက်လာချေ၏၊ အတွန် ကြီးမားသော ကျားကြီးတကောင်သည် ကျားမနှင့် ဘေးခြင်းယှဉ် ကာ ဝပ်လျက်သား တွေ့ရတော့၏၊ တခဏအတွင်း၌ ကျားမသည် ဝပ်နေရာမှထကာ ကျားကြီး၏ ပါးပြင်ကိုဖြေ၍ လက်ဘဖက်နှင့် ပုတ်ခတ်ရင်း မထိတထိခဲလိုက်၏၊ ကျားကြီးသည် အမြီးတဖတ် ဖတ် ရိုက်ခတ်ရင်း ခေါင်းကြီးကို မော့ပေးရင်း ကျေနပ်နေပုံ ရသည်။

"အဘျစ် စမ်းတာကွ...၊ ကျားမ,က အတော် လည်ပုံ ရ တယ်...."

ရဲဘော်မောင်ထွန်းသည် လှုတ်ကနဲ ရယ်သံနှင့် ပြောလိုက်သည် တွင် ကျားကြီးသည် လှည့်ကြားပြီး ကျွန်တော်တို့ဘက်သို့ ဝင်း ဝင်းတောက် မျက်လုံးကြီးများဖြင့် ကြည့်ကာ မကျယ်တကျယ် ဟိန်းလိုက်တော့၏။

အသာငြိမ်ငြိမ်နေကြည့်နေကြကွာ ရှေ့တိုးရင်အသံတိတ်ရိုင်ဖယ် နဲ့ ပစ်ချမယ် ကျွန်တော်သည် ရဲဘော်အားလုံးကိုလှမ်း၍ သတိပေး ကာ ကျားတော်သလင်းပွဲကို ဆက်လက်ကြည့်ရှုလိုက်သည်။

ကျားကြီးသည်ကျားမ၏နှာခေါင်းကို လျှာနှင့်တယုတယလျက် ပေးလိုက်သည်တွင် ကျားမသည် ဆတ်ဆတ်ထိမခံဘဲ ကျားကြီးကို မာန်သွန်းကာ လက်နှင့်ပုတ်၍ထုတ်လိုက်၏၊ ထိုအခါတွင် ကျားကြီးအား မဖြုံ၊ ဒေါသ တစုံတရာမဖြစ်ဘဲ ကျားမဆီသို့ မျက်နှာချို သွေးပြန် ပါသည်၊ ဤတွင် ကျားမသည် ဝပ်နေရာမှထ၍ ခြေလှမ်းကွာ နေရာသို့ ပြောင်းကာ ဝပ်လိုက်သည်တွင် ကျားကြီးသည် ထက်ချပ်

www.burmeseclassic.com

www.burmeseclassic.com



မကာ ကျားမနောက်မှ ကပ်၍ စတ်သွက်ယ်က် လိုက်ပါကာ မိုးဖန်း ပြန်ပါသည်၊ ကျားမသည် တစုံတရာ အနံ့ ရ၍ ဖြင့် တဘက်တောစ ဆီသို့ ခေါင်းမော့ကာ အနံ့ ခံလိုက်သည်၊ ဤတွင် ကျားကြီးသည် ကျားမနည်းတူ အနံ့ ရကာ ပါးစောင် မွေးကြီးများတောင် ထလာ ခမန်း ဒေါသထွက်လာပြီး နောက်အကြီးအကျယ် ဟိန်းလိုက်သည်။

မရေး.... မနှောင်းပင် ဝါးတပြုန့်ခန့် တောစပ်ဆီမှ လှုံးကာနဲ့ သစ်ချွန်ကြီးတခု ရှောင်တခင်ပေါ် ထွက်လာပါတော့သည်၊ တတိယ ပေါ်ထွက်လာသော သစ်ချွန်မှာ ကြီးမားလှသည့် ကျားကြီးတ ကောင်ဖြစ်ချေ၏၊ ကျားမ သည် နောက်ဆုံး ရောက်ရှိလာသည့် ကျားကြီးကို အရေးတယူထ၍ အမြီး တန့် နှံ့ နှင့် နှုတ်ဆက် လိုက်သည်တွင် ဒုတိယရောက်ရှိလာသော ကျားကြီးသည် တမဟုတ် ခြင်းမင် နောက်ဆုံး ရောက်ရှိလာသည့် ကျားကြီးကိုထိုး၍ ရက်ရက် စက်စက် ပုးကပ်ကာ တိုက်ခိုက်လိုက်သည်။

"မယားလုပွဲကြီးပေါ့ .... တကဲ့ပွဲကြီးပဲကောင်းဘဲ...."

ဦးနုသည် ရယ်သံနှင့် ပြောလိုက်သည်။

အလစ်တွင်အတိုက်ခံရသောကျားကြီးသည် ချက်ခြင်းပင် မိမိ၏ လည်မျိုကို တအားခဲထားသော ရန်သူကို ဘယ်ပြန် ညာပြန် လက် နှစ်ဘက်ဖြင့် ပုတ်ခတ်၍ ချလိုက်ပြီး တအားဆောင့်၍ ရုန်းကန်လိုက်ရာ ကျားကြီးနှစ်ကောင်သည် ကြောက်စရာ အသံကြီးများဖြင့် ကွာ၍ စင်၍ ကျသွား တော့သည် ဤတွင် ပဌမဦးစွာ အကိုက် ခံရသော ကျားကြီးသည် ဖင်ထိုင် ကျသွားသည် ရန်သူ ကျားကြီးကို တဟုန် တည်းခုန်ကာ အုပ်လိုက်ပြီး လည်မျိုကို အမိအရခဲတော့၏၊ ကျား ကြီး နှစ်ကောင်၏ 'မ' အတွက် ရန်ပွဲကြီးမှာ ထတောလုံး တုန်ဟီးကာ ညံ နေတော့၏၊ ၎င်းတို့အားမှ သစ်ပင်-ဝါးပင်များ ခြုံပုတ်များ သည် ပြတ်သပ်၍ ထွက်နေတော့၏၊ တဝေါဝေါ အသံကြီးများ



ကြောင့် အိပ်တန်း တက်ခနကြသည့် တောကြက် များသည် လန့် ဖြန့်ကာ ကြောက်လန့် တကြား ထကာ ပျံသန်း ပြေးလွှားကြ မြန် တော့သည်။

ကျားမကား အိမ်ရွှေရရ မလှမ်း မကမ်းမှ ဝပ်လျက် သူနှင့် လုံးဝ မပါတ်သက်သည့် အလား ကျားကြီးနှစ်ကောင်၏ အသေအလဲသတ် ပွဲကြီးကို အမြီး တဖြတ်ဖြတ် ရိုက်ခတ်ရင်း ကြည့်နေတော့သည်။

တခါတွင် အောက်မှ ပက်လက် လှန်နေသော ကျားကြီးသည် သူ၏ အထက်မှ အပိုင်စီးနှင်းကာ တိုက်ခိုက်နေသည့်ကျားအား ခြေ နှစ်ချောင်းဖြင့် အထက်မှရန်သူ၏ဝမ်းဗိုက်ကို ကုပ်ခြစ်ခြစ်ရင်း ကန် ထုတ်လိုက်ရာ အထက်မှ ကျားကြီးသည် တပါတ်ချွန်း လယ်ကာ အောက်မှ ကျား၏ ခေါင်းရင်းဘက်သို့ ပစ်ကျသွားပါသည်၊ ယခင် ကာလက အပေါ်မှ စီးမိသော ကျားကြီးသည် မိမိ၏ ခဲထားသည့် ပါးစပ်ကို မလွှတ်ဘဲဘားရာမှ ယခုအခါ၌ မိမိဘာဒသာ လည်ပင်းကို လိမ်၍ ချိုးထားသကဲ့သို့ အခြေအနေ ရောက်သွားသည်တွင် ကမြာ ကယာသူ၏ ပါးစပ်ကို ဖြဲဟကာ လွှတ်လိုက် ရတော့၏၊ ဤတွင် အောက်မှ ရောက်နေသော ကျားကြီးသည် တချက်တည်း တရှိန်ထိုး ပြေးတက်ကာ မိမိ၏ရန်သူ ကျားကြီး၏ နားအုံကို အားရပါးရ ငုံ ကာကိုက်ရင်း ဝှေ့ရမ်းကိုက်ခဲပါသည်၊ သို့ရာတွင် နားအုံ အခဲခံရ သော ကျားကြီးသည် လက်နှစ်ဘက်ဖြင့် ရန်သူ၏ မျက်စေ့ နှစ်ဘက် ကိုဘယ်ပြန်ညာပြန်ကုပ်ဖြဲလိုက်သည်တွင်အနှောင်အဖွဲ့မှလွှတ်မြောက် ခဲ့ပြန်သည် ထိုနောက် ဖြတ်ကနဲ ရန်သူ၏လည်မျိုကို အမိအရခဲကြပြန် တော့၏။

မိနစ်နှစ်ဆယ်ခန့် ကြာသော ကျားခြင်း တိုက်ပွဲကား အပြီးသတ် တော့သည်၊ ဒဏ်ရာတွေရပြီးသွေးချင်းချင်းနီနေသောကြီးကောင် သည် မိမိအားအနိုင်ကိုက်သူ ကျားကြီးကို နောက်ဆုတ်နောက်ဆုတ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ခုခိုရင်း....လာရင်း တောထဲသို့ ဝင်ရောင်သွားပါတော့၏။

ထိုအခါမှ ကျားမသည် အိပ်နေရာမှ ထ၍ အောင်နိုင်သူကျားကြီး၏ မျက်နှာ ဒဏ်ရာများကို ကယုကယ လျှာနှင့် လျက်၍ပေးနေပါသည်။ ကတုံ ကခိုနှင့် ကျားကြီးကား မလှုပ်မရှက်နှင့် တွေ့ရသည်ဘင်....

"အချစ်အတွက်....အသက်ပင် သေသေ...."

ရဲဘော် ကျော်လှိုင်သည် မအောင့်နိုင်သည့် အဆုံး၌ သက်ဝေ သီချင်းမှ တပိုဒ်ကို လှုတ်ကနေ ပေါ်ထုတ်လိုက်ရာတွင် ရဲဘော် အားလုံးသည် ဝါးကနဲအားရပါးရ ရယ်မောလိုက်ကြသည်၊ ဤတွင် ကျားထီးနှင့် ကျားမသည် ကျွန်တော်တို့ကို သတိရကာ တောတန်းဆီသို့ နှစ်ကောင်ခြင်း ယှဉ်တွဲ၍ ကျွန်တော်တို့အား လှည့်ကြည့် လှည့်ကြည့် လုပ်ရင်း ထွက်ခွာသွားကြတော့သည်။

## "လက်ဦးမှုနှင့် ကင်းပုန်း တာဝန်"

ဝေလီဝေလင်း အချိန်၌ ကျွန်တော့်သည် တပ်စုသုံးစုကို ခေါ်ဆောင်ကာ လေးအိမ်စုရွာမှ ဘောဆိုင်သို့ သွားရာ လမ်းတဖက်တချက်သို့ တောတွင်းမှ ပန်းကာ တိုက်ကင်းထွက်ခဲ့သည်။

ကျွန်တော်၏ စုံကိုက်ကိန်းမှာ ရန်သူများသည် ကျွန်တော်တို့၏ တပ်များ လှုပ်ရှားမှုကို တနည်းနည်းဖြင့် စုံစမ်းရပေမည် ဆိုကြောင့် အမှတ်တမဲ့ လူသွားလမ်းမှဘက်သာမည့် ရန်သူအင်အားစုကို အရှင်ဘမ်းဆီး၍ ရန်သူများ၏သတင်းကို ရယူရန် ရည်ရွယ်ချက် ဖြစ်ပါသည်။

ထို့ကြောင့်လည်း တပ်စုမှူးသုံးဦးကိုရန်သူတပ်သားများအား အသံမမြည်စေအဲလျှော့ စွပ်အသုံးပြုကာ လူခြင်းပူးကပ်၍ အရှင်ဘမ်းဆီးစေရန် အမိန့်ပေးလိုက်သည်။



ကျေးသံ ငှက်သံများ ဆူညံ နေသော နံနက်ခင်းဝယ် တပ်စုသုံးစုသည် လမ်းတဖက်တချက်မှ ပါက်၍ အလှမ်းခြင်းတိုက်ကင်းလွှက်ခဲ့ရသည်တွင် တပ်စခန်းချရာနှင့် တမိုင်ခွဲခန့် အရှေ့ဘက်တွင် ရွေ့များ တပဲစိပ်က ရန်သူအဖွဲ့တဖွဲ့ တွေ့ရကြောင်း သတင်းပို့ပါတော့၏၊ ဤတွင် ကျွန်တော်နှင့် ဦးအိုးဟန်၊ ဦးနုတို့သည် ရွေ့မှ စက်၍ ရန်သူအခြေအနေကို စနစ်တကျ လေ့လာကြသည်။

သေနတ်ကိုင် လူခြောက်ယောက်တို့သည် ဘောဆိုင်းသို့ သွားရာ လူသွားလမ်း ဘေးတဖက်တချက်၌ ပေါက်နေသော သစ်ပင်ကြီးများ၌ ကပ်၍ လုပ်သေနတ်များဖြင့် ချိနေခင်ကာ လေးအိမ်စုလမ်းမှ လာသူများကို မျှင်ကြီးတား၍ 'ထောင်ချောက် သေနတ်' ပစ်နည်းဖြင့် ပစ်ခတ်ရန် စီစဉ်နေကြကြောင်း တွေ့ရတော့၏။

ကျွန်တော်သည် တပ်စိပ် နှစ်စိပ်ကိုဖြန့်၍ အနီးကပ် ချဉ်းကပ်နိုင်သမျှချဉ်းကပ်ကာ အဘမ်းခိုင်းလိုက်တော့၏၊ စိတ်ချလက်ချ အလုပ်လုပ်နေသောရန်သူခြောက်ယောက်တို့သည်ရုတ်တရက်တောကြားမှ လှုံ့စွပ် ဖွေးဖွေးနှင့် ထွက်ပေါ်လာသော ကျွန်တော်တို့ တပ်သားများကို အံ့အားသင့်နေပုံ ဖြင့် တွေ့ရပြီး ထိုလူစုထဲမှ တယောက်က ရိုင်ဖယ်နှင့် ပြန်လှန် ပစ်ခတ်ရန် သေနတ်ကို မ လိုက်စဉ်တွင် လှုံ့စွပ်သွားတခုသည်ရိုင်ဖယ် လှမ်းဆွဲသူ၏ ရင်စကို ပေါက်ထွက် ဝင်ရောက်သွားတော့၏။

ဦးနုသည် ထိုလူအုပ်ထဲမှ တစ်တယောက်ကို စူးစိုက်စွာ ကြည့်လိုက်ပြီး ရှေ့သို့ ခေါ်ပေါ်လိုက်၏၊ ပြီးမှ....

"ဟေ့....စိန္တာ၊ တွေ့ကြပြန်ပြီပေါ့ကွာ ဒီတခါ မင်းငါ့ကို မမှတ်မိရှဲလား...မင်းက မေ့ပေမယ်လို့ ငါက မမေ့ဘူးကွ...."

နှုတ်ခမ်းမွေးနှင့် လူအသည်ရုတ်တရက် ဦးနုအသံကို နားမှင့်နေရာမှ တုံ့လှုပ်သွားပြီး သေဆုံးခဲ့သော ရန်သူတယောက်ကို ဖြန့်၍

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရ သကဲ့သို့ မဖယ်ကြည့်နိုင်မှု ဖြင့် ဦးနု၏ မျက်နှာကို မယုံတယ်ဟုတ်မဟုတ် တချက်မျက်တောင် မခတ်တမ်း ကြည့်နေသော နှုတ်ခမ်းမွှေးနှင့် စိန္တဆိုသူသည် နောက်မှ အသာကပ်ရှစ်နေသော ဦးနု၏ မျက်နှာ အစစ်အမှန်ကို တွေ့ရမှ 'ဟယ်...' ကနဲ အလန့်တကြားအော်ဟစ်ကာ ထပြေးရန် ကျိုးစားလိုက်၏ နောက်မှ ကြိုးစကိုင်ထားသော ရဲဘော်သည်၊ လှုံ့ဆွပ်ဖျားနှင့် စိန္တကိုထောက်၍ ထားလိုက်ရ၏။

"ဟော...စိန္တ၊ မင်းဟာ ရှမ်းရှေး...ထရင်တွေ အပေါ်မှာ စော်ကားမော်ကား ဗိုလ်ကျ အနိုင်ကျင့်တာက များပြီးလေ ခုဟာ မင်းအလှည့်ကျပြီ ငါက ရှမ်းထွန်းဆိုတာ ဘယ်သူထုံးလို့ လက်စသတ်တော့ မင်းနဲ့ ပေါင်းနေတဲ့ ဉာဏ်ထွန်းကိုကွ တခွန်းထဲပြောလူပြေနေချင်သေးသလား မနေချင်ဘူးလား၊ ထွန်းဘယ်မှာလဲ"

ဦးနုသည် အနှစ်နှစ်အလလက အနိုင်ကျင့်ခံရမှု ကို ပြန်လည်သတိရမှု ဖြင့် သူ၏ခါးကြားမှ အသွားဆယ်လက်မခန့် ထက်မြက်သော ဓါးမြှောင်ကြီးကို စွက်ကနဲ ဆွဲနှုတ်ကာ စိန္တ၏လည်မျိုဆီသို့ ဓါးသွားတင်ထားလိုက်၏။

"မြဲဟော...ငါမေးတာ...ဉာဏ်ထွန်း ဘယ်မှာလဲ မှန်မှန်ပြောဒီပြင်လူတွေပြောတာငါ မလိုချင်ဘူး...မင်းပြောတာမှ လိုချင်တယ် ငါ ဘစ်-နှစ်-သုံး လေး-တဆယ်အထိ ရေတွက်မှ တဆယ်ပြီးလို့မှ မင်းမပြောရင် မင်းလည်ပင်းကို တောဒီဓါးသွားနဲ့ ဖြတ်မယ် ငါ့အကြောင်း မင်းသိတယ်..."

"ကဲ...တစ်...နှစ်...သုံး...လေး...ငါး...ခြောက်..."

"ပြောမယ်...ပြောမယ်... ထမ်မှန်နု ပြောမယ် ဉာဏ်ထွန်း ပတ်ခေါင်ရွာမှာ ရှိပါတယ်... ကျုပ်လဲ သူသတ်မှာ ကြောက်တာနဲ့ သူခိုင်းတာ လုပ်ရတယ် တမှန်နု ချမ်းသာပေးပါနော် ကျုပ်ဟိုတုန်း



ကကိစ္စတွေ အားလုံးမှားပါတယ် တောင်းပန်ပါတယ်..."

"အံမယ်...မင်းအလှည့်ကျမှ ခုမှ ကြောက်နေရသေးသလား ဟိုတုန်းက မင်းဟာ...ရွာကိုဖျက်တယ် ကောင်မလေးတွေကို မင်းမတရားကျင့်တယ် ငါ့ကိုလိုက်သတ်တယ် မဟာဒီကောင်ဟာ ရာဇဝင်လူဆိုး ဗိုလ်မှူး ပြစ်မှုတွေ တထန်းကြီးဗျ...စော်ဘွားတွေ ကိုယ်တိုင်က သူ့ကို ဆုငွေ ထုတ်ထားတဲ့ အကောင်..."

"ဦးနုသူတို့ ထောင်ချောက်တွေ ဘယ်နှစ်ခု ထောင်ထားသလဲဆိုတာ ဆက်မေးဗျာ... လိမ်ပြောရင် နောက်မှ တွေ့ရရင် သူတို့ကို ကျွန်တော်တို့ ဟောဒီအင်ပင်မှာကြိုးနဲ့ တုပ်ပြီး လှုံ့ဆွပ်နဲ့ ထိုးသတ်မယ် ခုပြောနော်... ပြီးရင်လိုက်စစ်ကြည့်မယ် ဟုတ်မဟုတ်..."

ကျွန်တော်သည် ပရိရာယ်သုံးကာ မျက်နှာက ခတ်တင်းတင်းနှင့် အမိန့်ပေးလိုက်သည်။

"ပြောမယ်...ဗိုလ်ကြီး ပြောမယ် စိတ်ချဗျာ...ကျုပ်တို့ ဟောဒီနေရာက နေပြီး ဘွေဆိုင်ရွာအထိ ထောင်ချောက် သေနတ်ငါးနေရာ တွင်းကျ သုံးနေရာ ထောင်ခဲ့တယ် ရွာမှာလဲ လူတွေကိုအစေးရှောင်ဘို့ ဉာဏ်ထွန်းက အမိန့်ပေးပြီးပြီ သူတို့က ဗိုလ်ကြီးတို့ရွာရောက်ရင် အပြင်ကနေပြီး ဝိုင်းတိုက်မယ် ပြီးတော့ သူတို့လူဆိုးဂိုဏ်းကြီးရှိတဲ့ မိုင်းမြနယ်ကိုလဲ လူလွှတ်ပြီး အကူအညီထပ် တောင်းထားတယ်..."

၎င်းသိသမျှ စိန္တသည် အကုန်ဖွင့်ပြောပါသည်။

"ကောင်းပြီ စိန္တ မနေ့ကနဲ့ တနေ့က လေးအိမ်က ဆက်သားမှင်းတို့ဆီ ရောက်လား...ဗိုတက်လာတာ မင်းတို့ ဘယ်သူတွေ လာသတင်းပို့ သလဲ ပြောစမ်း...မြန်မြန်ဟော..."

ကျွန်တော်သည် ဆက်လက်၍ လိုအပ်သည့် သတင်းများကို စုဆောင်း နှိုက်ထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မနေ့က ညနေမှ ဟိုတယ်မှာရှိတဲ့ တဲသုံးတဲက လူတွေ ရွာကို ပြေးလာကြတယ်၊ လေးဆိပ်မှာ အကြီးအကျယ် တိုက်ပွဲဖြစ်တဲ့ သတင်းအရတယ်၊ အဲဒါလဲ ဘိုတာဘဲ၊ ဒီမြင်ဘာမှသတင်း အတိအကျမရဘူးဗိုလ်ကြီး အမှန်ပါ...."

တုလှုပ်စွာဖြင့် တောင်းပန်နေပါသည်။

"ကောင်းပြီး.... ဥာဏ်ထွန်းမှာ လက်နက် လူအင်အားဘယ်လောက်ရှိသလဲ....၊ ဒီမြင်ဘယ်ရွာတွေမှာ သူ့လူတွေရှိသလဲ...."

"ဥာဏ်ထွန်းလူတွေကတော့အစုံဘဲ ရှမ်းရော၊ ကရင်ရော၊ ပဒေါင်းရော၊ ဘောင်ဘိုးရောဗိုလ်ကြီး၊ လူအင်အား ခုသုံးဆိမှာစုတုံးဗိုလ်ကြီး"

ပြောရင်စဉ်းစားနေပုံ လုပ်လိုက်ရာ ဦးနုသည် ချက်ခြင်းပင်....

"ဟေ့ -ဘာမဟုတ်တာဖြော မလို့လဲ မြန်မြန်ပြောကွ"

ဒူးနှင့်ပိတ်၍ တိုက်လိုက်မှ....

"ပြောမယ်အမှန် ပြောပါမယ် မှန်တာ၊ အော်-အားလုံးတရာကျော် တရာကိုးယောက်ရှိတယ်၊ ကျုပ်တို့ခြောက်ယောက်အလွတ် လက်နက်အားလုံးစုံတယ်၊ စက်သေနတ်ခြောက်လက်၊ လက်ပစ်ဗုံး၊ သေနတ်လက်စေ့ရှိတယ်၊ သူတို့ ပါတ်ခေါင်နှင့် ဘော့ဆိုင်းရွာအပြင် ရွာငယ်ငယ်ကလေးတွေမှာ နေချင်နေတယ်၊ ကသောင်းလူမျိုးတွေကလဲသူ့ကိုအားကြီးမုန်းကြတယ်၊ အဲဒီရွာတွေမှာလဲ ဖြေးချင်ပြေးမယ်၊ ကသောင်းတွေက သူ့ကို အလွန်ကြောက်ဘဲ၊ စိတ်မထင့်ရင် နေရာမရွေးတန်းသတ်ပစ်တာချည်ဘဲမို့"

ကျွန်တော်သည် ကသောင်းရွာနှင့် ကသောင်း လူမျိုးတို့၏ သတင်းကိုကြားရသည့်ကြောင့်ထိပ်လန့်ဝမ်းသာသွားတော့၏၊ အဘိုးကြီး ကျောက်ပြုရှမ်းကို ပြော၍ ထင်မြင်သတိရသော၏၊ မြုပ်နေသော ထင်ကွက်ဆောင်းမြှုန်၍ ပေါ်တော့မည်ဟု ထင်မြင်မိ၏၊ ထို့ကြောင့်



စိန္တနှင့်အဖွဲ့အား နောက်ပိုင်း တစ်စခန်းသို့ ပြန်ပို့စေပြီး စိန္တတို့ မြုလုပ်ခဲ့သမျှကို ဖြောင့်ဖြောင့်လှန်၍ လုပ်ဆောင်ရန် ကင်းတပ်စုနှစ်စုကို ခေါ်ယူကာ လမ်း၏ ဘေးတဖက်တချက်မှ ပန်းချီတက်ခဲ့ကြသည်၊ စိန္တပြောခဲ့သည့်အတိုင်းသေနတ်ထောင်ချောက် ငါးနေရာသို့ တွေ့ရပြီး လမ်းအလယ်တွင် ထောင်ထားသော တွင်းကျည်းနေရာ ထောင်ထားသည်ကို တွေ့ရတော့သည်၊ သေနတ်မျိုးကြိုးတန်းထောင်ချောက် ငါးနေရာမှာ မလွဲမရှောင်သာသော နေရာကောင်းများချည်ဖြစ်ပြီး အမှန် အမှတ်မဲ့ သွားသူမှာ အထွက်ပြန်လမ်းမရှိ ဖြစ်ချေ၏၊ တွင်းကျ ထောင်ချောက်များအပေါ်၌ အပေါ်ရံက မြေမှုန့်ဖြူးလျှက် အောက်ခံဘူဝါးကြော်ပြောဖက်များခင်းပြီး လေးပေခန့်နက်သော တွင်းထဲ၌ ဝါးညှောင့်တွေ အစီအရီ ထောင်ထား၏၊ ဝါးညှောင့်များ၏ အဖျား၌ အပြင်းထန်ဆုံးသော များဆိပ်ကိုလူးထားတော့သည်။

ဦးဘိုးဟန်သည် တန်ပြန်သဘောမျိုးဖြင့် ထောင်ချောက်ငါးနေရာမှ အနောက်ဘက်မှ အရှေ့ဘက်သို့ပြန်၍ လှည့်ခဲ့၏၊ တွင်းကျ ထောင်ချောက်သုံးနေရာကိုလည်း သေချာစွာ မှတ်သားခဲ့ပြီး၊ နောက်ပိုင်းစခန်းသို့ လာခဲ့သည်၊ ခရီးစဉ်အတိုင်းမဟုတ်ဘဲ လျှိုထဲမှလှည့်ကာ ပြန်ကြရန် လမ်းပြလုပ်သူ ကမ်းထမ်းသမားကို အမိန့်ပေးလိုက်သည်၊ လမ်းပြလုပ်သူသည် ချက်ချင်းပင်....

"လျှိုကပြန်မယ်ဆိုရင်ခရီးနည်းနည်း ဝေးသွားမယ်ဆရာကြီး ပြန်ကြမလား"

"ဝေးဝေးပျာ၊ ခရီးလမ်းစဉ်းတွေ သိအောင် ကျုပ်တို့ ပြန်ရမယ်...."

ဦးဘိုးဟန်က ထပ်ဆင့်ကာ ညွှန်ကြားလိုက်သည်၊ ကျွန်တော်တို့သည် နေရောင် ကောင်းစွာရရှိသော လျှိုထဲသို့ လှည့်ဆင်းခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်၊ စစ်ဆင်စစ်တက်ရာ၌အဖက်ရန်သူများ၏ လုပ်ကြံမှုမှ ကင်းလွတ်ရန် .... "သွားတာလမ်း .... ပြန်တာလမ်း...." အစီအစဉ်အရ စခမ်းဆီသို့ လှည့်ပြန်ခဲ့ကြခြင်းသာ ဖြစ်သည်။

ကျွန်တော်၏ လက်ပတ်နာရီသည် နံနက် ဆယ်နာရီသို့ အချိန်ပြသနေတော့၏။ မေနှစ်ရာကျော်နက်သော လျှိုထဲသို့ ဂါဖြည်းဖြည်းနှင့် ပဲ့၍ ဆင်ခဲ့ကြရ၏၊ လျှောပြီးကျမသွားရန် ဝါးလုံးများ နွယ်တန်းများကို တဆင့်စီကိုင်ရင်း သတိကြီးစွာဖြင့် အထိအခိုက်မရှိစေရန် ဆင်းခဲ့ရသည့်ကြောင့် ကျွန်တော်၏ မျက်နှာ၌ ချွေးပေါက်တွေ သီးလာတော့၏၊ စစ်ဆိုသည်မှာ ပင်ပန်းသော အလုပ်သက်သက်သာဖြစ်ပေ၏ 'လေ့ထိုး လွတ်ကင်' လူမိုက်အားပေးဆိုသော စကားပုံကို 'လေးထိုး လွတ်ကိုက် စစ်တိုက်' လူမိုက်အားပေး ဟူ၍ ကျွန်တော် ထည့်သွင်း ခေါ်ချင်တော့၏၊ သို့ရာတွင် အသက်ဦးဆံဖျား ချွေးပေါက်တွေမိုးရည်နှင့် ပြိုင်အောင် ဒုက္ခတွေအမျိုးမျိုးအငတ်အပြတ်ခံ၍ ဘာကြောင့် စစ်တိုက်သနည်းဟူ အဖြေကိုပြန်၍ တွေးကြည့်ရာ၌ 'တိုင်းပြည်နဲ့ လွတ်လပ်မှု' ဟူသော စကားလုံးများသည်ပြန်၍ အဖြေပေါ်လာတော့၏၊ ထိုအဖြေသာလျှင် ကျွန်တော်တို့ လေ့ဆိုး လွတ်ကိုက် စစ်တိုက် လူမိုက်ဂိုဏ်းဝင် စစ်သားအဘို့ စိတ်ကိုဖြေဖျောက်ရာရရှိခဲ့တော့၏။

လမ်းတွင် ဦးနုသည် မျက်ရည်စမ်းစမ်းနှင့် သူ၏ အတိတ်ဘဝကို ပြန်ပြောရှာပါသည်။

"မနက်ကတည်းက စိန္တကိုကျုပ်မသတ်မိအောင်နေခဲ့တယ်ဗျာ ကျုပ်ကိုခွေးလုံးလုံးဖြစ်အောင် လုပ်ခဲ့တဲ့ခွေးတဲ့မိုက်တဲ့တိရစ္ဆာန်ကောင်"

ရှမ်းသံ ဝဲဝဲဖြင့် ပြောရင်း....

"ကျုပ်တာ အရင်ခေတ်ကောင်းတုန်းကပေါင်းလောင်းချောင်းဖျားက သက်တယ်ချင်းရွာကြီးရဲ့ ထမုန် (တိုက်သူကြီး) ဗျ အလွန်



ကြွယ်ဝချမ်းသာတယ် ဆိုင်ရာနယ်မယ်ရှင် စော်ဘွားကိုယ်တိုင်က အားကိုးအားထားပြုရတဲ့ ထမုန်ဗျ...."

"ဟောဒီကမိထားတဲ့ စိန္တရော သူ့ဆရာ ဥာဏ်ထွန်း ခေါ်တဲ့ ရှမ်းထွန်းတို့ကစမာပြည်နဲ့ ရှမ်းပြည်ဘိန်းကုန်ကူးနေတဲ့လူမိုက်တွေ လက်နက်ပုန်းတွေများစွာရှိခဲ့တယ်၊ကျုပ်ကလဲစော်ဘွားရဲ့အမိန့်အရ ကျုပ်ရွာနားက ဖြတ်သွားတဲ့ ဘိန်းအဖွဲ့ကို အမြဲတမ်း စစ်ဆေးရတယ် တနေ့မှာ ဒီစိန္တဆိုတဲ့ အကောင်ဟာ သယ်ဆောက် ဆိုးသလဲ ကျုပ်တာဝန်အရ စစ်ဆေးပြီး အခွန်ကောက်တာကို သူက အစစ်အဆေးမခံတဲ့ ခုခံလို့ ကျုပ်က ဖမ်းပြီး စော်ဘွားဆီပို့တယ် စော်ဘွားက အပြစ်ထင်ရှားတော့ စိန္တကို ထောင်ချခဲ့တယ် ထောင်ကိုမကြာပါဘူး သူ့ဆရာ ဥာဏ်ထွန်းနဲ့ အဖွဲ့ကဝင်ပြီး ဖေါက်ပြီး စိန္တကို ကယ်တင်ပြီး တောပုန်း လုပ်တော့တာပါဘဲ၊ တိုက်လိုက်တဲ့ ဓါးပြ သတ်ဖိုက်တဲ့လူ တနယ်လုံး ဖိန့်ဖိန့်တုန်လို့ ရှမ်းပုလိပ်တပ်က လိုက်ရင် ဗမာပြည်ဘက် ကူးပြေးတယ် နောက်ကျုပ်ရွာကို အလစ်ဝင်တိုက်ပြီး ရွာကိုမီးနဲ့ ရှို့တယ် ခလေးတွေ ဆဲခေါ်တယ် ကျုပ်မိန်းမနဲ့ သမီးကိုလဲ ရက်ရက်စက်စက် သတ်သွားတယ် ကျုပ်ကလဲ စောစောက သတင်းမရတော့ လက်နက်တွေ မထုတ်ထားတာ ကျုပ်ဒုက္ခလှလှကြီး တွေ့တော့တာပါဘဲ...ကျွန်တော်လဲ မယားဆုံး သမီးဆုံး မစ္စည်းပျက်တာနဲ့ စိတ်ညစ်ပြီး မြေဦးတည့်ရာ အောက်ကျဉ်းဒေသကို ဆင်းခဲ့တယ် ငယ်ငယ်က ဆင်စီးဘူးတာနဲ့ တော်လဲပြတ်လာတော့ သစ်တောဘက်က ဘုံ ဘိုင် စတား ဆင်တွေဝင်စီးပြီး နောက်ဆုံး ဗိုလ်မှူးနဲ့ လာတွေ့ခဲ့တော့တယ် ပြန်ပြီး တွေးမိတိုင်း ဒီအကောင်တွေ အစိမ်းလိုက် ဝါးစားချင်တယ် အသဲနာတယ်"

"ထားပါလေ...ဦးနု ဒီအကောင်တွေကို ကျုပ်တို့ ဘယ်သင်ရစေတော့မယ် မဟုတ်လား...ဒီတခါ ခင်ဗျား လက်စားချေဘို့ အလှဲ

www.burmeseclassic.com

www.burmeseclassic.com



ဘဲ အတိတ်ကို ပြန်တွေးရင် တသက်လုံး စိတ်ကောင်းစရာမရှိဘူး စိတ်ကို ဒါကြောင့် ဖြေမေ့ပါဗျာ...”

ကျွန်တော်သည် ဦးနုအား နှစ်သိမ့် အားပေးစကားများ ပြောကာ လျှိုထဲသို့ စတင်၍ ဆင်းခဲ့သည်။

“ဝက်ပြူလျှို-ဝက်ပြူချောင်းလို့ ခေါ်တယ်ဗျ...”

လမ်းပြလုပ်သူသည် ဦးဘိုးဟန်ကို တောတောင်ဒေသ နံမည်ကို ပြောလိုက်ပြီး....

“ဒီချောင်းရိုးအတိုင်း စုန်သွားရင် ကျွန်တော်တို့ စခမ်းချရာ ထိပ်ကို သွားတိုးတယ်...”

ဦးဘိုးဟန်သည် ဘေးတဝိုက်နှင့် ပတ်ဝန်းကျင် တောတောင် ဒေသကို အကဲခတ်ကာ မှတ်သားနေတော့သည်၊ လျှိုထိပ် ပိတောက်ပင်များနှင့် ညောင်ချေပ်ပင်များမှ ငှက်ကြီးတအုပ်သည် တဖြိုဖြိုအော် မြည်ကာ အစာစားနေတော့သည် ခတ်လှမ်းလှမ်း တောင်နှစ်လုံး ကျော်လောက်က မြောက်လှဲကျော် တအုပ်ကလည်း တောင်သံပါ လာအောင် ဟစ်နေတော့၏။

လျှိုဆင်း၍ အဆုံးတွင် ရေစပ်စပ်နှင့် ပေတရာခန့် ကျယ်သော ချောင်းကို တွေ့ရသည် လမ်းပြသည် ချောင်းအတိုင်း အောက်သို့ ခန့်၍ လမ်းပြ ခေါ်ဆောင်သွားသည်၊ ချောင်းမှာ ကျောက်ဆန် လှသော ကမ္ဘာရ များနှင့် ကျောက်စရစ်ခဲများနှင့် သဲတဝက်ရော နေသည့် အောက်ခြေခံကိုတွေ့ရပြီး ရက်ရှက် စက်စက် ရေကြည် သလောက် မရှုကား အေးမြလှတော့သည်။

ခရီးတမိုင်ခန့် ချောင်းရိုးအတိုင်း စုန်ခဲ့သည့်အခွင့် ချောင်းသည် ပိုမို၍ ကျယ်ပြန့်လာပြီး ချောင်းအလယ် တချို့ နေရာများ၌ ကိုင်း တောများ သစ်ပင်ကလေးများဖြင့် စိမ်းလန်းစိုပြေစွာ သောင်ထွန်း ၍နေပါသည်။



ချောင်းကွေ့ တကွေ့ ကွေ့လိုက်သည်တွင် လမ်းကြားတွင်သွား နေသူ ဦးဘိုးဟန်သည်၊ စုတ်တခုက်သမ်ကာ ရပ်လိုက်ပြီး သိန်းနုံ ထဲသို့ လှမ်းချ်ကြည့်ကာ ကိုယ်ရှိန်သတ်လိုက်သည့် ကျွန်တော်တို့ လူသိုက်ကလည်း ဖြတ်ကနဲ လှမ်း၍ ခါးစောင်းခန့်သာ မြင့်မားသည့် သစ်ပင်ကလေးများ ပေါက်ရောက်နေသည့် ချောင်းစုန်က လေးဆီသို့ မျက်စေ့ရှင်ရှင်နှင့် ကြည့်လိုက်သည်။

သစ်ကိုင်းကလေးတွေ သွက်သွက်ခါ၍ လှုပ်ရှားသည့်နောက်မှ သတ္တဝါတကောင်သည် အရေးတကြီးရှေ့သို့ တိုးထွက်လာနေသည် ကိုတွေ့ရသည်၊ မကြာမီ သတ္တဝါ၏ တကိုယ်လုံးသည် လှင်ကျကျ အကွက်ထဲသို့ ရောက်ရှိခဲ့သည်ကြောင့် ဂရုဘစိုက် လေ့လာကြည့်ရှု လိုက်သည်တွင် အတော်ကြီးမားသော ကျားသင်ကြီး (သစ်ဆင် ကြီး) တကောင်မှန်း သိလိုက်ရပါသည်၊ သူ၏ ပါးစပ်ထဲတွင် တစ် တရာကို ကိုက်ချီလာသည့် အဖြစ်ကိုပါ ထင်ထင်ရှားရှား တွေ့လိုက် ရသည်ကြောင့် ဦးဘိုးဟန်သည် ကျွန်တော်တို့အား ရှေ့သို့မတက် ကြရန် လက်ဖြင့် ကာ၍ တားဆီးထား လိုက်သည်၊ အမှန်မှာနဂို ကပင် သစ်ဆင်၏ ဗီဇဝါသနာအရ တွေ့ကရာ လူကို ကုဘ်ဖဲ့ ကိုက်ဖြဲ ပြီးမှ ပြေးမိပြေးရာ ကုပ်တက်သည့် ယခု အခါ၌ ပါးစပ်ဘွင်းမှ အစာမာန်ကြောင့် ပိုမိုစိတ်တိုနေမည့် အရေးကို ကြိုတင် ကာကွယ် တားဆီးလိုက်ခြင်းသာဖြစ်သည်။

သေသေချာချာ ကြည့်လိုက်ရာတွင် သစ်ဆင်ကြီး၏ ပါးစပ် တွင်းမှ သတ္တဝါမှာ ဂျီတကောင်၏ သရွာန်သာ ဖြစ်တော့သည်၊ သို့ရာတွင် သစ်ဆင်ကြီးသည် ကျွန်တော်တို့ကို မတွေ့မြင်ခြင်းအနံ့မရ ခြင်းတို့ကြောင့် ပေလော မသိရအောင်၊ ရှေ့သို့ ဂရုမစိုက်ဘဲ မကြာ ခဏ နောက်ပိုင်းလာခဲ့သည့် လမ်းဘက်သို့ လှည့်ကာ မာန်သွင်းသွာ



www.burmeseclassic.com

www.burmeseclassic.com

အမှုအရာ ထူးခြားလှတော့၏၊ မျှားမကြာမီ ကစ်-ကစ်-ကစ်- ဟူသော အသံခပ်အုပ်အုပ်နှင့် အော်သံများသည် ချောင်းအောက်ပိုင်းလောက်ဆီက တခဲနက် ပေါ်ထွက် လာသည် နောက်သစ်ဆင်ကြီးသည် သူ၏စားကောင်ဂျိုကို အသာချကာ နောက်ခံ သစ်တုံးကြီးပေါ် ခုန်တက်လိုက်ပြီး နေရာအနှံ့ အပြား ကြည့်ရှု အကဲခတ်လိုက်ပြီးလျှင် သစ်တုံးကြီးပေါ်မှ တဖန် ခုန်ဆင်းကာ သစ်တုံးကြီးကို ကျောပေးလျက် ရန်မူသည့်အသွင်ဖြင့် ခုန်အုပ်ရန် ပြင်ဆင်နေတော့သည်။

ရှုကနဲ — ဝေါကနဲ ကိုင်းပင်နှင့် မြို့တိုးသံသဲ့သဲ့ ထွက်ပေါ်လာပြီးနောက် ဝါသန်းသန်း သတ္တဝါသုံးကောင်သည် မြေကြီးကို နှာခေါင်းနှင့် ကပ်၍ အနံ့ခံရင်း ချောင်းစုန် တောထဲမှ ရုတ်တရက် ထွက်ပေါ်လာချေ၏။

"တောခွေးတွေဗျို- ဒီတခါသစ်ဆင်ကြီးနဲ့ တွေ့ကြပြီး...."

ကိုဘိုးရန်သည် ၁၇၅-မက်နမ် ရိုင်ဖယ်ကို အသင့်ကိုင်ရင်း ခြုံကွယ်မှ အမှတ်တမဲ့ ခတ်တိုးတိုး ပြောလိုက်တော့သည်။

အမွေးဖွားဖွား ကိုယ်သျှား ရှည်ရှည်နှင့် တောခွေးသုံးကောင်သည် တန်း၍သစ်ဆင်ကြီးရှိရာသို့ တက်သွားတော့သည် သစ်ဆင်ကြီးသည် 'ဝေါင်....' ကနဲ တချက် မာန်သွင်းကာ အလယ်ဗဟိုမှ တောခွေးကို တအား လွှားကနဲ နေအောင် ခုန်၍ အုပ်ဘမ်းလိုက်သည်၊ သို့ရာတွင် လေနှင့်အတူ လျှင်မြန်လှသော တောခွေးသည် ဖျတ်ကနဲ သစ်ဆင်ကြီး၏ ကိုယ်လုံးကို ကပ်ကာ ဘေးသို့ တချက်ခုန်ကာ ရှောင်လိုက်ပြီး ပါးစပ်က ကစ်-ကစ်-ကစ်နှင့် အော်လိုက်သည်၊ ကျန်သော တောခွေးနှစ်ကောင်သည် သစ်ဆင်ကြီး၏ ကိုယ်လုံးသဲပေါ်သို့ အကျတွင် တကောင်စီ သစ်ဆင်ကြီး၏ ဘယ်ဘက်ညာဘက်သို့ တပြိုင်နက်တည်း ပြေးကပ်သွားပြီး စက္ကန့်ပိုင်းအတွင်း



၌ သစ်ဆင်ကြီး၏ တင်ပါးနှင့် လက်မြင်ကို တချက်တည်း ဟတ်ဆွဲလိုက်တော့သည်၊ သစ်ဆင်ကြီးသည် ခွေးတွေ့ကဲ့သို့ မြိုင်၍ လျှင်မြန်စွာဖြင့် နောက်သို့ ထန့်ကနဲ တိုးပြန်ကာ ခွေးနှစ်ကောင်ကို ရှေ့လက်နှစ်ချောင်းဖြင့် ဘယ်ညာပုတ်ခတ်ချလိုက်သည် သို့ရာတွင် ခွေးနှစ်ကောင်ကား သစ်ဆင်ကြီး၏၊ ကြောက်စရာ လက်သည်းချောင်းကြီးတွေ ချွန်မြသည့် ဒဏ်ချက်မှ ပွတ်ကာသီကာ နောက်သို့ တုံ့၍ ရှောင်လိုက်ပြန်သည် သစ်ဆင်ကြီးသည် တုံးကြီးကို နောက်ကျောပေးကာ ခတ်တင်းတင်း မာန်သွင်း၍ တိုက်ခိုက်ရန် ပြင်ဆင်ပြန်ပါသည်။

ရှေ့ဆင့် နောက်ဆင့် အချိန်ကာလ အတွင်း၌ ချောင်းရိုး အတိုင်းတောခွေးအကောင် စုစုပေါင်းဆယ်လေးကောင်သည် တအုပ်ကြီး ဆိုက်ရောက်လာတော့သည်၊ သစ်ဆင်ကြီးကို မြင်သည့် တပြိုင်တနက်တည်း တုန်းကြီးအောက်မှ လည်းကောင်း၊ တုန်းကြီး၏ ဘယ်ဘက်ညာဘက်မှ လည်းကောင်း၊ တောခွေး အုပ်ကြီးသည် ညှပ်၍ထားပြီး သစ်ဆင်ကြီးအဘို့ ဆုတ်လမ်းပြေးလမ်း လုံးဝပိတ်၍ ထားလိုက်တော့၏။

ကျွန်တော် အနေဖြင့် အိမ်ခွေး ရွာခွေး သို့မဟုတ် ခွေးယဉ်များအဘို့ သစ်ဆင်အနံ့ရလျှင် သစ်ဆင်ကိုကြောက်လွန်း၍အိမ်ခွေးတွေသည် တအိုင်အိုင် အော်မြည်ကာ 'ဖင်သီ' နေတော့သည်ကို ပြေး၍ သတိရမိ၏၊ သို့ရာတွင် ယခု တောခွေးများ အခြေအနေမှာ ကျွန်တော်တို့ အံ့ခမန်းပင် သတ္တိရှိလှပြီး တောစောင်းဘုရင် ကျားကြီးပြီးလျှင် ၎င်းသစ်ဆင်ကြီးများက ဒုတိယ ဘွဲ့ခံသည့် အဆင့်အတန်း အခြေအနေကိုပင် ရဲရဲကြီး တိုက်ခိုက်နေခြင်းပင်ဖြစ်တော့၏၊ သစ်ဆင်ကြီးသည် ပိုင်လောက်ပြီအထင်နှင့် နိုးစပ်ရာခွေးတကောင်ကိုထိုး၍ အလိုက်ကွင် သစ်ဆင်ကြီး လှမ်းအဆွဲခံရသော တောခွေး

www.burmeseclassic.com

www.burmeseclassic.com



သည် တပါတ်ဂျွန်းပစ်ကာ သစ်ဆင်ကြီး၏ခေါင်းပေါ်မှ ရှောင်တိမ်းလိုက်သည် ဤတွင် ဘေးမှ အရှိန်သင့် စောင့်နေသော တောခွေး ခြောက်ကောင်သည် သစ်ဆင်ကြီးကိုဝိုင်း၍ တချီသည်း ကိုက်ဖဲ့လိုးသတ်ကြတော့၏။

ဖုံရော — သစ်ကိုင်းများရော ကျိုးပဲ့လွင့်စင်ကာ ထွက်ပေါ်လာသည့် အခြေအနေအောက်၌ တခဏကြာလျှင် ဗလုံးဗထွေး တိုက်ပွဲသည် ရှုံကနဲ အုပ်စုကွဲသွားပြန်၏၊ တောခွေးတွေရော သစ်ဆင်ကြီးပါ သွေးသံရဲရဲ မြင်မကောင်းအောင်ရှိချေ၏၊ သစ်ဆင်ကြီးလည်း တကောင်နှင့် အများဖြစ်လာ၍ အတော် မောပန်းနေပုံနှာကျင်နေမှု တွေ့ရတော့သည်။

တပ်စုမှူး ဗိုလ်ကြည်မောင်သည် သူ၏ဘေးမှ အသင့်လွယ်ယူလာသော ကင်မရာနှင့် တဖြတ်ဖြတ် တချောက်ချောက် တောခွေးအုပ်နှင့် သစ်ဆင်ကြီး တိုက်ပွဲကို ဓါတ်ပုံရိုက်နေတော့သည်။

အလစ်တွင် သစ်ဆင်ကြီးရှေ့သို့ အာရုံစိုက်နေခိုက်တွင် သစ်ဆင်ကြီးနောက်မှ တောခွေးသုံးကောင်သည် လျင်မြန်လှသည့် အရှိန်ဖြင့် သစ်ဆင်ကြီးကို နောက်ပိုးသိပ်၍ ဝင်ရောက် ကိုက်ခဲပြန်သည်၊ ဤတွင် သစ်ဆင်ကြီးဘေးမှ အရှိန်သင့် စောင့်နေသော တိုက်ပွဲမဝင်နိုင်ရသည့် တောခွေးများသည် သစ်ဆင်ကြီး၏ လည်မျိုနှင့် လည်ဂုတ်များကို တရှိန်တည်းထိုး၍ မလွှတ်တမ်း ကိုက်ဖဲ့ကြတော့၏။

"သွားပြီဗျို့...သစ်ဆင်ကြီး...."

ဦးဘိုးဟန်သည် မချင့်မရဲ အသံကြီးဖြင့် သစ်ဆင်ကြီးဘက်မှ ရေရွတ်စကားဖြင့် ပြောလိုက်သည်၊ မှန်ပေသည် ဤသို့ကား သစ်ဆင်ကြီး၏ နောက်ဆုံးအကြိမ် တိုက်ပွဲသာဖြစ်၏၊ မိမိအုပ်နေသော



တောခွေးအုပ်များကြားမှ သစ်ဆင်ကြီးသည် ခေါင်းမထောင်နိုင်မသူမလှုပ်ရှားနိုင်တော့ချေ။

"ကြောက်စရာ ခွေးတွေဗျာ...ကျုပ်တို့ ကိုယ်တွေ့ မျက်မြင်မို့သာ တောခွေးကကျားသစ်ကြီးကို ကိုက်တယ်ဆိုတာယုံရတာ ဒီမြင်မှာပြောရင် ယုံတမ်းစကားဘဲ ဖြစ်မယ်..."

တပ်ကြပ်တင်လှိုင်သည် ရိုင်ဖယ်ကို မြှောက်ထောက်ကာ မျက်စေ့ကျွတ်ထွက်ခမန်း နောက်ဆုံးပိတ် တိုက်ပွဲကြီးကိုကြည့်ကာ ဝေဖန်ချက်ချလိုက်၏။

"ကဲ....သာကြ....ကျုပ်တို့ ဘာသာ ဘေးက ရှောင်သွားကြရအောင် ဒင်းတို့ရန်မရှာကောင်းပါဘူး..."

ဦးဘိုးဟန်သည် ချောင်းတချက်ဟန့်ကာ လူသံပေးလိုက်ပြီးရှေ့မှ ထွက်လိုက် သည်တွင် တောခွေး အုပ်ကြီးသည် ချက်ခြင်းခေါင်းထောင်ကာ ကျွန်တော်တို့ကို လှမ်း၍ ဓတ္တသည်ကြောင့်သုတ်ကနဲ ဘေးသို့ရှု၍ ပေးပါသည် ခုတင်ကလေးတမှ ဂျိုကိုဟန်ပါပါကိုက်ချီ သတ်ဖြတ်နိုင်သော သစ်ဆင်ကြီး (ဝါ) ကျားသစ်ကြီးသည် မိနစ်ပိုင်းအတွင်း၌ ဘိုက်ဟင်းလင်းပွင့်ကာ အူတွေအသည်းတွေပြောင်နေတော့၏၊ သစ်ဆင်ကြီး၏ မျက်လုံးနှစ်ဘက် ပေါင်သားများအတွင်းမှ အချိုးဖြူဖြူများကိုလည်း ကျွန်တော်တို့ အရှင်းသားတွေ့လိုက်ရသည်။

"သူတို့ကိုက်လာတဲ့ဂျိုကို သစ်ဆင်ကြီးက ကြားကဖြတ်ပြီးလိုက်လုသွားလို့ သစ်ဆင်ကြီးနောက်ကို မလွှတ်တမ်း လိုက်ကိုက်ကြတာဘဲ...."

ဦးဘိုးဟန်သည်အရိုးသာသာခန့်သာ ကျန်သည့်ဂျို၏ သက်တံနဂိုပါကြည့်ကာ သွားရင်း မှတ်ချက်ချလိုက်သည်၊ တောခွေးများသည် ကျွန်တော်တို့ ငင်းစွာစားကျက်မှ ကျော်သွားသောအခါ ခု

www.burmeseclassic.com

www.burmeseclassic.com



ထက်ငါ သစ်ဆင်ကြီးနှင့် ဂျီကောင်ရှိရာသို့ ပြေးသွားကြပြန်တော့သည်။

"ဒီကောင်တွေ အမ်းပြီးအမဲလိုက်ရရင် မကောင်းဘူးလား ဦးဘိုးဟန် သတ္တိလဲ ပြောစရာမရှိ အရှောင်အတိမ်းကလဲ ပဌမတန်းတော့ကလဲကျွမ်းနဲ့..."

ရဲဘော်ကျော်လှိုင်၏ အကြံပေးချက်ကို ဦးဘိုးဟန်သည် ချက်ခြင်းပင်...

"မင်းမွေးစမ်း ကြည့်ပါလားကွ...မျက်စေ့ပွင့်ကတည်းက အိမ်မှာ မွေးထားတဲ့ ကြက်ရော သဲရော ဝက်ရော-ခံနိုင်ရင် ခံပြီးတော့ အိမ်နားနီးခြင်း ကြက်တွေ ဝက်တွေ ဒီခွေးကိုက်လို့ ရော်စရာရှာထားပေတော့ တော်တော်ကြာ ကြီးလာရင် အိမ်မှာဘယ်လောက်ထားထား မနေဘူး...တောထွက်တာချည်ဘဲ...."

ဦးဘိုးဟန်သည် တောခွေး၏ ဇာတိရုပ် အကြောင်းကို ပြန်လှန်၍ ရှင်းလင်းပြသည်။

ဒါကြောင့် သစ်တောဥပဒေမှာ တောခွေးနဲ့ ဝက်-ကျားကျားသစ်တွေပစ် လိုင်စင်မပါဘဲ ပစ်ခွင့်ပေးတယ် ဆုလဲပေးတယ်၊ ဘယ်လောက်သားကောင်တွေ ဖြုန်းတီးဖျက်ဆီးတဲ့ တောခွေးလဲဗျာ...."

ချောင်းအတိုင်း ငါးမိုင်ကျော်မျှ စုန်ခဲ့သည့်နောက် ကျွန်တော်တို့၏ တောတွင်း လျှိုဝှက်စခန်း၏ အရှေ့ဘက် ချောက်ထိပ်အနီးသို့ ချဉ်းကပ်ဆိုက်ရောက်သည်၊ ကျွန်တော်တို့သည် စကားဝှက်အဖြေကို အသံပေးကာ ချောက်ထဲမှစခန်းထိပ်သို့ တက်ရောက်ခဲ့သည်။

ထမင်းချက်တာဝန်ခံ ရဲဘော်ထွန်းမောင်နှင့် ရဲဘော်မောင်ပုတို့က အသင့် စီမံ ချက်ပြုတ်ထားသည့် ဆတ်သား ဟင်းများဖြင့် အတော်ဆာလောင်လာကြသည့် ကျွန်တော်တို့အား နံနက်စာအ



တွက် ကျွေးမွေးပါသည်၊ ကျွန်တော်တို့သည် လက်ပတ်နာရီကို အမှတ်ရ၍ ကြည့်လိုက်ရာ နေ့နှစ်နာရီခွဲ အချိန်သို့ ဆိုက်ရောက်ခဲ့ပြီးဖြစ်ပါသည်၊ နံနက်ခင်း ဘမ်းဆီးရမိသူများက ကျွန်တော်တို့ မရောက်လာမီ ၎င်းတို့သတော်အရ ၎င်းတို့ဘာသာ ကျွန်တော်တို့ တပ်နှင့်အတူ ဥာဏ်ထွန်း၏ စခမ်းနှင့် ဥာဏ်ထွန်းကို ရှာဖွေဘမ်းဆီးရန် အသီးသီးတာဝန်ယူပြီး သစ္စာရေ သောက်ခဲ့ကြပါသည်၊ သို့ရာတွင် ကျွန်တော့် အနေနှင့် လူတယောက်၏အပြောင်း အလဲ မြန်ဆန်မှုကို ရုတ်တရက် လက်မခံနိုင်ပါ၊ မယုံကြည်နိုင်ပါ၊ လက်တွေ့အားဖြင့် ၎င်းတို့၏ဂတိမှန်မမှန်ဆုံးဖြတ်ရန် စဉ်းစားထားလိုက်သည်။

တပ်စခန်းတဝိုက်ကို ကင်းပုန်းချ၍ စောင့်စေခြင်း၊ တတ်သမျှ သေနတ်လက်နက်များအသံ လုံးဝမကြားမပစ်ပေါက်စေရန် သတိကြီးစွာပေး၍ သွန်ကြားခြင်း၊ ရဲဘော်များအား နေ့ခင်းတွင် အနားပေးကာအင်အား ဖြည့်စွက်ထားစေခြင်းစသည့် ပြင်ဆင်မှုများ ပြုလုပ်ရန် စီစဉ်ရင်း ညဥ့်အချိန်ကို ကျွန်တော်သည် စောင့်ကြိုလင့်ပါသည်။

"ရန်သူ့အခြေခံရွာနှစ်ရွာသို့"

အတော်ကလေး မှောင်စပြုလာသည့်နောက်တွင် ကျွန်တော်တို့ ချီတက်ရေးတပ်ဖွဲ့သည် စတင်ခရီးထွက်ရန် ပြင်ဆင်ခိုင်းလိုက်သည်၊ ရန်ကြီးအောင် စစ်ကြောင်းဆီမှလည်း အကြောင်းတစုံတရာ ထူးခြားမှုမရှိကြောင်းနှင့် ကရင်ရွာများ၌ စနစ်တကျတပ်စွဲ၍ အသီးသီးတပ်ပြန့်ဖြန့်ကာ နေရာယူထားကြောင်းသတင်းပြန်၍ ပို့ခဲ့သော ယာ ကျွန်တော်၏ ချီတက်ရေးအစီအစဉ်မှာ ဘော့ဆိုင်းနှင့် ဝါတခေါင်ရွာများကို ဘေးမှတောရိပ်ခိုကာ ပန်းကာ ချီတက်ရေးနှင့် လူစုခွဲကာ ပုန်းရှောင်နေသော သောင်းကျန်းသူများကို ရှာဖွေရန်

www.burmeseclassic.com



စီစဉ်မှုရှိပါသည်။

ရဲခေါင်စစ်ကြောင်းနှင့် ဘုရင့်နောင်စစ်ကြောင်း အင်အားစု နှင့်ပေါင်းကြည့်ရာ တိုက်အားတစ်ခွဲနှစ် ခွဲအပြင် စိန်ပြောင်းတပ် စုနှစ်စုနှင့်စက်သေနတ် တပ်စုနှစ်စုအပိုရှိလာသည်ကြောင့် ဘွေဆိုင်း နှင့်ပတ်ခေါင်ကျေးရွာဒေသကို ရှင်းလင်းရေးအတွက် အင်အားလုံ လောက်နိုင်သည်ဟု ယူဆသည်၊ အကယ်၍ နောက်ထပ် အင်အား စုလိုလျှင် တပ်ရင်း၌ ကျန်ရစ်ခဲ့သော တပ်ခွဲနှစ်ခွဲကို ပြန်ခေါ်လိုက် လျှင် နှစ်ရက် သုံးရက်အတွင်း တပ်အင်အား ဖြည့်စွက်နိုင်ပေမည်၊ ရန်ကြီးအောင်စစ်ကြောင်း၌ တပ်ခွဲ တခွဲစာအင်အား စိန်ပြောင်း တပ်စု၊ စက်သေနတ်ကြီးတပ်စုအပြင် ရိက္ခာတပ်မှ ရဲမက်ကိုးဆယ် နှစ်ယောက် စသည့် အင်အားများရှိနေ၍လည်းကောင်း၊ ပျဉ်းမနား မြို့နှင့် များစွာ နီးကပ်နေသလောက် လိုလျှင်လိုသလို အင်အား ဖြည့်စွက်နိုင်သည့်အတွက် စိုးရိမ်ရာမရှိဘော့ချေ။

စခန်းချမှတ်ခဲ့သည့်နေရာမှန်သမျှကို ကျွန်တော်တို့တပ် စဘင် မထွက်ခွာမီ ခြေရာ လက်ရာဟူသရွေ့ ချက်ခြင်းဖျောက်ဖျက်ပစ်ပြီး ကျွန်တော်တို့၏နောက်သို့ ခြေရာခံ၍ မလိုက်နိုင်အောင် သတင်း အစအနတွေ့ပါ ဖျောက်ဖျက်ပစ်ရန် အားလုံး စီစဉ်ခိုင်းလိုက်သည် လမ်းပြလုပ်သူ သုံးဦးကိုလည်း ခရီးမထွက်မီ ကကြိုတင်၍ ချီတက် မည့် တောတွင်းခရီးကြမ်းနှင့် ရည်ရွယ်ချက်ကို နားလည်အောင် ပြောဆိုထားကာ ခရီးလမ်းပန်း မမှားစေရန် ကြိုတင်စီစဉ်မှု တိုင် ပင်ညှိနှိုင်းမှုများပြုလုပ်စေ၏။

ညဉ့်ခုနစ်နာရီတိတိတွင်ကျွန်တော်တို့သည်ဘွေဆိုင်းနှင့်ပတ်ခေါင် ရွာကြီး ဒေသသို့ တောကြား တောင်ကြားမှ ဖြတ်၍ စတင်ကာ ချီတက်ကြသည်၊ ကျွမ်းကျင်သော လမ်းပြကောင်းများ၏ နောက် မှ တတန်းစီ တန်းကာ တပ်စုလိုက်ခဲ့၍ တသုတ်ပြီးတသုတ် ရှေ့



ကင်းတပ်စိပ် နောက်ကင်း တပ်စိပ် ထားကာ ချီတက်ခဲ့ကြသည်၊ လမ်းပြလုပ်သူများ၏ အစီရင်ခံချက်အရ ပတ်ခေါင် ကျေးရွာနှင့် ကျွန်တော်တို့ တစ်ချီတက်ရာ ဒေသသည် ဆယ့်ရှစ်မိုင်ခန့် ကွာဝေး ကြောင်းကို သိရခြင်းအားဖြင့် အတော်ကလေး ခရီးပြင်းအောင် ချီတက်နိုင်မှ နံနက်မိုးမလင်းမီ ပတ်ခေါင် ကျေးရွာ ဒေသသို့ ချဉ်းကပ်နိုင်သည့် အရေးကို ကျွန်တော် နားလည်လိုက်သည်၊ တခါ တခါ စမ်းချောင်းများကို ဖြတ်၍ လည်းကောင်း တချီတချီတွင် လျှိုစပ်ထဲမှ ဝင်၍တဖုံ တချက်တချက်တွင် မြင့်မားသော စောက် ထိုးတက် တောင်နံရံများကို တယောက်စီ တလှည့်စီ တက်ကျော်ခဲ့ ရသည့် ပင်ပန်းလှသည့် ခရီးစဉ်များကို ဖြတ်ကျော်ကာ ညဉ့်ဆယ် နှစ်နာရီ အချိန်တွင် ရှေ့ဆုံးလမ်းပြက ခေတ္တရပ်နားရန် ခွင့်ပန်၍ တပ်များကိုရပ်နားစေတော့သည်။

"အဲဒီဟာ... ပတ်ခေါင် ကျေးရွာ နယ်နိမိတ်အစဘဲ၊ ခုကျွန် တော်တို့ ဖြတ်ကျော်ခဲ့ရတာ အမြင့်ဆုံးတောင်တန်းဘဲ ဗိုလ်မှူး ဒီက နေပြီး သွားရင် ပတ်ခေါင်ရွာဟာ ရှစ်မိုင်ဘဲ အများဆုံး တောင် တက်ထိပ်မရှိတော့ပါဘူး... လမ်းအတိုင်း တက်ရရင် ခုခလောက်ဆို ရင် ရောက်နေပြီ ခုလာခဲ့ရတဲ့ လမ်းက တောကြမ်း ခရီးကြမ်းချည်း ဘဲမို့..."

"ဦးဘိုးစ ဒီလိုလုပ်မပါ ကျုပ်တပ်တွေက ထတ်နိုင်သမျှ ပတ် ခေါင်ရွာကို ကွင်းကြီးရှာခဲ့ အရှေ့ပိုင်းကို ရောက်နှင့်ချင်တယ် မနက်မှ အရှေ့ကဖို့ပြီး တိုက်မယ်..."

အမိန့်ပေးလိုက်သည့် ရဲဘော်များအား ဆယ်မိနစ်အချိန်ခန့် အ နားပေးလိုက်ပြီး အချိန်စေ့သည့်အခါ၌ ဆက်လက်၍ ပတ်ခေါင် ကျေးရွာသို့ ထွက်ခဲ့သည်၊ ကျွန်တော်တို့ရှေ့မှ ရှေ့ပြေးတပ်စု ၄င်း နောက်မှ ကျွန်တော်နှင့် ရုံးအဖွဲ့သည် ဒုတိယ တပ်စုနှင့် တွဲဘက်၍

www.burmeseclassic.com

www.burmeseclassic.com



ချီတက်ခဲ့ကြသည်၊ တဖြည်းဖြည်းနှင့် တောင်အဆင်းသို့ စတင်ကာ ဆင်းခဲ့ရသည့် အခြေအနေကို နားလည်လိုက်သည် အကြောင်းမှာ ခတ်ဖြေးဖြေး ဆင်းခဲ့သည့် အခြေအနေမှ ကျွန်တော်တို့ အောက်၌ ထပြန့်ထဲသော တောတန်းကြီးကို တွေ့ရသောကြောင့်တည်း။

တောင်အဆင်းတွင် ချောင်းကလေးတချောင်းကို ဖြတ်ကျော် ခဲ့ရ ချောင်းအောက်ပိုင်းဆီမှ စုန်းကန် အသံကြီး တချက် ပေါ် ထွက်လာပြီး ဝါးပင်များ တိုးသံ သစ်ပင်သံများ တခဲနက်ပေါ် ထွက်လာတော့သည်။

"ပြောင်အုပ်ကြီးဗျို့....လူနံ့ ကြိုတင်ရလို့ ညိမ်နေတာ ခုတော့ ကြောက်အား လန့်အားနဲ့ နောက်လန်ပြေးကုန်ပြီ အဘွားကြီးအမဲ ပေါ်တဲ့ ဒေသဘဲ တပ်ခေါက်ရင် ကျုပ်တို့ သပ်သပ် အမဲပစ်လာ ကြရအောင်...."

ဦးအိုးဟန်သည် ပြောင်အုပ်ကြီး၏ တဝုန်းဝုန်း ပြေးလွှားသံကို နားစွင့်ကာ ထောင်ရင်း ခေါင်းတငြိမ့်ငြိမ့်နှင့် ကျေနပ်နေတော့ သည်။

မှန်ပေသည် ၎င်းအရှေ့ ရိုးမဘက်၌ သပ်သပ်အမဲပစ်သူ မှဆိုးမရှိ ခဲ့ခြင်း လူနေမှု နည်းပါးခြင်း သစ်တောဘက်မှလည်း တနှစ်တ ခေါက် ရောက်ခဲ့သည်ကြောင့် သားကောင်ကြီးတွေ ရဲတင်းချင်တိုင်း ရဲထင်းကာ ပေါ်များချင်တိုင်း ပေါ်များနေတော့သည်။

နိုနက်သုံးနာရီခွဲအချိန်တွင်ရှေ့ဖျားချီတက်ကင်းတပ် စုက ရှေ့၌ မီးဖို့နှင့် လူတစုကို တွေ့ရကြောင်း သတင်းပို့ ပါသည်၊ ဤတွင် ကျွန်တော်နှင့် ဦးအိုးဟန်၊ ဦးဘိုးရ တို့ လူသိုက်သည် တပ်စုမှူး တပ်ခွဲနှင့်အတူ ကင်းတပ်စိပ်ကို ခေါင်းဆောင်၍ မီးရောင်မြင်ရ သော နေရာဘက်သို့ တလှမ်းခြင်း ကင်းထောက်ထွက်ခဲ့သည်၊ ကျွန်



တော်သည် ချုက်ခြင်းပင် မှန်ပြောင်းကို ထုတ်၍ ဂိုက်သုံးရာ အကွာ ရှိ မီးရောင်နှင့် လူတစုကို လှမ်း၍ကြည့်လိုက်သည်။

အလယ်တွင် မီးဖိုကြီးဖို၍ ဘေးမှပတ်ကာ မီးလှုံရင်း စကား ပြောနေသော သေနတ်ကိုင် လူတစုကို အရှင်းသားတွေ့ရသည်၊ ၎င်း အနက် လူနှစ်ယောက်မှာမူ မီးဖိုဘေး၌ အိပ်ကာ ပြောင်းဖူးအခုစီ နှင့် ဘိန်းရှူးနေတော့သည်၊ လူပေါင်းစုံ ဖြစ်ကာတတ်ဆန်းစုဆောင်း ထားသော သောင်းကျန်းသူများ၏ဘဝအမှန်ကို ကျွန်တော်သည် စဉ်းစားရင်း စိတ်မကောင်းမိချေ၊ မည်သည့်ယုံကြည်ချက် ခံယူ၍ နိုင်ငံရေး အယူအဆ သဘောတရားမရှိ၊ ဗိုလ်ကျခြင်း၊ လုယက် ၍ ရရှိသည့် ငွေကြေးအတွက် ခေါင်းဆောင်၏အပေါ် ကြည်ညို မှု အမျော်သက်သက်လုပ်ခြင်း စသည့် အကြောင်း အရာ တခုကို ကျွန်တော်သည် မှန်ပြောင်းတွင်းမှကြည့်ရင်း ဂရုဏာသက်မိသည်၊ သို့ရာတွင် တာဝန်သည် တာဝန်သာဖြစ်ချေ၏၊ ရန်သူကို ရန်သူဟု ၍ မြင်ရမည်၊ သဘောထားရမည် လုပ်ငန်းစဉ်အတိုင်း တပ်စုကို ဘယ်ညာဖြန့်ကာပန်း၍ တက်စေပြီး တတ်နိုင်သမျှသေနတ်သံမထွက် ဘဲ တိုက်ခိုက်ခြင်း၊ စစ်မေး၍ ရနိုင်ရန် ရန်သူကို အရှင်ဘမ်းစေခြင်း စသည့် စစ်ပရိယာယ်များအသုံးပြုရန် အမိန့်ပေးကာ ကျွန်တော် တို့သည် ခြေသံလုံလုံနှင့် ရန်သူလူစုရှိရာသို့ တလှမ်းခြင်း တက်ခဲ့ လေသည်။

ကျွန်တော်သည်ညာဘက်ကဂျပန်စေါးရှည်ကိုကိုင်၍ ဘယ်ဘက်မှ ရှေ့သို့ တအားလှုပ်၍လှုပ်၍ ပြလိုက်သည့်အမှိုင်နှက်တည်း တပ်စု ရဲဘော်များသည် လှံစွပ် တဖွေးဖွေးနှင့် ဟောဟန်တည်းပြေး၍ ရန် သူကင်းအဖွဲ့ကို တိုက်ခိုက်ကြသည်၊ "ကျား" ဟူသော အော်သံကို လုံးဝ မအော်စေရဘဲ၊ တိတ်တဆိတ်ကပ်၍ လှံစွပ်နှင့်ထိုး၍ လှု ခြင်းပွားကာ သတ်သောတိုက်နည်းမျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကို လှမ်း၍ဆွဲယူလိုက်သည့် သောင်းကျန်းသူ တဦးကို ရဲဘော်တဦး၏လှံစွပ်က စွပ်ကနဲ ရင်ဝသို့ စိုက်ဝင်သွားပြီးငြိမ်ကျစေ၏၊ နောက်သို့ ထ၍ပြေးထွက်လိုက်သော သောင်းကျန်းသူ သုံးဦးကိုထဖက်မှ ပန်း၍တက်လာသော ရဲဘော်များ၏ လှံစွပ်များက နေရာတွင် တန့်ကနဲ ရပ်သွားစေ၏၊ တိုက်ပွဲသည် တခဏကြာအတွင်း၌ ရှင်းလင်းပြီးစီးခဲ့တော့သည်၊သောင်းကျန်းသူ ရှစ်ဦးအနက် နှစ်ဦးသည် လှံစွပ်ဒဏ်ချက်ဖြင့်ကျဆုံးသွားပြီးကျန်ခြောက်ဦးကို လက်ရ အရှင်ဘမ်းမိခဲ့သည်၊ ၎င်းတို့ကိုင်ဆောင်သည့် အင်္ဂလိပ် သေနတ်ငါးလက်၊ နှစ်လုံးပြူး နှစ်လက်နှင့် ဓါးတစင်းကို သိမ်းဆည်းရမိတော့သည်။

"မင်းတို့ဘယ်သူ့ တပ်ဖွဲ့လဲပြောစမ်း...."

ဦးနုသည် ရှမ်းဘာသာဖြင့် မေးလိုက်သည်တွင် ဖတော်တော်နှင့် အဖြေထွက် မလာချေ၊ ထို့ကြောင့် ဦးနုသည် တချက် ရယ် လိုက်ပြီး....

"မင်းတို့မပြောရင်လဲ ဒို့သိပြီးသားကွ၊ မင်းတို့အထဲကလူတွေကို မိထားကြပြီ ခေါ်ခဲ့ဟေ့ စိန္ဒကို သူတို့ကိုပြရအောင်...."

မကြာမီ စိန္ဒကို ကြိုးတုပ်များနှင့် ရဲဘော်နှစ်ယောက်ကညှပ်၍ ခေါ်လာပြီး ဘမ်းမိထားသောသူများ ကောင်းစွာမြင်စေရန် စိန္ဒ၏ မျက်နှာကို လက်နှိပ်ဓာတ်မီးထိုး၍ပြလိုက်၏၊ ဦးနုကချက်ခြင်းပင်....

"တော်ပြီ ပြန်ခေါ်သွားတွာ...."

တဖန်ဘမ်းမိထားသူများဘက်သို့လှည့်၍....

"ပြောတော့မင်းတို့အားလုံးအကြောင်းစိန္ဒက အကုန်ဖွင့်ပြောသွားပြီး၊ ဘာမဟုတ်ဘာနဲ့ ဒုက္ခခံမနေကြနဲ့ ငါ့လူများ၊ မင်းတို့ အပြစ်ဒဏ်သိချင်မဟုတ်လား၊သေဒဏ်ပေးနိုင်တယ်၊နောက်ဆုံး အခွင့်အခရေးပေးမယ်၊ ဥာဏ်ထွန်းဘယ်မှာလဲ ပါတ်ခေါင်မှာလား ဘွေ



ဆိုင်းမှာလား တိတိကျကျပြောကွာ...."

"ကျွန်တော်တို့ အမှန်အတိုင်းပြောရင် ကျွန်တော်တို့ကို မသတ်ဘူးလား....ဆရာ...."

မရဲတရဲလေသံဖြင့် သောင်းကျန်းသူ တဦးက စတင်၍ ဦးနုသို့ ပြန်၍ မေးပြန်ပါသည်။

"အေး.... မင်းတို့ မှန်တာပြော.... မပြော စစ်ဆေးကြည့်မယ်၊ မှန်တာပြောရင် မင်းတို့ကို မသတ်ဘူး.... မင်းတို့သားမယားတွေဆီ အရောက်မြန်ပို့ပေးမယ်၊ ဘာမှုမှုလဲ ဒို့မလုပ်ဘူး...."

"ကောင်းပြီ ဆရာကြီး၊ ဥာဏ်ထွန်းဟာ ကျွန်တော်တို့ထွက်လာစဉ်က ရွာမှာ မနေတော့ဘူး.... ဆရာကြီးတို့ စစ်တပ်တွေ လာမှာသိလို့ ရွာကခွာပြီး ပတ်ခေါင်ရွာရဲ့ အရှေ့ဘက် ဒရောက်ကူးစခမ်းမှာတပ်ပုန်းနေတယ် ဆရာကြီး...."

"ဘယ်ဒရောက်ကူး စခမ်းလဲကွ.... နမ်းအော ရေတခွန်နားက ဒရောက်ကူး စခမ်းလား...."

"ဦးနုသည် နယ်ကျွမ်းကျင်သူ ပြီပြီ မေးလိုက်ရာတွင်...."

"ဟုတ်တယ်.... ဟုတ်တယ် ဆရာကြီး ကျွန်တော်တို့ လူစုကို ဆရာကြီးတို့ လာမဲ့လမ်းက ကြိုတိုက်ရအောင် လွှတ်တာဘဲ မိုးချုပ်လို့ နက်ဖန်မနက် အစောထပြီး ရှေ့တက်မလို့ဟာ...."

"ဒီပြင်ကင်းတွေ ချပေးသလား....ဒီအနားမှာ မင်းတို့တပ် လူတွေ ရှမ်းပြည်ဘက်က ခေါ်ထားတယ်ဆို ဘယ်လိုလဲ...."

ဦးနုသည် ဆက်လက်၍ ရနိုင်သမျှမေးခွန်းကိုအစ်ထုတ်ယူသည်။

"ချထားတယ် ဆရာကြီး....သူတို့ရှေ့မှာ ကင်းဖွဲ့ရှိတယ် သူတို့ တပ်တွေတာတော့ ဆရာကြီးတို့ ပတ်ခေါင်နဲ့ ဘွေဆိုင်ရွာနားမှာ အသင့်စောင့်နေကြတယ် ဆရာကြီးတို့လာရင် ညှပ်ကဖြတ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

မယ်လို့ဘဲ ပြီးတော့ ရှမ်းပြည်ဘက်က သူတို့လူတွေ အကူမလာနိုင်ဘူး....”

ဟိုမှာလဲ ဂျပန်စစ်တပ်တွေက သူတို့ကို လိုက်ရှာသတ်နေတယ်....

“ကောင်းပြီ...မင်းနံမည် ဘယ်သူလဲ ဘာလူမျိုးလဲ ငါ့မှန်မှန်ပြော မင်းငါ့ရှေ့ ဆိုရှိလား...”

“မှန်မှန်ပြောနေပါတယ် ဆရာကြီး၊ ကျွန်တော့်နံမယ်က နန္ဒလီလို့ခေါ်ပါတယ် ရှမ်းစစ်စစ်ပါ မိုင်းဖြဲက ဇာတိပါ ဟိန်ခွန်ဘူးဟာ ကျွန်တော့်ဦးရီးအရင်းပါ ကျွန်တော်သာ မကောင်းတဲ့ လူတွေနဲ့ ပေါင်းမိပြီး နောက်ပိုင်း မပြန်ရဲဘဲ ဒီတောင်ကြားမှာ သောင်တင်နေတယ် ခင်ဗျ....”

“ဩော်—မင်းက ဟိန်ခွန်ဘူးရဲ့ တူကိုး ဟိန်ခွန်ဘူးမှာ သားသမီး ဘယ်နှစ်ယောက်ရှိသလဲကွာ.... သူဇာတိဘယ်ကလဲကွာ—သူ့မိန်းမ ဘယ်ကလဲကွာ မှန်မှန်ပြောပေါ့ ငါ့ကို လိမ်မယ် မကြံနဲ့....”

“ဟိန်ခွန်ဘူးမှာ သားနှစ်ယောက် ခွန်ဘာနဲ့ ခွန်ပန်း၊ သမီး ကနန်းလှ၊ သူ့မိန်းမက ပင်လောင်းနယ်က ဒေါ်အဲညွန့် ကျွန်တော့်မှာ ဒေါ်အဲညွန့်ဘက်က တော်တဲ့တူပါ....”

“ကျွန်တော့် အဖေဟာ ဒေါ်အဲညွန့်မောင် အရင်းခင်ဗျ အဖေနဲ့ အမေငယ်ငယ်က ပင်လောင်းမှာ နေတယ် ကြီးမှ မိုင်းဖြဲနယ်ကို ရွှေ့နေခဲ့တယ်”

“ကဲ...ဆရာကြီး ကျေနပ်ပြီလား—ခင်ဗျား ယုံကြည်ပြီလား”

ဦးနုသည် စစ်ဆေးခံသူ၏ နားရင်းကို တချက်နာနာကလေး ပုတ်ခတ်၍ ရိုက်လိုက်ပြီး....

“ဟင်...ခွေးကောင် လူမိုက် ဆွေမျိုးတွေနဲ့မယ် အားကြီးဖျက်တယ် နင်ငါ့ကိုကြည့်စမ်း သေသေချာချာ ဘယ်သူလဲလို့....”



“ဦးနုသည် သူ၏မျက်နှာကို လက်နှိပ်မီးဓါတ်မီးဖြင့် တချက်ထိုးကာ ပြလိုက်၏။

“ဟိုက်...”

ဟူသော အလန့်တကြား အော်သံနှင့်အတူ ငိုသံတွေပါ ပေါ်ထွက်လာပြီး အစစ်ဆေးခံရသူ နန္ဒလီသည် ဦးနု၏ ခြေသလုံး နှစ်ဘက်ကို သိုင်းကြုံး၍ ဖက်ကာ ငိုယိုပါသည်၊ ဦးနုသည် ဝမ်းနည်းလာသည့်အသံဖြင့် ကျွန်တော့် အား လှည့်၍....

“ကျုပ်တူအရင်းဗျသူ့ အဖေဟာ ကျုပ်ညီအရင်း ထမုန်ဝ...”

ငိုယိုရင်း နန္ဒလီသည်ဦးကြီး သေပြီကြား၍ လွမ်းဆွတ်ခဲ့ကြောင်းကို ပြန်ပြောကြပါသည်

“ဗိုလ်မှူး ဒီအကြောင်းကို ကျွန်တော်တို့ ကောင်းကောင်းအသုံးပြုရမယ်”

“ကဲ...ဒို့အလုပ်ကို မင်းလိုက်ကူညီရမယ် ဟောဒါက ဒို့ဗိုလ်မှူးကြီးကွ....”

ကျွန်တော့် အား မိတ်ဖွဲ့ပေးပါသည် နန္ဒလီသည် သူ၏ယောသားများကို ရှမ်းဘာသာဖြင့် တခွန်းပြောလိုက်ရာ ‘အော်...’ကနဲ တခွန်းသာ ထူးပြီး ကျွန်တော့် အား တညီတညွတ်တည်းထိုင်၍ အရိုအသေပေးကြပါသည်။

ကျွန်တော့် အသို့ မမျှော်လင့်သော ကာလတွင် ရန်သူ့မှ ကျွန်တော်တို့ဘက်သို့ စိတ်ချစရာလူထောက်ဘဦး လက်ခံရရှိသည်ကြောင့် အတော်ကလေး ဝမ်းသာသွားမိ၏။

မကြာမီနန္ဒလီသည် ကျွန်တော်တို့ရှေ့မှ လမ်းပြများနှင့် အတူ ဥာဏ်ထွန်း စေလွှတ်ထားသည့် ကင်းအဖွဲ့များကို ရှောင်ကွင်း၍ ဥာဏ်ထွန်းရှိ ပုန်းနေရာ ဒရောက်ကူးစခမ်းသို့ ခေါ်ဆောင်သွားပါသည်၊ နန္ဒလီပြောသည့်အတိုင်း မှန်ပါသည်၊ ဆောင်းကုတ်ထောင်အ

www.burmeseclassic.com



သုံးဖွဲ့မှ လှည့်ပတ်ကာ လှည့်လည် စောင့်ရှောက်နေသည်ကို ကျွန်တော်တို့ တိုက်ခိုက်ရေးတပ်ဖွဲ့များက ရန်သူအင်အားစုသည် တစုံတရာ အသံမပေးထမ်း ဖေါက်ထွင်းကာ ရန်သူ့နောက်ပိုင်းသို့ဝင်ရောက်ခဲ့နိုင်သည်၊ မိုးကား အလင်းပိုင်းသို့ လုခဲ့လေပြီ တောင်ကုန်းတလှည့် ချိုင်းဝှမ်းတလှည့်နှင့် တူထပ်စွာ သစ်ပင်စုံ ပေါက်ရောက်သော မြေမျက်နှာပြင် ဒေသသို့ ကျွန်တော်တို့ တပ်ဖွဲ့များသည် ချဉ်းနှင်းဝင်ရောက်ခဲ့တော့သည်။

“မရောက်သေးဘူးလား ...ဦးနု မိုးလင်းတော့မယ်....”

ကျွန်တော်က ဦးနုသို့ လှမ်း၍ သတိပေးလိုက်သည် ဦးနုသည် ကောင်းကင်တဝိုက် အခြေအနေကို တချက် အကဲခတ်ကာ ကြည့်လိုက်ပြီး နန္ဒလီကို မေးမြန်းပါသည်၊ နန္ဒလီကလည်း အရေးတကြီးနှင့် သွက်သွက်ခြေလှမ်းကာ ကျွန်တော်တို့သွားနေရာ ညာဘက်သို့ ညွှန်ပြပါသည်။

“အဲဒီနေရာ တဝိုက်ဟာ ပညာ်ခေါင်ရွာဘဲ ခုဟာ ရွာနှစ်ရွာကို ကျော်ပြီး ဒရောက်ကူးစခမ်းကို ဝိုင်းမိအောင် နန္ဒလီ ခေါ်ခဲ့တာပါ ဗိုလ်မှူး....”

ဦးနုသည် တောတောင် အခြေအနေကို တချက် အကဲခတ်ရင်း....

“ကျုပ်ငယ်ငယ်က ဒီတောတွေမှာ အတော်နှံ့တယ် ခုတော့ ကောင်းကောင်း မမှတ်မိတော့ဘူး.......”

တော၏ ညာဘက်သို့ ဖြတ်၍နန္ဒလီသည် ကျွန်တော်တို့ ခေါ်ခဲ့ပြီး တဖါလုံခန့် တက်ခဲ့သည်နောက်ဖက်ခါစ နေရောင်အောက်၌ မီးခိုး တအူအူနှင့် တဲတနေရာကိုပြလိုက်၏။

“အဲဒီနေရာတာ .. ဥာဏ်ထွန်းနေတဲ့ နေရာဘဲ၊ သူ့မှာ လူအင်အား နှစ်ရာလောက်ရှိမယ် တပ်တွေကိုလဲ တော်တော်များများ အဲဒီနားကပြီး ပတ်ခေါင်ရွာအထိ ဖြန့်ထားတယ်....”



ကျွန်တော်သည် တပ်ခွဲမှူးများ၊ တပ်စုမှူးများကို အမြန်ခေါ်ယူ၍ စစ်ဆင်ရေး အမိန့်သစ် တရပ်ကို စီစဉ်လိုက်သည်၊ ‘ရဲခေါင်’ စစ်ကြောင်းသည် ဥာဏ်ထွန်း ခေါ် ရှမ်းငထွန်းတဲစခန်းကို တိုက်ရိုက်ဝင်တိုက်ရန် ဘုရင့်နောင် စစ်ကြောင်းသည် ပတ်ခေါင်ရွာနှင့် တွေဆိုင်းရွာများကြား၌ တပ်ဖြန့်ထားသော ရန်သူများကို တိုက်ခိုက်၍ ပေါ်ပြူပါ ရွာနှစ်ရွာကို ဝင်စီးထားရန်ဖြစ်သည်၊ ဘုရင့်နောင်စစ်ကြောင်းကို ဦးနုနှင့် ခရီးလမ်းပန်းသိသော လမ်းပြနှစ်ယောက်နှင့်အတူ ကြိုတင်၍ ရွာနှစ်ရွာကြားရှိ ရန်သူတပ်များဆီသို့ ရောက်ရန် တပ်ဖြန့်၍ လွှတ်လိုက်သည်၊ ကျွန်တော်တို့ ရဲခေါင်စစ်ကြောင်းနှင့် အတူ နန္ဒလီနှင့် လမ်းပြနှစ်ဦးတို့ကို လူဆိုးထွန်း ဌာနချုပ်ပြုလုပ်ထားရာ ဒရောက်ကူးစခမ်းသို့ တပ်ဖြန့်၍ နေစဉ်တကျ ကင်းထောက်လျှက် ချီတက်သွားသည်။

တပ်စုလေးစုကို ဒရောက်ကူး စခမ်း တဝိုက်ကို ဝိုင်းမိအောင် နယ်နိမိတ်ကျယ်ဖြန့်ကာ စတင်၍ တိုက်ပွဲအခြေခံ စစ်ဆင်မှုအတိုင်း တာကဲခဲ့ကြသည်၊ ဆယ်မိနစ်အကြာတွင် ဘုရင့်နောင်စစ်ကြောင်းဆီမှ စတင်၍ ပစ်ခတ်သံများ ရုတ်တရက်ထွက်ပေါ်လာချေသည်၊ ကျွန်တော် ဦးစီးသော ရဲခေါင်စစ်ကြောင်းသည် တဖါလုံခန့်သာ ဝေးတော့သည်၊ ဥာဏ်ထွန်းစခမ်းသို့ အပြင်းအထန် ချီတက်ရန်အမိန့်ပေးလိုက်သည်၊ မကြာမီ ခတ်မြင့်မြင့် တောင်ကုန်းကလေးကို တွေ့ပြီးနောက် တောင်ထိပ်မှ လက်နက်ကိုင် လူတစုက ကျွန်တော်တို့ကို စတင်၍ ပစ်ခတ်လိုက်တော့သည်။

ကျွန်တော် ချက်ချင်းပင် သူ့လက်မဝေ့်တာနှင့် တောင်ကုန်း ထိပ်၌ လှမ်း၍မြင်နေရသော မီးခိုးတလူလူနှင့် စခမ်းဆီသို့ ... ဆိုက်ပစ်သွင်းစေပြီး တပ်စုများကို ပစ်ခတ်ရင်း နေရာတိုင်း၌ စစ်



www.burmeseclassic.com

www.burmeseclassic.com



ပရိရာယ်အသွင်ဖြင့် မှု တိုင်းချ၍ဆင်ရေမပါသည်၊ တောင်ကုန်းပေါ်မှ အကွက်စေ့အောင်နေ့ရာယူထားသောရန်သူများကလည်း ငက်သေးနတ် သုံးလေးလုံးဖြင့် ကျွန်တော်တို့ကို သီး၍ တင်းမာစွာခုခံပစ်ခတ်ကြသည်။ ကျွန်တော်တို့ဘက်မှလည်း စက်သေနတ်ကြီးနှင့် နှစ်လက်မ မော်တာများလည်း ရန်သူ၏ အချက်အချာ စက်သေနတ်တွင်းများနှင့် လူစုထဲသို့ ထိမှန်အောင် မရပ်မနား ပစ်ခတ်ရင်း ခြေလျင်တပ်များသည် တခဲနက် တောင်ကုန်းအခြေသို့ လှုံ၍တက်ရောက် တိုက်ခိုက်ကြ၏။ ပေါက်ကွဲသံများနှင့်အတူ သုံးလက်မ မော်တာငါးချက်သည် ရှမ်းတွေ့နှင်း၏ တဲစခန်းကို ထောင်းကနဲ ဝုန်းကနဲ ထိမှန်ကာ စတင်၍ မီးလောင်စေတော့၏။ တဲပေါ်မှခုန်ဆင်းသူများ ပြေးလွှားသူများနှင့်အတူ ပြန်လှန်၍ အမိန့်ပေးသံများသည် ကမ္ဘာပျက်သကဲ့သို့ တုံ လှုပ်စွာ ပေါ်ထွက်၍ လာချေ၏။ ခြေလျင်တပ်စုများမှ စက်သေနတ်သွင်သံ၊ လက်ပစ်ဗုံးသံများကလည်း ညီညီညာညာသံပြိုင်ဟီး၍နေတော့သည်။

မှန်ပြောင်းနှင့်လှမ်း၍ရန်သူအခြေအနေကိုလေ့လာကြည့်သိက်သည့်အခါ၌ ရန်သူများသည် ပစ်ရင်း ခတ်ရင်း ဆုတ်ခွာနေတော့သည်။ အခြေအနေနှင့်တကွ ရဲခေါင်စစ်ကြောင်းမှ တောင်ကုန်းပေါ်သို့ စတင်တက်ရောက်ကာ အကြိတ်အနယ် တိုက်ခိုက်နေသည်ကို ထင်ရှားစွာတွေ့ရသည်၊ ရဲခေါင်စစ်ကြောင်းနှင့် စတုတ္ထတပ်စုသည် တောင်ကုန်းနောက်မှ ထွင်ဖြန့်၍ ချဉ်းကပ်ခဲ့ရာ ယခုအချိန်မှပင် တောင်ကုန်းကျောဘက်သို့ ရောက်ခဲ့သည့်အကြောင်း မြင်းမြင်းထန်ထန် စတင်ကာ တိုက်ခိုက်လိုက်ကြောင်းကို တခေါ်ခေါ်ပစ်ခတ်လိုက်သည့် စက်ပျက်နှသံက တခုအနေဖြင့် ကျွန်တော်ကောင်းစွာ သဘောပေါက်မိသည်။



ကျွန်တော်နှင့် ရုံးအဖွဲ့ဝင်များသည် တောင်ကုန်းပေါ်သို့ အပြေး တက်လာခဲ့တော့သည်၊ ကျွန်တော်နှင့်အတူ တက်ခဲ့သောအမှတ်နှစ် တပ်စုသည် တောင်ကုန်းအခြေမှ စ၍ လှံစွပ်တိုက်ပွဲအဖြစ်စခမ်းသိမ်းတိုက်ပွဲပြုလုပ်လျှက်ရှိကြောင်း ရုံးတပ်ဖွဲ့သားများမှလည်း လှံစွပ်တပ်ထားသော ရိုင်ဖယ်များ စက်သေနတ်များဖြင့် ညာသံကြေးကြော်သံများပေးကာ ရှေ့သို့ ရောက်အောင် အပြေးတက်နေလေသည်၊ သွေးရဲရဲ-သံရဲရဲဖြင့် မော်တာဆံတိုက်ရိုက်မှန်ခဲ့၍ တပုံကြီး တထပ်တည်း ကိစ္စချောနေသော တောင်ခြေမှ ရန်သူစက်သေနတ်အဖွဲ့ဝင်များ၏သက္ကာန်ပျက်များကို ကျော်ကာ ပစ်ရင်းခတ်ရင်း ဆုတ်ခွာပြေးနေသော ရန်သူများ၏ နောက်သို့ တပါတည်း လိုက်ပါပစ်ခတ်ကာ လှံစွပ်နှင့်ထိုးသူကထိုး ရိုင်ဖယ်နှင့် ပစ်ခတ်သူက ပစ်ခတ်နေသည့် တပ်မက်ရဲဘော်များ၏ တိုက်ခိုက်မှု စွမ်းရည်ကို ကျွန်တော်တွေ့မြင်ကာ အကျေနပ်ကြီး ကျေနပ်မိ၏။

ရုံးအတွက်တက်ခဲ့ရာ ရှေ့မှ ပစ်ခတ်ရင်း ဆုတ်ခွာ ပြေးသောရန်သူအုပ်ထဲသို့ တပ်ကြပ်ကြီး သန်းထွန်းသည် တော်မီဂန်နှင့် လှမ်း၍ ဆွဲလိုက်ရာတွင် တပြုံကြီးကျ၍ ကျန်ရစ်တော့သည်၊ လူးလှိမ့်ပြေးရန် ကျိုးစားနေသောရန်သူများကို ရဲဘော် မောင်ထွန်းနှင့် ရဲဘော် ကျော်လှိုင်လှုတ္တကာ လှံစွပ်နှင့် အပြီးသပ် သုတ်သင်လိုက်၏၊ ဘုရှင့်နောင်စစ်ကြောင်းသိမှလည်း အပြင်းအထန် တိုက်ပွဲဖြစ်ပွားပုံဖြင့် အဆက်မပြတ် ပစ်ခတ်သံများသည် တဖောလုံး အနယ်လုံး တလာအောင် ကြားနေရသည်၊ နောက်ပိုင်းမှ ပစ်ခတ် ပေးနေသော စိန်ပြောင်းကြီးတပ်စုနှင့် စက်သေနတ်ကြီးတပ်စုသည် ယခုအခါ၌ပင် ပစ်ကွင်းအသစ်ပြောင်းကာ ရန်သူများဆုတ်ခွာပြေးကြသည့် တောင်ကုန်းအနောက်ဘက် တောစပ်များတလျှောက်သို့ ဒလစပ် နေရာ အနှံ့ အပြား လိုက်လံပစ်ခတ်ပေးခြင်းဖြင့် ရန်သူများ

www.burmeseclassic.com

www.burmeseclassic.com



၏ ဆုတ်လမ်းသည် ပိတ်ဆို့ ကုန်တော့၏။

တနေ့ရာတွင်ကျွန်တော်တို့ရှေ့ တောင်ကုန်းပေါ်မှ ရိုင်ဖယ်သံနှင့် လက်ဖြင့် ခုခံပစ်ခတ်နေသည့် ရန်သူအစုကို ရဲဘော် မောင်ပုသည် စက်သေနတ်နှင့်ဖိ၍ ပစ်ခတ်လိုက်သည့်ကြောင့် တချိန်တည်းနှစ်ဦး ကျပြီး ကျန်တစ်ယောက်တည်း ဘာလုပ်ရမှန်းမသိ ရောင်လည်လည် ဖြစ်နေသည်တွင် အနီးကပ်ဆုံးရောက်နေသဖြင့် ရဲဘော်မောင်စမ်း ကာလှ စွပ်နှင့် ပြေးရှိုးထိုးလိုက်၏၊ ဤတွင်တယောက်သားထားကျန် ရစ်သည့် ရန်သူသည်လက်မြှောက် အညံ့ခံလိုက်သော်လည်းရဲဘော် မောင်စမ်း၏လှံစွပ်သည် ရန်သူ၏လည်ချောင်းကိုဖောက်ထွက်သွား နှင့်ပေပြီ၊ ကျွန်တော့် အဘိုး၌ တိုက်ပွဲကြီးအတွင်း၌ ယခုကဲ့သို့ ခြေလှန် လက်လှန်ဖြစ်ရသည့်အခရေးကို ရုတ်တရက် တားဆီးရန် ခက်ခဲနေသည့်ကြောင့် ရှမ်းလွန်းစခမ်းရှိ တဲများဆီသို့ အမြန်ဆုံးရောက် ရှိရန် အပြေးတက်ခဲ့မိသည်။

တဲကို ရဲဘော်များသည် လေးဘက် လေးတန်စိုင်မိထားခဲ့သည်၊ ထိုရာတွင် တဲပေါ်မှ ခံပစ်သူကာပစ် ခုန်ချသူက ခုန်ချနှင့်ကသောင်း ကနင်း ဖြစ်နေသောသည်၊ ခေါင်မိုးကလည်း မီးတောက်ထ၍တောက် နေသည် ရန်သူများ၏ အခြေအနေမှာ သိသိသာသာကြီးရှုံးနိမ့် ပြီးဖြစ်ကြောင်း ကျွန်တော်သဘောပေါက်တော့သည်၊ တောင် ကုန်းကိုအပြီးအပိုင် သိမ်းထားခန်နှင့် ဆုတ်ခွာပြေးသော ရန်သူ များနောက်သို့ မနားမနေ လိုက်တိုက်ရန်ကို ကျွန်တော်သည် ဆက် လက် အမိန့်ပေးကာ ခုခံမှုစဲသွားသော တောင်ကုန်း အခြေအနေ ကို အမြန်ဆုံး ထိမ်းသိမ်းလိုက်သည်၊ စခမ်းတိုက်ပွဲကား ပြီးဆုံးခဲ့ပြီ ဟု ဆိုရပေမည်၊ အကြောင်းမှာ တဲကြီးများပေါ်မှ ပြန်လှန်ပစ် ခတ်မှုသည် တချက်မှ ပေါ်ထွက်မလာပေ၊ ထိုရာတွင် မိုးစိတ်ချ ရအောင် ရဲဘော်များသည် လက်ပစ်ဗုံးများ၊ စက်သေနတ်များ



နှင့် တဲကြီးခြေရင်းကို အားရပါးရ မွှေရမ်းကာ ပစ်ခတ်ရှင်း လင်းပြီးမှ တဲပေါ်သို့ အပြေးတက်ခဲ့ကြသည်။

လောင်နေသော မီးကို အမြန်ငြိမ်းသတ်ရန် ကျွန်တော်သည် တဲအောက်၌နေ၍ အမိန့်ပေးလိုက်သည့်ကြောင့် တပ်စုနှစ်စုနှင့် ရိုး အမွှေးသားများ၊ ဆေးအဖွဲ့သားများနှင့်နန္ဒလီတို့ လူစုသည် ဝိုင်းဝန်း ၍ တဲကြီးများအနီး၌ အရံသင့်ထားသော ရေကန်မှရေများ ဖြင့် ပက်ဖျန်းကာငြိမ်းသတ်ကြသည်၊ တဲဝိုင်းအတွင်း၌ တုံးလုံးပက် လက်သာချုံးမှောက်ခုန်တချိုး ကိုယ်စီချုံးနေသော သောင်းကျန်းသူ များ၏ အလောင်းနှင့် ရဲတက်နေသော သွေးကွက်များသည်သည်း ရေများနှင့်ရောကာချောဲ၍နေသော အသေး သဘွယ်ကြီး ဖြစ်တ နေပါသည်။

မကြာမီ တဲပေါ်မှ ခေါင်းချလာသည့် ဒက်ရာများဖြင့်ကျန် ရစ်သည့် သောင်းကျန်းသူများကို ကျွန်တော်သည် တွေ့လိုက်ရပြီး နောက် တုံ့လှုပ်စွာဖြင့် ငိုကျွေးနေသော ဇမျိုးသမီး တဦး ကိုပါ တွေ့ရပါသည်၊ က ကောင်းသေတ်မ၍ လက်ယပ်ဗုန်းဒဏ် စက်သေနတ်ဒဏ်များကို ရှောင်ကွင်းနိုင်ခဲ့သော ဤသုံးပန်းများကို နောက်ဆုံမသတ်ကြရန် ကျွန်တော်သည် သတိပေးကာ တဲကြီး အောက်အဘွင် စပုံ၍ အစောင့်များနှင့် ချထားလိုက်သည်။

နန္ဒလီသည် ကျိုးကန်းတောင်းမှောက် တစုံတယောက်ကို ရှာ ဖွေနေသည်၊ သေသူများ၏ အလောင်းများကိုလည်း ဂရုတစိုက် ရှာဖွေခဲ့သည်၊ ထို့နောက် နန္ဒလီသည် အမိမိဘားသုံ့တဲမှ လူတ ယောက်ကိုလှမ်း၍ ရှမ်းသာသာဖြင့် သံလေးခုန်း မေးလိုက်သည် တွင် ထိုသူက ခတ်ဘိုးထိုးပြန်၍ ပြောကြားလိုက်၏၊ နန္ဒလီသည်တော ဝဲအသံဖြင့် ဗမာလို ကျွန်တော်သို့...

ဥဘာဘွန်း လက်ပြင်မှာ ဒဏ်ရာနဲ့ လွတ်ခမြီးပြိုလီမှူး...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အဘိုး ခေါင်းငြိမ့်ပြလိုက်ပြီး စိတ်ထဲ၌ အတော်ပင် ထွက်သွားၿ၏ ရင်ညွှာကိုထွန်းခေါ် ရှမ်းထွန်း ကျဆုံးမှ အားလုံးကိုစု အေးမည်ကြောင့် ကျွဲသို့ တပင်တပန်း ဒုက္ခခံကာ ရန်သူနောက်ကြောင်းသို့ အရောက် ညဥ့်အမှောင်း ခရီးပြင်း ချီတက်ကာ တိုက်ခိုက်ခဲ့ရခြင်းဖြစ်၏။ သို့ရာတွင် တချက်အနေဖြင့် ကျွန်တော် စိတ်ချမ်းသာသွားမိ၏၊ ထိုအချက်မှာ ရှမ်းပြည်ဘက်မှ နောက်ထပ် သောင်းကျန်းသူ တပ်ကူများ ချီတက်လာမည့် ခရီးလမ်းကို ကျွန်တော်တို့အရင် ပိတ်ဆို့ သိမ်းပိုက်ထားနိုင်ခြင်းပင်ဖြစ်၏။

မကြာမီ တပ်ခွဲမှူး ဗိုလ်ကြီးငြိမ်းမောင်သည် ကျွန်တော့်ဆီသို့ လာရောက်၍ သတင်းပို့ အစီရင်ခံပါသည်

တိုက်ပွဲပြီးဆုံး၊ ရန်သူ လေးဆယ်သုံးယောက် ကျဆုံး၊ နှစ်ဆယ်ခြောက်ယောက် ဒဏ်ရာနှင့်မိ၊ အမျိုးသမီး ဆယ်နှစ်ယောက် ဘမ်းမိထား၊ ငါတို့ဘက်မှ ရဲဘော်သုံးယောက်ကျဆုံး၊ ငါးယောက် ဒဏ်ရာရ၊ ရန်သူမှာ တောထဲသို့ ဆုတ်ခွာပြေးကြောင်း....။

ချက်ခြင်းပင် ဒဏ်ရာရရှိလာသော ရဲဘော်များကို ဆေးမှူး ဗိုလ်ကြီးဖေသန်း ကိုယ်တိုင် မြူ၍ ယာခုစခမ်းကို ခေတ္တ ဆေးရုံအဖြစ် သတ်မှတ်ထားရန် အမိန့်ပေးလိုက်သည်၊ ကျဆုံးသည့် ရဲဘော်သုံးယောက်ကိုလည်း မီးသင်္ဂြိုဟ်၍ ဇော်အခင်းအနား ထုံးစံအရ အလေးပြုကာ ၎င်းတို့၏ ပြာများကို ဝါးကျည်တောက်များ ရှာထည့်သိမ်းရန် အမိန့်ပေးလိုက်သည်၊ ဒဏ်ရာရရှိသော ရဲဘော်များကို ကျွန်တော်ကိုယ်တိုင် သွားရောက်၍ အားပေးစကား ပြောကြား နှုတ်သိမ့်လိုက်သည်၊ ထို့နောက် နန္ဒလီကိုခေါ်ကာ ဘမ်းမိထားသော ဒဏ်ရာရရှိသူများကို တဦးစီ ထိုက်လန် စစ်ဆေးကြသည်၊ အမြင်းအထန် ဒဏ်ရာရရှိသူများ အနက် သူနှစ်ဦးမှာ မျှော်လင့်စရာမရှိချေ အကြောင်းမှာ စက်သေနတ်ကြီးနှင့် မော်တာဆန်များ တိုက်ရိုက်

ထိမှန်ထားသူများဖြစ်လျက် လက်မြှက် ပေါင်ကြီးနှင့် သွေးလန့်နေသောကြောင့်ပင်။ အရေပြားမြင့်တက်စက်နှင့် ခေါင်းထွင် ဒဏ်ရာရပြီး မေ့နေသော လူဆိုးဂိုဏ်းဝင် တဦးကို နန္ဒလီသည် ချက်ခြင်းလက်သုံးနှင့်ထိုးကာ ပြသရင်း...

“အဲဒါ ... ဥာဏ်ထွန်းရဲ့ လက်ထောက် ပဏ္ဍာ နေပေါ့” ဟု ပြောပါသည်၊ ကျွန်တော်သိသော ဥာဏ်ထွန်း၏ တပည့် လက်ထောက် ငပေါ်မှာ လက်တို ငပေါ်ဖြစ်ကြောင်း ထပ်မံမေးမြန်းသည်တွင် နန္ဒလီသည် သတိမေ့နေသော လူဆိုး၏ ညာဘက်လက်ကိုအသာမ၍ ပြလိုက်၏၊ မှန်ပေသည် ညာဘက်လက်မှ လက်ချောင်းလေးချောင်းမှာ တိုတိုကလေးတွေသာရှိ၍ လက်တို ငပေါ် သို့မဟုတ် ပဏ္ဍာငပေါ်ဖြစ်နိုင်ပေသည်၊ ကျွန်တော်သည် ထပ်မံ၍ နားမရှင်းသည်ကြောင့်....”

နံမည်ရှေ့က အဲဒီဘယ်ကြောင့် ပါခဲ့ပါ၊ စကားလုံးတွေ ထည့်သုံးရသည်ကို စုံစမ်းကြည့်ရာ၌ ရှမ်းလူမျိုးများသည် အများအားဖြင့် ဘုရား-တရား အလွန်ကြည်ညို၍ အာသာရေးဘက်၌ ကိုင်းရှိုင်းသူများဖြစ်ကြောင်း ထိုကြောင့်ကိုရင်ဝတ်သည့်အခါ၌ဖြစ်စေ ရဟန်းခံသည့်အခါ၌ဖြစ်စေ၊ ရှင်ဘဲ့-ရဟန်းတို့ များကို ပွင့်လိမ့်ပြန် ထွက်သောအခါ အမြှုတ်တနိုး မိမိ၏ နံမည်ရင်းရှေ့မှ တပ်ခေါ် ကြသဖြင့် ခေါ်ကြောင်းကို ရှင်းလင်း ပြောပြပါသည်။

ဘုရင့်နောင်စစ်ကြောင်းဆီမှ ချက်ခြင်းပင်သတင်းပို့ချက်ရောက်ရှိပါသည်၊ နားထောင် လိုက်သည်နှင့် ဘုရင့်နောင် စစ်ကြောင်းမတ်ခေါင်ရွာကို သိမ်းပြီး လမ်းတွင် ရန်သူတပ်များနှင့် တိုက်ပွဲဖြစ်၊ ရန်သူဆယ်နှစ်ဦးကျဆုံး၊ ဆယ်လေးယောက်ဘမ်းမိထားမိတော်ဘက်မှ ငါးဦး ဒဏ်ရာရ၊ ထွေဆိုင်းရွာသို့ ဆက်လက်တိုက်ခိုက်ရန် ချီတက်စောင့်နေသည်။

www.burmeseclassic.com



ကျွန်တော်သည် ရဲဒေါင်စစ်ကြောင်းမှ ဘမ်းမိသည့် ရန်သူစာရင်း အမျိုးအစား လက်နက်ပစ္စည်းများကို စနစ်တကျ မှတ်သားခိုင်းပြီးသည့် အတွင်း ခံစစ်ကြောင်းများ ကတုပ်ကျင်းများကို အချက်ကျကျ တူးခိုင်းလိုက်သည် ဤတွင် အေးမှုးသည် သတင်းလာပို့ပြန်သည် ဒဏ်ရာရရှိထားသော လက်ဘို ဖော့ါနှင့် နှစ်ယောက်သေဆုံးသွားပါကြောင်း၊အခြားလူနာများ အခြေအနေ ကောင်းမွန်လာကြောင်း။

သူ၏အမိုက်ဇာတ်နှင့် သူသိမ်းသွားသည့် အတွက် ကျွန်တော်အဘို့ တာဝန်မေ့သွားတော့သည်၊ ဘမ်းမိထားသော အမျိုးသမီးများအနက် ရှစ်ယောက်သော အမျိုးသမီးများမှာ ဥာဏ်ထွန်းအတွက် ခြေတော်တင်ရန် ပတ်ခေါင်နှင့် ဘော့ဆိုင်း ရွာကြီးများမှ အဓမ္မခေါ်ဆောင်လာခဲ့သော ဒုက္ခသည်များ ဖြစ်ကြောင်းကိုသိရှိရပြီး ရှမ်းတွေနှင်းသည် ရှမ်းပြည်ဘက်သို့ ပြန်ပြေးဘွယ်ရာ ကြိုတင် စီစဉ်ထားပုံကိုပါ သတင်းရရှိလေသည်။

## “ရန်စူး-ရန်သွေ့ခင်”

ဒရောက်ကူးတိုက်ပွဲကြီး ပြီးသည့်နောက် သုံးရက်မြောက်သောနေ့

ကျွန်တော်တို့ ရုံးအဖွဲ့ဝင်များသည် တမ်စုတစုကို ခေါ်ကာ ရှမ်းပြည်ဘက်မှ တက်လာနိုင်သည့် လမ်းများဆီသို့ ကင်းထောက်ထွက်ခဲ့သည်၊ အခြားတပ်စုများသည် စခန်းတဝိုက်၌ ဆက်လက်၍ ရန်သူများကို ရှာဖွေခြင်း ဆက်လက်တိုက်ခိုက်ခြင်း အလုပ်များလုပ်ဆောင်ရင်း ကျန်ရစ်ခဲ့သည်။



အင်တိုင်း တောစပ်နှင့် ကိုင်းတောများ ရောနှော ခပါကိုရာလမ်းကို ကျွန်တော်နှင့် ဦးဘိုးဟန်၊ ကိုဘိုးရန်နှင့်တကွ ရဲဘော်ကျော်လိုင်တို့ပါ ဖြတ်၍ တက်ခဲ့သည်၊ ဦးဘိုးဟန်သည်၊ လမ်းကိုဖြောင့်ဖြောင့် မသွားဘဲ လမ်းဘေးနှင့် လမ်းအလယ် ဇဟိုသို့ ကြည့်ကာကြည့်ကာ သွားနေသည်။

“ဘာလဲဗျ...အဘိုးကြီး အရေးထဲမှာ အမဲခြေရာခံလို့...”

ကျွန်တော်သည်၊ ခရီးသွားပျက်မည် အရေးကြောင့် ဟန့်တားပုံ ဖြင့်မပြောလိုက်သည်။

“အေးလေ...ကျုပ်နဲ့ မသက်ဆိုလို့...”

ခဏ်တိုတို ဦးဘိုးဟန် သည်မြေဆိုရပ် ရှေ့မှ လမ်းပြလုပ်သူနှစ်ဦးကို ခတ်ဖြေးဖြေးသွားရန် သတိပေးလိုက်သည်။

“လမ်းအတိုင်းသွားနေ...ဖြတ်လမ်းတွေ ဘာတွေက လုပ်မနေနဲ့ ကြားရဲ့လား...”

ထပ်မန်၍ သတိပေးသည်၊

ကိုက်တရာခန့်သွားမိသော်အခါ လမ်းမြှတ်ဦးသည် လမ်းအတိုင်းတက်သွားလျှင် တွေ့နေရမည့်စိုး၍ တထောင်ဆစ်ချိုး တောကိုဖြတ်၍ ကျွန်တော်တို့အား ခေါ်ယူလိုက်သည်၊ တောထဲသို့ ပေအစိပ်ခန့် ဝင်မိသောအခါ ဦးဘိုးဟန်သည် အရေးတကြီးနှင့် နောက်မှနေ၍...

“ဟေ့ လူ... ဘယ်လဲ....ဖြေးဖြေးသွား ခုက်တဲ့ဟာတွေဘဲ...”

အဖြစ်တင်လိုက်သည် ပြီးနောက်....မြေပြင်မှာခြေရာများကိုင်း၍ကြည့်ပြန်သည်၊ ကျွန်တော်တို့အဘို့ အဲခြေရာဆီသို့ ဂရုမစိုက်နိုင်ဘဲ တိုက်ရေး ခိုက်ရေးအတွက်သာစဉ်းစားနေမိသည်။

တခဏအတွင်း၌ ဝုန်းကနဲ အသံ ထွက်ပေါ်လာပြီး ငလန့်တကြား လူတယောက် အော်ဟစ်သံကြီးသည် ရုတ်တရက်ပေါ်ထွက်

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သော၏။ ကျွန်တော်သည် မြုတ်ကနဲလှမ်း၍ ရှေ့သို့ကြည့်လိုက်ရာတွင် 'ဟယ်...' ဆန့်မဲ့ခေါ် မိခဲ့ရန် မနည်း သတိပြုလိုက်ရ၏။ နွေခင်းကြောင်တောင်ပင် ရုက်ငြက်ရှေ့ရှေ့ ကျွန်တော်တို့လမ်းပြ သုံးသူကို တချက်ထဲ ကျားဝင်၍ ဆွဲလိုက်ခြင်းကြောင့် ဖြစ်သည်။ လည်ဂုတ်ကို တအားခဲကာဖြင့် ကျားကြီးသည် ကျွန်တော်တို့ဘက်သို့ လှည့်လည်ကာ မခန့်သွင်းရင်း မိုန်းနေပြန်သည်။ ဦးဘိုးဟန်သည် သူ၏လက်ထဲမှ ၁၇၅ မက်နမ်ရိုင်ဖယ်ဖြင့် ပစ်ခတ်ရန် လှမ်း၍ ချိန်လိုက်ရာတွင် ကျားကြီးသည် လမ်းပြလုပ်သူကို ချကနဲဆွဲကာ လှည့်လိုက်ပြီး တပတ်ကျွန်းပစ်ကာ တောထဲသို့ ဖြုတ်ကနဲ ဝင်ပြေးတော့၏။

"အဲဒါကြောင့် ကျုပ်ပြောနေတာ စောစောကခြေရာအသစ်ကြီးတွေတွေ့နေလို့ ခုတော့ ကောင်းရော့လား...."

ဦးဘိုးဟန်သည် ဒေါသကြီးစွာဖြင့် အပြစ်တင်ကာ ရှေ့ဆုံးမှ ကျားကြီးဝင်သွားရာနောက်သို့ လက်ချမ်မကွာ အပြေးလိုက်သည် ကျွန်တော်သည် ချက်ခြင်း သတိရကာ ရဲဘော်ကျော်သိုင်း လွယ်ထားသော ၄၇၀ နှစ်လုံးပြူး ရိုင်ဖယ်ကို လှမ်း၍ဆွဲကာ အရေးတကြီးနှင့် ကျည်ဆံကြီး နှစ်တောင့်ကိုထိုးကာ ကျည်ဆံ ခါးပတ်ကို လွယ်သိုင်းပြီး ကျားကြီးဝင်ပြေးရာ အထက်စီး ကျကျ တောစပ်နံရံဘက်မှ ပန်း၍ဆီးရန် အပြေးတက်ခဲ့သည် ကျွန်တော့်နောက်မှ ရဲဘော်ကျော်သိုင်းသည် လည်းကောင်း ဦးဘိုးဟန် နောက်မှ ကိုဘိုးရှိန်နှင့် ဗိုလ်မောင်ထွန်းတို့ နှစ်ယောက်သည် ဒုန်းပြေးကာ တက်လိုက်သည် ကျွန်ုပ်သည် တပ်စုသည် ပေါ်ပြန်ကာ ကျားနောက်သို့ပြန် လိုက်ရေးအတွက် အသင့်ပစ်ခတ်ရန် နေရာယူထားလိုက်သည်။

ကျွန်တော်သည် တောင်နံရံ ဘေးမှ သီကာ ပတ်ကာ အပြေး တက်ခဲ့သည်ပြီး တက်လာမည်ထင်ရသော လျှိုစွယ်ကလေးဆီသို့ အင်ရောက်အောက်ခဲ့ပြီးနောက် လျှိုစွယ်ကလေးထိပ်မှ ဝါးရုံပင်တောင်ကို အကာအကွယ်ယူရင်း တက်လာမည့် ကျားကို စောင့်လိုက်သည်။ လျှိုစွယ်ကလေးမှာ လူတရပ်ခန့်သာ နက်ပြီး ကျွန်တော် စောင့်နေရာဘက်သို့ တန်းလျက် ဆင်းနေသည် ဘေးတဖက် တချက်၌ ခါးသာသာခန့် မြင့်သည့် ဝါးရုံပင်ပေါက် ကလေးတွေ အစီအရီဖြင့် ရုတ်တရက် ကျားတကောင်ကို ဖုံးကွယ်နေအောင် ထူထပ်နေတော့သည်။ နားစွင့်ကာစောင့်နေသော ကျွန်တော်၏ ညာဘက်နားထဲသို့ ချွတ်ကနဲ ခြုံတိုးသံ သဲ့သဲ့ ကြားရသည်ကြောင့် လစ်ကနဲ ကျွန်တော်သည် အသံထွက် ပေါ်လာရာ ဆီသို့ နောက်ပြန် လှည့်၍ ကြည့်လိုက်သည်။ အသံထွက်ပေါ်လာရာသို့ လျှိုစွယ်ကလေးထဲမှ မဟုတ်ဘဲ, ကျွန်တော်တို့ နှစ်ယောက် ရပ်ခဲ့ရာ နောက် တည့်တည့် ဝါးရုံတောကလေးအစမှ ဖြစ်နေသည်။ ထိုကြောင့် ဂရုတစိုက် အကာအကွယ်ယူရင်း လှမ်း၍ကြည့်လိုက်သည့်နောက် ဝါးရုံကိုင်းကလေးတွေ ခါသွားသည်ကို ပထမ တွေ့ရပြီး တခဏအတွင်း၌ နားရွက်ဘိုတိုနှင့် ကြီးမားသော ကျားကြီး၏ နဖူးပိုင်းကို ရေးရေးတွေ့လိုက်ရသည် အသင့်မောင်းတင်ထားသော ရိုင်ဖယ်ကြီး ပြောင်းဝကို ခတ်သွက်သွက် ကျားကြီးထိပ်မိုင်းသို့ လှည့်ကာချိန်လိုက်ပြီး ရိုင်ဖယ်ခလုပ်ကို ညာလက်ညှိုးက မြေးတင်ထားလိုက်သည် ကျားကြီးသည် ဝါးရွက်များ အပေါ်သို့ တဖြည်းဖြည်း ခေါင်းထောင်၍ အစာလိုက်တွင် ကျွန်တော်၏ ရိုင်ဖယ်သည် မီးပွင့်၍ ထွက်သွားတော့၏ အထက်သို့ မြောက်တက်သွားသော ကျားကြီး၏ ကိုယ်လုံးကြီးကို တွေ့ရပြီးနောက် ဝါးခြုံတောထဲတွင် လူးသံလှိမ့်သံ မာန်သံများ၍ ကိုက်သံများသည် တခဲနက် ပေါ်ထွက်လာခဲ့သည်။

မရှေးမနှောင်း အချိန်တွင်ပင် ဦးဘိုးဟန်တို့ဆီမှ ရိုင်ဖယ်သံသည်

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းကာနဲ့ ပေါ်ထွက်လာပြီးနောက် ထပ်ဆင့်၍ရိုင်ဖယ်သံ နှစ်ချက် ထပ်မံပေါ်လာတော့သည်။ တခဏအတွင်း၌ ဆိပ်ငြိမ်ခြင်းက ဝတ်ဝန်းကျင် တပိုက်ကို လွှမ်းမိုးသွားပြန်ပါသည်။

"ဗိုလ်မှူး...ဗိုလ်မှူး...ဘာဖြစ်လို့လဲ..."

ဦးဘိုးဟန်၏ အသံကြောင့် ကျွန်တော်သည် ချက်ခြင်းပင်...

"ကျုပ်တို့ဒီမှာဗျို့... ဘာမှမဖြစ်ဘူး၊ အဲဒီကရော ဘာကောင် ပစ်တာလဲ...."

ပြန်လှန်၍ မေးလိုက်သည်တွင်...

"လူကိုက်သွားတဲ့ တောခကောင်ကြီးဗျို့... ကိစ္စချောပြီ"

ဤတွင် ကျွန်တော်ပစ်ခတ်သော တောကောင် (ဝါ) ကျားကြီးသည် နောက်တကောင် ဖြစ်နေကြောင်း ရိပ်မိပါသည်။

"ဒီမှာလဲ သားကောင် ... ကိစ္စချောပြီဗျို့...၊ အခိုပ်အကဲကြည့် နေတယ်..."

ကျွန်တော်သည် ပြန်လှန်၍ ဟစ်ကာပြောလိုက်သည်။ မကြာမီ တပ်စိပ်နှစ်ခုပ်သည် လုံးစွမ်းဘတ်ထားသည့် ရိုင်ဖယ်များနှင့် ရင် သောင်တန်းကာ တက်ချင်း ကျွန်တော် ဆီသို့ လိုက်ပါလာခဲ့ကြ သည်။ ကျွန်တော်သည် ရဲဘော်ကျော်လှိုင်အား .၃၀၃ ရိုင်ဖယ်ဖြင့် နှစ်ချက်ဆင့်၍ ခုတင်က ကျွန်တော်ပစ်ခတ်လိုက်သည့်နေရာသို့ မှန်းကာ ပစ်ခတ်ရန် အမိန့်ပေးလိုက်သည်ကြောင့် ရဲဘော် ကျော်လှိုင် သည် ရိုင်ဖယ်ဖြင့်နှစ်ချက်ကိုထိ ဆင့်ကာ ပစ်သွင်းလိုက်၏၊ သို့ရာတွင် လှုပ်ရှားကာ တစုံတရာထွက်ပေါ်၍မလာချေ၊ ကျွန်တော်သည် ထို့ ကြောင့် နှစ်လုံးပြူးခိုင်ဖယ် ဘယ်ဘက်ပြောင်းထိသို့ ကျည်ဆံတ တောင့်ထည့်၍ အသင့်ကိုင်ထားပြီး ရဲဘော်များနှင့် ရှင်းတောင်တန်း ကာ ပိတ်ပေါင်းလိုက်သောနေရာသို့ တလှမ်းချင်း မျက်စေ့ရှင်ရှင် နားပါးပါးနှင့် တက်ခဲ့တော့သည်။ ရှေ့ဆယ်ပေအကွာတွင် ဖျာနှစ်



ချပ်ရှာခန့်ပါတ်လယ် ဝါးရုံပင်ကလေးတွေ စုတ်ပြတ်နေအောင်လူး လှိမ့် ကိုက်ဖြတ်ထားသည်။ အတွင်းမှ လည်ပင်း တစေဘင်းကြီးဖြင့် သေနေသည့် ကျားကြီးကို တွေ့ရတော့သည်။ ရဲဘော်ကျော်လှိုင် သည် ဝိုမိုစိတ်ချစေရန် ရိုင်ဖယ်နှင့် ယက်မြင်းသို့ တချက်ပစ်သွင်း လိုက်သေး၏၊ သို့ရာတွင် ကျားကြီးကား ငြိမ်သက်လျက်ပင် နေလေပြီ တကား၊ ထိုကြောင့် ရဲဘော်လှိုင်တို့သည် ဦးဘိုးဟန်တို့ရှိရာ ပေ ၁၀ နှစ်ဆယ်အကွာသို့ ထွက်ခဲ့ပြန်သည်။

ကျားကြီးအဘို့ လက်ပြင်တွင်တချက် နားအုံတွင်တချက်ဖြင့် ကိစ္စချောနေတော့သည်။ သူ့အနီး၌ အသက် ပျောက်နေသော နွားမျှဝစရာ လမ်းပြ၏ သေးရုံရဲ့အလောင်းကိုသာ တွေ့ရတော့၏။

"စစ်တိုက်လို့ မသေ ကျားကိုက်လို့သေ၊ တောင်းရှေးဆုတော်ဝင် ဆိုးရအောင်ဗျာ..."

ဦးဘိုးဟန် အပြစ်တင် ဒေါသသံဖြင့် ကျားကြီးကိုကြည့်ရင်း

"ကျုပ်ခြေရာတွေ့မြင်ကတည်းက ကျုပ်တို့အနံ့ရသိုး ကျုပ်တို့ ရဲ့ကာဖြတ်ထက်ပြီး တနေရာရာက စောင့်မယ်ဆိုတာ သိခဲ့တယ်၊ ဗိုလ်မှူးကလဲ စစ်ရေးသိပ်အရေးကြီးတာနဲ့ ကျုပ်ဆက်မပြောဘဲ နေခဲ့တာ အားကြီးမှားသွားတာဗျာ...."

ကျွန်တော်သည် သတိရကာ...

"ကိုင်း-ဒီကရှေ့ တွေ့သမျှ ရန်သူ့ရောခြေသေးနေလျှောင်းအကောင် တွေရှောပစ်ကြ၊ မဲမဲမြင် ပစ်ထည့် ဒါစိတ်အနှေးရခုံး အကာ အ ကွယ်ဘိ..."

အမိန့်ထုတ်ပေးလိုက်ခြင်းဖြစ်ပါသည်။

ကိုဘိုးရဲ့ သည် ရိုင်ဖယ်ကိုလက်ကိုင်ကာ လေထဲ၌အနံ့ခံရင်း...

"နေစမ်းအုံးဗျို့... မဘော်စော်မနံ့ဘူးလား၊ ကျုပ်မှန်နှာခေါင်းထဲ မှာ လူသေပုပ်နံ့နံတယ်ဗျ..."

www.burmeseclassic.com

www.burmeseclassic.com



သက်ာမကောင်းသည့်မျက်နှာဖြင့် ဟိုကြည့်-ဒီကြည့်ကြည့်ကာပြော လိုက်သည်။

ရဲဘော်အားလုံးက စူးစမ်းဆင်ခြင်သည့်အနေဖြင့် အနံ့ ခိုင်း၍ ခံကြရာ အဆုံး၌....

"ဟုတ်တယ် ပုပ်စော်နံတယ်...."

ပြိုင်တူ ထောက်ခံကြတော့သည်။ ထို့ကြောင့် လူခြင်းရင်ဆောင် တန်းကာ လူ စုပ်ဖွေးဖွေးနှင့်ပုပ်စော်နံရာဘက်သို့ ရှာဖွေရန်တက် ခဲ့ကြသည်။ ကိုက်နှစ်ရာမရောက်မီပင် စုန်းကနဲ ရင်မဘဲရှိုင်းတအုပ် ကြီး ထပျံ သည်ကို တွေ့ရသည်တွင်....

"အဲဒါဖြစ်မယ်...."

ဦးအိုးဟန်သည်ဖြေ့ပြောဆိုဆိုနှင့်အပြေးတက်ကြည့်လိုက်သည် တွင် ရုပ်ပျက် ဆင်းပျက်ဖြစ်နေသော လူသေအလောင်းတလောင်း ကို တွေ့ရသည်။ ကျွဲးစားထား၍ နံရိုးကြဲကြဲသာတွေ့ရပြီး ဂရုတ စိုက် အနီးကပ်၍ လေ လာရာ၌ ပေါင်တဖက်၌ သေနတ် ကျည်ဆံ ဖြတ်မှန်ရာ ဒဏ်ရာကို တွေ့ရတော့သည်။

"ဒီဂျ် ခုနဲ့ ပြေးမီပြေးရာ ပြေးတဲ့အကောင် ဗျ၊ ညနေကြတော့ဒဏ် ရာနဲ့ မနေ့ပင်ကျားဝင်ဆွဲတာဘဲ၊ ဒါကြောင့်ကျားတွေအတင့်ရဲလှ ချည်ရဲ့ အောင့်မေးနေခဲ့တာ လက်စပ်တော့ဒီလိုကိုး...."

ကိုအိုးရှန်သည် သောင်းကျန်းသူ၏ အလောင်းကို ကြည့်ကာ အဆုံးအဖြတ် ပေးလိုက်သည်၊ ကျွန်တော်သည် လမ်းဖြလုပ်သူ၏ အလောင်းကို စခန်းသို့ပြန်ထမ်းခါ ကောင်းစွာ သင်္ဂြိုဟ်ရန် အထွက် ထပ်မှုံးအား အမြန်စီစဉ်ခိုင်းလိုက်သည်၊ ကျွဲးနှစ်ကောင်ကိုမူကား စခန်းရောက်မှ သင်သေလိုကြည့်ပြီး ထမ်းပိုးယူခိုင်းမည်ဟု ဆုံးဖြတ် လိုက်သည် ဆုံးမိုင်ခန့်သာ ကွာဝေးသည့် စခန်းသို့ ကျွန်တော်တို့ ကမ်းတပ်စုသည် ပြန်လှည့်ခဲ့ကြလေသည်။



စခန်းတွင် ကျွန်တော်မရှိခိုက် ဗိုက်ပုံဖြစ်သွားပြီးနောက် အုပ်စု ကွဲသွားခဲ့သော သောင်းကျန်းသူ ရှစ်ယောက်တို့သည် ၎င်းတို့ လက် နက်များဖြင့် လက်နက် လာရောက် ချအပ် ခဲ့ကြသည်၊ ၎င်းတို့၏ သတင်းပေးချက်အရ ဒဏ်ရာရရှိသွားသော ဥာဏ်ထွန်းသည်၊ ကျွန် တော်တို့ စခန်းအနီး ထိုစိုက်၌ပုင် ခိုကပ်ကာ ရှောင်တိမ်း နေလိမ့် မည်ဟု ထင်ကြောင်း အစစ်ခံချက်ပေးသည်၊ မကြာမီ ဘုရင့်နောင် စစ်ကြောင်းမှ တပ်စုတစုသည် ရောက်ရှိလာပြီး ဘမ်းမိထားသော သုံ့ပန်းများနှင့် ဒဏ်ရာရရှိသွားသော ရဲဘော်များကို ၎င်းတို့စခန်း ချရာ ပက်ခေါင်ရွာသို့ ရွှေ့ပြောင်း ယူဆောင် သွားကြ ပါသည်၊ ကျွန်တော်၏ ရွှေ့တပ် စခန်းချရာ ဒရောက်ကူးစခန်း၌ စစ်ရေး အတွက်သာ ကောင်းသော နေရာဖြစ်၍ ရေရှားမှုနှင့် မြဲသနှင့် နေရာထိုင်ခင်းမပြည့်စုံသည့် အခက်အခဲကြောင့် အခြေခံ နောက် ကြောင်းစခန်းသို့ ပက်ခေါင် ကျေးရွာသို့ ရွှေ့ပြောင်းထားရန်စီ စဉ်လိုက်ပါသည်

ရှန်သူ၏အင်အားစုမှ နလံမထူနိုင်အောင် ဒရောက်ကူးတိုက်ပွဲမှ တဆုံးအဖြတ် မေးလိုက်ကြောင်းကို ကျွန်တော် သဘောပေါက် မိပါသည်၊ သို့ရာတွင် လူစုကွဲ၍ ကျန်နေသေးသော သောင်းကျန်း သူများနှင့် တကွ ကျွန်တော် အမိက လိုချင်သူ ဥာဏ်ထွန်းကို အသေရရ- အရှင်ရရ ဘမ်းမိရန် အရေးကြီးနေတော့သည်၊ စစ် ကြောင်းမှ စုံစမ်းရေးနှင့်ပတ်သက်၍ သတင်းအမျိုးမျိုး ပို့ကြရာ၌ ဥာဏ်ထွန်းခေါ် ရှမ်းထွန်းသည် ရွာနှင့် ကျွန်တော်တို့ ရှေ့တမ်း စစ်မျက်နှာအနီး တောတွင်း၌ ပုန်းနေမည်ထင်ရကြောင်း အခိုင်အမာ သတင်းပို့ ပါသည်။

ညဥ့်ကပိန်းပိတ်အောင် မှောင်နေတော့၏၊ ကြယ်လေးဘွင့် နှစ်ပွင့် သာလျှင်ဖေါ်မှု အလင်းရောင်အဖြစ် ကောင်းကင်လယ်၌

www.burmeseclassic.com

မပွင့်တပွင့် ခတ်ရေးရေး တွေ့နိုင်ပေသည်၊ ကျွန်တော်သည် ကျွန်တော်၏နားနှစ်ဘက်အနီး၌ တဝီဝီအော်မြည်နေသော ချင်ကောင်များ ခြတ်ကောင်များ၏၊ နောက်ရှက်မှု ဒဏ်ကို ဂရုမစိုက်နိုင်ဘဲ ရှမ်းပြည်နယ် ပတ်ခေါင်ရွာ သွားလမ်း လမ်းဆုံးတဝိုက်ကို မျက်ခြေမပြတ် စောင့်ကြပ်နေမိသည်၊ ကျွန်တော်တို့ တပ်စုနှင့် တဖါလုံခန့်ဝေးသော နေရာ၌ ကင်းတပ်စု တစုသည်၊ ကျွန်တော်တို့ တပ်စုကဲ့သို့ခြုံခိုကာ ကင်းပုန်းချရင်း ဥာဏ်ထွန်းနှင့် အဖွဲ့ လမ်းကူး လမ်းသာကို စောင့်နေကြခြင်းသာဖြစ်ပေ၏၊ ကျွန်တော်နှင့် အတူ ရဲဘော်ကျော်လှိုင် ဦးနန္ဒ တပ်စုမှူး ဗိုလ်စိန်ထွေးတာတဖွဲ့ ဦးဘိုးဟန်နှင့် တပ်စုမှူး ဗိုလ်ငွေစိုးက တဖွဲ့ ကိုဘိုးရှိန်နှင့် အတူ တပ်ခွဲမှူး ဗိုလ်ကြီးမင်းနိုင် တပ်စုများ ဗိုလ်ဘုန်းအောင်က တဖွဲ့ ကင်းသုံးဖွဲ့ချကာ တိတ်ဆိတ်သော ညဥ့်လွှာကို အပေါ်ပြုကာ ကင်းစောင့် နေကြခြင်းသာဖြစ်တော့သည်၊ တောင်ပေါ်ဒေသဖြစ်၍ ဆီတင်းကျွတ်သမကုန်ခင်ပင် အတော်အေးလာပြီး လေကလည်း တဟူးဟူး တိုက်ခတ်နေတော့၏၊ ရဲဘော်များ၌ တပ်ရင်းဌာနမှ ချီထက်စဥ်ကပင် အနွေးထည် ကိုယ်စီ ယူလာခဲ့သည်ကြောင့် အအေးဒဏ်ကို ရဲရင့်စွာ ရင်ဆိုင်နိုင်သည်မှာ စိတ်ချမ်းသာစရာဖြစ်စေသည်။

အခါ ကာလ အရှေ့ဘက် အမှတ်နှစ် ကင်းတပ်စုမှ ကျယ်လောင်သော အသံကြီးတသံ ထွက်ပေါ်လာသည်ကြောင့် ထူးခြားလှသည့် အသံကို ကျွန်တော်နားမလည်သည်ကြောင့် ဆက်လက်၍ နားစွင့်ကာ စောင်နေမိသည်၊ ခုက်ခြင်းပင် 'ကျွစ်-ကျွစ်-ကျွစ်' နှင့် မာကျောသော အရာဝတ္ထုခြင်း ထိသံကြီးက ဝါးထိမျိုးကြီး ထွက်ပေါ်လာပြီးနောက် ရိုင်ဖယ်သံဆုံးချက် ဆင့်ကာ ဝင်းကနဲလက်ကနဲပေါ်ထွက်လာတော့၏၊ စကွန်ပိုင်းအတွင်း၌ တတောလုံး သိမ့်သိမ့်တုန်သွားအောင် ဆူညံစွာဖြင့် မြေကြီးပြိုခမန်း ပဲ့တင်ထပ်ကာ ဂယက်



ရိုက်ခတ်သွားတော့သည်၊ ရှေ့ဆင့် နောက်ဆင့် ကာလအတွင်း၌ ကျွန်တော်တို့ ကင်းတပ်စု ခြုံခို စောင့်နေရာဆီသို့ ခဲမဲသဏ္ဍာန်ကြီးများသည် လေမုတိုင်း တိုက်ခတ်လာသလို တဟုန်တည်း အလုံးအရင်းနှင့် ပြေးဝင်တော့သည်။

ဤတွင်မှ ကျွန်တော်သည် ချက်ခြင်း သတိရကာ ရဲဘော်ကျော်လှိုင်လက်ထဲမှ ၃၀၃ မက်နမ်မရှစ် ရိုင်ဖယ်ကြီးကို လှမ်းဆွဲကာ ကျွန်တော်ရှိရာသို့ ဦးတည်တက်လာသော တောဆင်ကြီးများကို ဆီးကြိုပစ်ခတ်လိုက်ရ၏၊ ပစ်ခတ်ရင်း ကျွန်ရဲဘော်များကို ...

'တိုင်းပစ်....မြန်မြန်ပစ် ...'၊

ဟု အရေးတကြီး အမိန့်ပေးလိုက်ရ၏၊ ဘရင်းသံ ရိုင်ဖယ်သံများသည်၊ ညဥ့်ဦးယံ၌ ဟိန်း၍ တခဲနက် ပေါ်ထွက် လာတော့သည်၊ ကျွန်တော် ဆီသို့ ဦးတိုက်ပြေးလာသော အစွယ် ဖွေးဖွေးနှင့် တောဆင်ကြီးသည်၊ ယယ်ထိပ်တည့်တည့် ကျည်ဆံဝင်သွားရာ သွေးရူး....သွေးတန်းနှင့် ဆက်ပြေးလာပြီး ကျွန်တော်တို့ ပုန်းနေရာနှင့် ပေနှစ်ဆယ် အကွာရောက်မှ အရုပ်ကြိုးပြတ် ပုံလျှက်သားကျသွားတော့၏ ထိုနောက်ဘေးဘက်ဖြတ်ပြေးသော ဆင်တကောင်၏ နားတွင်းသို့ ကျွန်တော်သည် မှန်းကာ ပစ်ထည့်လိုက်ရပြန်၏၊ ပစ်ခတ်ရင်း ကျွန်တော်သည် သတိရကာ မီးကျည်ခြေနတ်ကို ထုတ်ကာ ကောင်းကင်သို့ မြှောက်၍ ပစ်ဖေါက်လိုက်သည်တွင် မီးကျည်တောင့်သည် ဝင်းကနဲ ပေါ်ထွက်လာသည်တွင် ရဲဘော်များသည် အရှင်းသားတွေ့မြင်နေရသော တောဆင်အုပ်ကို ရွေ့ကာ-ချိန်ကာ ပစ်ခတ်လိုက်ကြသည် တပြိုင်နက်တည်း ပစ်ခတ်ခြင်းခံရ၍ လည်းကောင်း၊ မီးကျည်၏ အလင်းရောင်ကြောင့် တောဆင်အုပ်ကြီးသည် ကျွန်တော်တို့ဆီသို့ တိုး၍မလာတော့ဘဲ နောက်ပိုင်းသို့ တကြိုး

www.burmeseclassic.com

တည်း လှည့်ကာ ပြေးထွက်သွားပါသည်။ ဘုံးလုံးပက်လက်နှင့် ကျဆုံးကျန်ရစ်ခဲ့သော တောဆင်ကောင်ကြီးများ၏ သဏ္ဍာန်များနှင့် မီးကျည်၏ အလင်းရောင်အောက်ဝယ်မြင်ကွင်းဆန်းတရပ်အဖြစ် ဖန်တီးစေပါသည်။ ထိုနောက်ကောင်းကင်သို့ ထောင်၍ မီးကျည် အနီတတောင့်ပစ်၍ အချက်ပေးလိုက်ရ၏။ ထိုအချက်ကား တပ်စု များ ပြန်စု၍ စခမ်းသို့ ဆုတ်ခွာရန် အထိမ်း အမှတ်သာ ဖြစ်ပေ သည်။

"ကျုပ်တို့ ကင်းကို ပန်းဆင်ကြီးက တဲ့တဲ့ကြီးလာတိုးပြီး ရဲဘော် တွေ နင်းသတ်မယ်လုပ်တော့ ပစ်သတ်လိုက်ရတာဘဲဗျာ...."

ဦးဘိုးဟန်သည် ချွေးတွေသီးနေသော မျက်နှာကြီးဖြင့် ဖြစ်ပျက် ပုံကိုပြန်၍ ပြောပါသည်။

"အမှန်ကတော့ တောဆင်တွေ ရောက်နေတာ ကျုပ်တို့မသိ ဘူး.... သူတို့က လူနံ့တွေရလို့ အသာငြိမ်နေတာဖြစ်မယ် ဆင်က ကျုပ်တို့ကိုစမြိုး ရန်ရှာတဲ့ ပုံဘဲ...."

ကျွန်တော်သည် ဦးဘိုးဟန်၏ ထင်မြင်ချက်ကို ထောက်ခံလိုက် ရ၏။ ထိုညဦးအဘို့၌ လူချင်းတိုက်ပွဲ ပြုလုပ်ရန် သွားခဲ့ရာ တော ဆင်နှင့် ကျွန်တော်တို့ ရင်ဆိုင်တိုက်ပွဲ ပြုလုပ်ခဲ့ရပြီး တပ်စခမ်းသို့ ခတ်စောစောပြန်ခဲ့ရတော့၏။ ကင်းပုန်းချကာ စောင့်နေစဉ် တော ဆင်အုပ်နှင့် မရှောင်သာတမ်း ပက်ပင်းပါ တိုးသည်ကြောင့်ပစ် ခတ်လိုက်ရသည်၊ နောက်ပိုင်း၌ သေနတ်သံများ ဘရင်းသံများတိုက် ပွဲကြီးတပွဲအတိုင်း ညဉ့်ယံကို လျှံထွက် ခဲ့ရသည်။ ထိုအသံများ ကြားရလျှင် မည်သည့် သောင်းကျန်းသူမျှ ကျွန်တော်တို့ ကင်း ပုန်းချကာ စောင့်နေသော နေရာသို့ အမိုက်ခံ၍ လာတော့မည် မဟုတ်ချေ။



"တောဆင်တွေကတော့ မနည်းရှစ်ကောင် ကိုးကောင်တော့ ကျမှာဘဲ၊ ဆင်သွားတွေတော့ ရဲဘော်တွေ အတွက် လုံလောက် ကောင်းပါရဲ့ဗျာ...."

ဦးဘိုးဟန်သည် ရိက္ခာပြဿနာကို စဉ်းစားမိပုံဖြင့် ပြောလိုက် ရာတွင်....

"ဘုရင့်နောင်စစ်ကြောင်းက အိမ်ဆင်တွေပါခေါ်ပြီး ဆင်သ မားတွေအတွက်ရော ရဲဘော်တွေအတွက်ပါ တောဆင်တွေ အဖျက် ခိုင်းကြဗျာ၊ ရိက္ခာကို တဖာနိုင်သမျှ သိလှောင်နိုင်မှ ဒီမှာဘယ် လောက်ကြာမယ် မပြောနိုင်ဘူး...."

ကျွန်တော်က သတိပေးလိုက်သည်။

## "ကျိန်စာသင့်သူ၏ ဇာတ်သိမ်း"

ကိုးရပ်ကိုမျှော်လိုက်တိုင်း မှုံဝေနေတော့သည်၊ ဇဆောင်းဘက် လုလာသော ရာသီဥတု၏ သတ္တိကြောင့် နှင်းမှုံများသည် လည်း ကောင်း၊ တောင်ပေါ်ဒေသ၏ မူရင်းတောင်ခိုးတို့သည် ရောနှော ကာ ကိုးရပ်ကိုးပြင်လုံးကို ငွေဆေးရောင် ပန်းချီချယ်သနေတော့ သည်။

သစ်တောက်ငှက်တကောင်၏ တဒေါက်ဒေါက် မြည်ထွက်လာ အောင် သစ်ခေါင်းကို နှုတ်သီးမာမာနှင့် ခေါက်သံသည် တပ် စခမ်း၏ အနောက်ဘက် ကျွန်းတောဆီမှ ထွက်ပေါ်လာတော့၏။

ကျွန်တော့အဘို့ အမီကအရေးကြီးသော ဥာဏ်ထွန်း (ခေါ်) ရှမ်းငထွန်းကို ရှာဖွေခဲ့သည်မှာ ဆယ်ရက်မြောက်ခဲ့ပြီ၊ သို့ရာတွင် ဥာဏ်ထွန်း (ခေါ်) ရှမ်းငထွန်း၏ သတင်းနှင့် အရိပ်အယောင်သည် လုံးနှင့်အတူ တဖြည်းဖြည်းကွယ်ပျောက်ခဲ့ပေပြီ၊ ထိုကြောင့် ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်သည် အတော်အကြံအိုက်သလောက် ဤသို့ကျယ်ပြန့်သော တောတောင်ကြီးထဲ၌ ပိုက်စိပ်တိုက်၍ ရှာဖွေရန်မှာ အတော် အခက်အခဲစားရကြပ်သော မြဲသနာ့တာရပ်သာဖြစ်စေတော့၏။

ထိုအခိုက်တွင် တပ်စခန်းကင်းမှူးသည် ကျွန်တော့်ဆီသို့ အရေးတကြီးလာရောက်၍ သတင်းပို့လိုက်သည်။

"သောင်းကျန်းသူနှစ်ယောက် လက်နက်လာချပါတယ်...."

မဂ်လာသတင်းကောင်းကြောင်း၊ ကျွန်တော်သည် ၎င်းတို့လက်နက်များကို သိမ်းဆိုင်းလိုက်ပြီး ၎င်းတို့ကိုယ်၌ အန္တရာယ် အပြားရှာဖွေပြီး ကျွန်တော့်ဆီသို့ ခေါ်ဆောင်ခဲ့ရန် တပ်ခွဲမှူးကို တာဝန်ပေးလိုက်သည်။

မကြာမီတယောက်ကိုဖေးကာ ကျွန်တော့်ဆီသို့ တရွေ့ရွေ့ လာကိုလာသော သောင်းကျန်းသူနှစ်ဦးနှင့်တကွ တပ်ခွဲမှူးကင်းမှူးတို့ကို လှမ်း၍တွေ့မြင်ရပါသည်၊ ဒဏ်ရာရရှိထားခဲ့သော အဖေါ်တယောက်ကို ကျန်သောင်းကျန်းသူ တဦးက ကူမကာ ခေါ်လာသည့် လက္ခဏာတွေ့ရတော့သည်၊ မကြာမီ ကျွန်တော့် အနီးသို့ဆိုက်ရောက်လာသည်တွင် ကျွန်တော် ဦးနုအား စကားပြန်အဖြစ်ခေါ်၍ အသုံးပြုရန် ခေါ်ယူလိုက်သည်။

သောင်းကျန်းသူ တဦးသည် ဦးနုကို မြင်လျှင်မြင်ခြင်း ရှမ်းဘာသာဖြင့် အရေးတကြီး လှမ်း၍ ပြောရင်း စတင်ကာ မျက်ရည်များကျလာသည် ဦးနုသည် အံ့အားသွားရာမှ ကျွန်တော်သို့....

"ဒီလူနှစ်ယောက် ကျွန်တော်တို့ဆီ ရောက်ဘူးသတဲ့ဗိုလ်မှူး—၊ သူတို့ကလဲ ကျွန်တော်တို့ချီလာမှန်းမသိလို့ ငထွန်းနဲ့ အတူ ပေါင်းတိုက်ခဲ့တာ တယောက်ဒဏ်ရာရပြီး တောထဲမှာပုန်းနေခဲ့သာ ခုတော့ ဒဏ်ရာသက်သာမှ ကျွန်တော်တို့ သတင်းအတိအကျသဲ ရရောထွက်လာခဲ့တာဘဲ...."



"နေပါအုံးဦးနု—၊ ဒီလူတွေနဲ့ ကျွန်တော်တို့ ဘယ်တုံးက သိသလဲ၊ ကျုပ်ဘိုလှည့်စားတဲ့ အနေဘာချိုးလုပ်နေပါအုံးမယ်"

ဤတွင် ဘိုက်တွင် ဒဏ်ရာရရှိထားသူ တဦးသည် တုံချီနေသော အသံဖြင့်....

"ကုဝိန်-ကုဝိန်" ဟု အားတင်းကာပြောလိုက်သည်၊ ဤတွင်မှ ပျဉ်းမနားတပ်ရင်းရုံးသို့ တခါက ကျော်ဖြူရုပ် ဇိုက်ရှာသောကုဝိန်နှင့် တမော့ ဆိုသူ နှစ်ဦးကို ပြေး၍ သတိရတော့သည်၊ ကျွန်တယောက်ကလည်း ကျွန်တော်ရှေ့၌ဆောင့်ကြောင့်ထိုင်ကာ....

"ကျွန်တော်က တမော့ပါ၊ စစ်ဗိုလ်ကြီး မှားတာတွေ့တော့ပြီးသာပြီး ပါစေ ဗိုလ်ကြီးတို့လာမှန်း ကျွန်တော်တို့မသိရဘူး၊ သိရရင် ခုလောက် အားလုံးဒုက္ခမရောက်ဘူး၊ ဥာဏ်ထွန်းလဲ ဒဏ်ရာရသွားတယ်၊ မနေ့က ကျွန်တော်တို့လုစုလုခြင်းခဲ့ခဲ့တယ်၊ ကျွန်တော်တို့သတင်းကြားရတာ ဗမာလူဆိုးတွေက ဒီနယ်ကို ဓားကပ်ပြီးလုယက်ဘို့လာမယ်ဆိုတဲ့ သတင်းကြားရတော့ ကျွန်တော်တို့လဲ ဥာဏ်ထွန်းပြောသမျှယုံပြီး သူခိုင်းတာလုပ်ခဲ့တယ်၊ မနေ့မနက်က ရွာကလူတွေတွေမှ အဖြစ်မှန်သိရမှ ဗိုလ်ကြီးနှင့် ဆရာကြီးတို့ပါလာမှန်းသိရမှ ကျွန်တော်တို့ အားကိုးပြီး ထွက်လာခဲ့တာဘဲ...."

"နေပါအုံး ဥာဏ်ထွန်းမှာဘာအားကိုးစရာရှိလို့ သူ့နောက်မှာ ဒီလောက် လူတွေရှိသလဲ စည်းရုံးရေး ကောင်းလို့လား—အတိုက်အခိုက်ကောင်းလို့လား....ပြောစမ်းပါ...."

ကျွန်တော်သည် ဆက်လက် မေးမြန်း သည်တွင်—

"ခက်တာဘဲ ဗိုလ်ကြီး ဥာဏ်ထွန်း အရင်တုံးက သေနတ်နှင့်ပစ်လို့ မထွက်ဘူးဗျ....သေနတ်အားကြီးပြီးထယ် သူကလဲ ဒီအောင်ရှိုးမှာ တံနန်းစိုက်ပြီး ဘုရင်ဖြစ်ရမယ်လို့ ဟောကိန်းထုတ်ထားတယ်...သူ့မှာ ဟိုအဘိုးကြီး အရုပ်ကလေးလဲ သူ့ကိုက လွတ်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ရော…ဒီလို ဒုက္ခတွေ စတွေ့တာဘဲ….”

ဤတွင်မှ ကျွန်တော်သည်ရက်ပေါင်းအတော်ကြာ မေ့ပျောက်ခဲ့သော အဘိုးကြီး အရုပ်ကလေးကို ပြန်လှန်၍ သတိရလာတော့သည်၊ တဆက်တည်းထူးဆန်းစွာ မျိုးတော်မူသော ဘုန်းတော်ကြီးအကြောင်းပါ သတိရတော့၏။ ထိုကြောင့် ကျွန်တော်သည် ဒဏ်ရာမရသောတမော့အား….

“ဉာဏ်ထွန်းကို ခင်ဗျား ပြန်ခေါ်ခဲ့ပါ ကျုပ်တို့သူ့ကို မသတ်ဘူး…ကောင်းကောင်းနေရင်….”

“မရဘူး…ဗိုလ်ကြီး သူ့ကုခအထိ အားကိုးတုံးဘဲ တနေ့မှာ သူ့ဆီ ဒီအဘိုးကြီးကျောက်ရုပ် ပြန်ရောက်ရမယ် အဲဒီအခါမှာ သူဟာ ကိစ္စအကုန် ပြီးတယ်လို့ ယုံတုံးဘဲ မာနလဲအားကြီးကြီးတယ် သူက ခွဲခါနီးမှာ ပြောလိုက်တယ် သူသေချင်သေပေစေတဲ့ လက်နက်မချဘူးတဲ့ ပြေးစရာမြေတွေ အများကြီး ကျယ်သတဲ့….”

ထိုကြောင့် ကျွန်တော်သည် ကျွန်တော် အရေးတကြီး သိလိုသော မေးခွန်း သုံးလေးခွန်းကို ဦးနုအပါအဝင် တမော့သို့ သုံးယောက်ကြား လျှို့ဝှက် မေးမြန်း လိုက်သည်၊ တမော့ကလည်း မဆိုင်းမတွ ကျွန်တော့်အတွက် သိချင်သောမေးခွန်းကို တိတိကျကျ ဖြေကြားလိုက်သည်။

မကြာမှီ ကျွန်တော်သည် အရေးပေါ် စစ်ဆင်မှုတရပ်ကို စတင်ကာ ချက်ခြင်းစီစဉ်လိုက်ရသည်၊ တပ်ခွဲတခွဲကို အဆင်သင့် ပြင်ဆင်ကာ သုံးရက်စာရိက္ခာ အပြည့်အစုံနှင့် တနေရာရာသို့ အချိန်မှီတက်ရန် နာရီပိုင်းအတွင်း အပြီးအမိန့်ပေးလိုက်သည်၊ နန္ဒလီ၊ တမော့နှင့် ကျွမ်းကျင်သော လမ်းပြ သုံးဦးတို့ကိုလည်း အဆင်သင့်ပြင်ဆင်ခိုင်းလိုက်သည်။



တနာရီအကြာတွင် ဒရောက်ကူးစခန်း၌ တပ်စုတစုကို အစောင့်အားခဲ့ပြီး ကျွန်တော်တို့သည်၊ မြေဒက်အကက်ဖူးစူးသို့ တောလမ်းမှဖြတ်၍ ခရီးပြင်းချီတက်ခဲ့သည် ကျွန်တော်၏ လက်ပတ်နာရီမှ အချိန်ကား ညနေနစ်နာရီသို့ ညွှန်ပြနေတော့၏၊ ကျွန်တော်က နန္ဒလီနှင့် တမော့တို့ကို လှမ်း၍ အကွာအဝေး မေးလိုက်ရာတွင် နှစ်ဦးစလုံးက …

“သိပ်မဝေးဘူး… ဗိုလ်ကြီး အများဆုံးခြောက်မိုင်ဘဲ၊ တောင်ဆင်းတောင်တက်တွေ ကျော်နေရလို့ အလွန်ခဲချင်ကျတဲ့ နေရာဖြစ်တယ်အဲဒီရွာကို တော်တော်လူတွေမသိကြဘူး အဲဒီရွာကလူတွေကလဲ ဒီပြင်လူတွေနဲ့ ဘယ်သူမှ မဆက်ဆံကြဘူး…. အတော်ထူးဆန်းတဲ့ လူတွေဗျ…”

မှန်ပေသည် ခရီးလမ်းမှာ အတော်ကြမ်းလှ၏၊ လမ်းအဘိုင်းမသွားရ-သွားလမ်း လာလမ်း လမ်းကလေးပင်မရှိသော ဒေသဖြစ်၍ ဒုက္ခရောက်ပုံမှာ အထူးပြောစရာမလိုပြီ၊ တချို့တောင်အတက်များတွင် နွယ်ကြိုးများ ဝါးလုံးများဖြင့် ထောက်၍ တက်ရ၏၊ စစ်လက်နက်များဖြစ်သည့်စက်သေနတ်ကြီးများစိန်ပြောင်းကြီးများကိုတပင်တပန်း ကြိုးနှင့်ဆိုင်းကာ တဆင့်စီဘင်ခဲ့ရ၏၊ တခါတခါမတ်စောက်သော ချောက်ကြီးထဲသို့ ကြိုးတန်းကာ ဆင်းရပြန်၏၊ ဒူးဆစ်သာသာ တဝေါဝေါစီးဆင်းနေသော ချောင်းရိုး များထဲသို့လည်းအတန်တန် ဖြတ်ကူးရသေး၏။

နေဝင်ခါနီးအချိန်မှာ ကျွန်တော်တို့ ရည်ရွယ်ထားသည့် ရွာအခြေသို့ ချဉ်းကပ်မိသည်၊ လေသည် တဟူးဟူး တိုက်ခတ်စပြုလာပါမှ ကျွန်တော်တို့သည် ခတ်လှမ်းလှမ်း၌ မြေပြန့်ပြင်အလယ်မှ ခတ်မြေးမြေး တက်သွားသည့် တလုံးသာ ရှိသည့်တောင်ကလေးကို ကြည့်မိသည်၊ တောင်ခြေရင်း၌ ရေစပ်စပ်တွင်

www.burmeseclassic.com

www.burmeseclassic.com

တောင်ယာဆန်ဆန် ပြုလုပ်ထားသည့် လယ်ကွင်းတွေထဲ၌ အဖူး အနှံ ထွက်ခါစ စပါးခင်းနှင့် ပဲခင်း-ပြောင်းဖူးခင်း-ကလေးတွေ ကိုတွေ့လိုက်ရသည် တောင်အမြင့်မှာ ပေသုံးရာအတွင်းသာမြင့်မား ပေလိမ့်မည်။

မြေမျက်နှာပြင် အခြေအနေနှင့် ပတ်ဝန်းကျင် တစိုက်ကို မှန် ပြောင်းနှင့် ကြည့်ကာ ကျွန်တော်သည် အရေးပေါ် စစ်ဆင်ရေး အတွက် ရွေးချယ် လေ့လာနေသည် အနည်းငယ် မှောင်စပြုလာ သည့် နောက်တွင် ကျွန်တော်သည် တပ်ခွဲမှူးနှင့် တပ်စုမှူး လေး ယောက်တို့ကို လည်းကောင်း စိန်ပြောင်းကြီးနှင့် စက်သေနတ်ကြီး တပ်စုမှူးများကို ခေါ်ယူကာ တဖါလုံခန့် ကျယ်ဝန်းမည့် တောင် ခြေတလျှောက်၌ မည်သည့်နေရာမှ မည်သည့် တပ်စုက တာဝန်ယူ တပ်စွဲထားရန်အသေးစိပ်ညွှန်ကြားလိုက်၏။

ထိုအခိုက်တွင် တောင်ထိပ်ဆီက တန်ခွန်တိုင် ဖြူဖြူဖွေးဖွေးဆီမှ ကြေးစည်သံ တချင်ချင် ထူးခြားစွာ ထွက်ပေါ် လာတော့၏၊ ကျွန် တော်တို့သည် အံ့အားသင့်ကာတယောက်မျက်နှာ တယောက်ကြည့် ကာနေမိသည်၊ ခရူသင်းမှုတ်သံများ ကြေးစည်သံများသည် မကြာ ခဏပေါ်ထွက်လာတော့၏။

ကျွန်တော်သည် တပ်စုများကို ကျွန်တော်ကိုယ်တိုင် နေရာလိုက် လန်ချပေးပြီး စက်သေနတ်ကြီးများ စက်သေနတ် ကလေးများကို ညဥ့်ပစ်ကွင်းရှေ့ရန် စနစ်တကျသတ်မှတ်၍ အသိဘမ်း စက်တလုံးစီ ပေးအပ်လိုက်သည်၊ တပ်စုလေးစုသည် တောင်ကိုပါတ်ပါတ်လည် ဝိုင်းမိသောအခါ၌ ကျွန်တော် ဦးအိုးမာန်၊ ကိုဘိုးရှိန်၊ ဦးနု၊ နန္ဒလီ၊ တခမာနှင့် တပ်ခွဲမှူး ဗိုလ်နှင့် ရုံးအဖွဲ့ဝင် ရဲဘော်များ စုစုပေါင်း တပ်စုတစု အင်အားသည် လှေခါးထစ်များဖြစ်အောင် ဖန့်တီး ထားသည့် ကျောက်ခါးပန်းကြီးကို တထစ်စီနင်းကာ တောင်ထိပ်



ဆီသို့ သတိကြီးစွာဖြင့် တက်ခဲ့သည် အတက်မှာ ခတ်ပြေပြေ-တက် ခဲ့ရပြီး လူသုံးယောက် ခတ်ချောင်ချောင် ဆင်းနိုင်တက်နိုင်အောင် ကျယ်ဝန်းသော ကျောက်လှေခါး အတိုင်း ကျွန်တော်တို့ တပ်စု သည် တောင်ထိပ်ပေါ်သို့ ဆယ်မိနစ်အတွင်း၌အရောက်တက်ခဲ့သည် တွင် တောင်ထိပ်အရောက် ကျွန်တော်တို့အား အံသင့် စောင့်ကြို နေသည့် လူတစုကို တွေ့လိုက်ရသည်။

ရဲဘော်အားလုံးသည် စက်သေနတ်များ ရိုင်ဖယ်များဖြင့် အ သင့်ချိန်ကာ ပစ်ခတ်ရေးအတွက် ပြင်ဆင်လိုက်သည်တွင်လှေခါးထိပ် မှ ဝတ်ဖြူစင်ကြယ်ဝတ်ထားသော အရပ်ပုပုလူတယောက် ခတ်ဝဲဝဲ ဗမာစကားသံဖြင့်....

"ကျုပ်တို့ရန်သူတွေ မဟုတ်ပါဘူး.. လူကြီးမင်းတို့ကို ခရီးဦး ကြိုပြုနေတာပါ တောင်ပေါ်ကိုတက်ကြပါ...."

ရှေ့မှထွက်၍ တောင်းပန်ရင်း ခေါ်ဝေါ်ပါသည်၊ ကျွန်တော် ကြိုတင်၍ မှာကြားချက်အရ ရဲဘော်အားလုံးသည် မည်သူကိုမျှ အယုံမပေးဘဲ ခတ်တင်းတင်း ခြေလှမ်းများဖြင့် လက်နက်များကို အသင့်ကိုင်ကာ တောင်ပေါ်သို့တက်ပြီး နေရာယူလိုက်ကြသည်....

သို့ရာတွင် ကျန်သော ရောင်ကြီးဘွဲ့တစောင်း ထူးသားသော ရွာသားများသည် တစုံတရာ ရန်ပြုရန်လက္ခဏာ မပေါ်ဘဲ ခတ်အေး အေးအမူအရာဖြင့် အချင်းချင်း စကားပြောနေကြသည်၊ သူ့ဘို့ပြော ဆိုသည့် အသံကို ကျွန်တော်သည် နားစွင့်၍ ထောင်လိုက်ရာတွင် ရှေးပေါရာဏ စကားလုံးများဖြစ်လျှက် အစော်လျှင်မြန် သွက် လက်စွာ ပြောဆိုနေကြသည်၊ ဇရုတစိုက် နားထောင်နိုင်မှ ကျွန် တော်အနည်းငယ်အဓိပ္ပါယ်ပေါက်တော့သည်။

"သူတို့တတွေ ရောက်လာရင် ပြဿနာ ပြီးတာပလေ ဘိုးတော် အမိန့်အတိုင်း အားလုံး လိုက်လျှော ကိုက်ညီပြီဘဲ...."

ဘာ

တွင်

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ အဓိပ္ပါယ် ကောက်ယူနိုင်သော အဖြေ အဆိုမျိုးသာဖြစ်ပေသည်၊ ၎င်းရာတွင် ရှင်းရှာသားများ ပြောဆိုသည့်အတိုင်း စကားလုံးစေ့ သော ကျွန်တော် မပြောတတ်ပါ....

ကျွန်တော်နှင့် ရဲဘော်များသည် တပ်မတော်၏ ထုံးစံအရ အိမ်ခြေ သုံးဆယ်ခန့်ရှိ မျက်နှာခြင်းဆိုင်ကာ ဆောက်လုပ်ထားသည့် ရွာထဲသို့ လူစုခွဲကာ အခြေအနေ လိုက်ကြည့်ကြသည်၊ အမျိုးသမီးများမှာ လက်ပွ အင်္ကျီ၊ ထဘီ ရိုးရိုး အဆင် အပြာ အညိုများ ဝတ်ကာ ဆံမွှတ်မောင်းဆောင်း အလုပ်ကို အိန္ဒြေရရ လုပ်နေကြသည်၊ ခလေးအချို့ကား လမ်းပေါ်၌ အကြောက်အရွံ့ ကင်းမဲ့စွာ ကစားနေသည်၊ ယောကျ်ားများရောအမျိုးသမီးများပါရောင်ကြီးဗော့များဖြင့် အတော်ကြည့်၍ကောင်းလှတော့၏၊ အင်္ကျီလက်ကျပ်အဖြူနှင့် လုံချည်ကွင်းများကို ခတ်အိုတို ဝတ်ဆင်ထားပြီး ပါးစပ်တွင် ဝါးဆေးတန်တွေခဲနေကြသည်။

ကြည့်ပါ-ကြည့် ဝတ္တရားနဲ့ သတိဆိုတာ မမေ့တာကောင်းပါတယ် ဒီတောင်ပေါ်မှာ အမောင်တို့ကို ရန်မူမဲ့ ပုဂ္ဂိုလ် သတ္တဝါ တယောက်တလေမှ မရှိဘူး.... အကျွန်ုပ် ဂတိခံယူ ဝန်ခံပါတယ် မိတ်ဖြူဝတ်ထားသည့် အသက်ငါးဆယ်ခန့် ပုဂ္ဂိုလ်သည် ရှေ့ဆောင်ခေါင်းရွက်လုပ်ကာ ပြောလိုက်သည်၊ ကျယ်ပြန့်ညီညာသော မြေပြောက်ရာခန့် ရွာနိမိတ်ကို စစ်ဆေးပြီးနောက် ရွာမြေမျက်နှာထက် အနီးငယ် မြင့်သော တောင်ကုန်း မောမောဆီသို့ ရှေ့ဆပိတ်ဖြူဝတ် ပုဂ္ဂိုလ်ကပင် ဦးဆောင်၍ ကျွန်တော်တို့ တက်ခဲ့ကြသည်။

တောင်စွန်းတနေရာ၌ကား မြေပေါ်က် စေတီ တဆူနှင့် ခတ်သားသေး ကျောင်းသခ်မ်း တဆောင် တွေ့လိုက်ရသည်၊ ရှေ့ဆုံးမှ မိတ်ဖြူဝတ်ပုဂ္ဂိုလ်သည် ကျွန်တော်တို့ဘက်သို့ လှည့်ကာ....



"ဗုဒ္ဓဘာသာ မိသား ဖသားပြီသူ မှန်သရွေ့ ရှောင်ကျဉ်အပ်သော စေတီပရဝဏ်း မြေထဲခင်ကြမှာမို့ ဘိနပ်ချွတ်ကြဘို့ တောင်းပန်ပါတယ်...."

ဘာသာရေး ဖြစ်သည်ကြောင့် ကျွန်တော်တို့ အားလုံးသည် စစ်ဘိနပ်များကိုချွတ်ကာ စေတီရှိရာသို့ တက်ခဲ့ကြသည်၊ ထုံးဖြူဖွေးဖွေး သုတ်ထားသော ဥဘဏ်တော်ကိုးတောင်ခန့်ရှိမည့် စေတီထိပ်မှ ဆည်းလည်းသံများသည် ကြည်နူးစရာအသံများ ပေါ်ထွက်လာချေ၏၊ အပ်စုမှူး ဗိုလ်ကြီး ငြိမ်းမောင်သည် စေတီကို ရှိခိုးဦးချပြီး လက်ျာရစ်တပတ်ပတ်ပြီးလျှင် ကျွန်တော့်အနီးသို့ ချဉ်းကပ်လာပြီး....

"ဗိုလ်မှူး....ဘယ်နဲ့ လဲ စေတီက တမျိုးဘဲ တဝဂ္ဂက မြောက်ဘက်လှည့်ထားတယ် ပြီးတော့ ပုံသဏ္ဍာန်က အားကြီးဆန်းတယ်ခင်ဗျ...."

ကျွန်တော်သည် တဝဂ္ဂကို ကြည့်လိုက်သည်တွင် အထဲတွင် လူတယောက် ကောင်းကောင်း ထိုင်နိုင် အိပ်နိုင်အောင် ကျယ်ဝန်းသောနေရာကိုတွေ့ရပြီးနောက်ကျောင်းရှိရာသို့အရိပ်အခြေကြည့်ရန်ထွက်ခဲ့သည်၊ ကျောင်းမှာ သုံးပင်-လေးပင်ကျယ်ဝန်းသောကျောင်းဖြစ်ပြီး သစ်သားဖြင့် ကာလကြာမြင့်စွာ ဆောက်လုပ်ထားသော အလွန်အမင်း ရင့်ရော်နေသော ကျောင်းဖြစ်၍ အမိုးမှာ တောင်ထန်းရွက်များဖြင့် မိုးထားသည်ကို တွေ့ရပြီး အကာမှာ ဝါးထရံများဖြင့် ကာရံထားသည်၊ ကျောင်း၏ထိပ်ပိုင်း၌ လူတယောက်ချောင်ချောင်လည်လည် ထိုင်နိုင်သော ပလ္လင်တမျိုးတွေ့ရပြီး ၎င်းရှေ့၌ ဆီမီးတွေ ထိန်နေအောင် ထွန်းထားလေသည်၊ သစ်သားအကြမ်းဖြင့် ပြုလုပ်ထားသော ပလ္လင်ပေါ်၌ သင်္ကန်းစဖြင့်ရစ်ပတ်ထားသော ပုစ္ဆည်းတခုကိုတွေ့ရပါသည်၊ ပလ္လင်ရှေ့ တလကွာတွင်

www.burmeseclassic.com

www.burmeseclassic.com



ကြေးစိန့်စ်ခုကို ကြိုးများဖြင့် ဆိုင်းထားတော့သည်။

"ကျောင်းကဆရာတော်ဘုရား ဘယ်ကြွသလဲ..."

ကျွန်တော်သည် မသက်သာသည်ကြောင့် စုံစမ်းလိုက်သည်အခွင့် ပိတ်ဖြူနှင့် ပုဂ္ဂိုလ်သည် တည်ငြိမ်သောအသံဖြင့်....

"ဒီကျောင်းမှာ ရဟန်း သင်္ဃာသီတင်းသုံးရာမဟုတ်ဘူး စစ်သူကြီး....လူပုဂ္ဂိုလ်....ကသောင်း ဆရာတော် သီတင်းသုံးတဲ့ကျောင်းဖြစ်တယ်...."

"အဲဒီကသောင်းဆရာတော်အယ်မှာခင်ဗျာ...."

ပိတ်ဖြူဝတ် ပုဂ္ဂိုလ်သည် သက်ပြင်းတချက်ချကာ....

"အကျွန်ုပ်တို့ကသောင်းလူမျိုးတွေဟာသူတော်ကောင်းစစ်စစ်ပါ၊ မယုံသင်္ကာဖြစ်မနေကြပါနဲ့ စစ်သူကြီးရယ်၊ ကသောင်းဆရာတော်ဘုရားက ခုကျောင်းတော်မှာ ဝိညာဉ်အဲရှိတယ်၊ သူ့ရုပ်စား ရုပ်ပွားဟာ ရုပ်တပါးကို မသမာသူတွေ ခိုးသွားလို့ကြွသွားတယ်၊ မကြာမီပြန်ကြွလာမှာဘဲ..."

ကျွန်တော်သည် နားမလည်နိုင်သောစကားကြောင့် အစဉ်းစားရကြပ်သွားပါသည်။

"နေပါအုံးဦးကြီး ကသောင်းဆရာတော်ဆိုတာဘယ်အဆက်အနွယ်လဲ ရာဇဝင်မသိရဘူးလား တဆိတ်ရှင်းပြပါ..."

"ကောင်းပါပြီလေ အကျွန်ုပ်ရှင်းပြပါမယ်၊ အကျွန်ုပ်တို့ ကိုးကွယ်တဲ့ ကသောင်းဆရာတော်ရဲ့ ရုပ်ပွားကို လူသွမ်းများက နိုင်ထက်စီးနင်း ခိုးယူသွားခဲ့တယ်၊ အကျွန်ုပ်တို့ကိုကသောင်းဆရာတော်က မနေ့ညက အိမ်မက်အရ အမိန့်ပေးတယ်၊ ဒီနေ့မှာ အကျွန်ုပ်တို့ ဆရာတော် ရုပ်ပွားကို ယူဆောင်သွားတဲ့ မသမာသူကို သုတ်သင်



ရမဲ့ ပုဂ္ဂိုလ်တွေရောက်လာ ပါလိမ့်မယ်လို့ အမိန့်တော်ရှိခဲ့တယ်။ဒါကြောင့် တနေကုန် အကျွန်ုပ်တို့ပရိသတ် တောင်ထိပ်မှ စောင့်ကြိုနေကြခြင်းဖြစ်တယ်"

ဤတွင် ကျွန်တော်တို့အဘို့ အကြီးအကျယ်အံ့အားသင့်သွား၏၊ အမှန်မှာလည်း ဒဏ်ရာရရှိသွားသော ဥာဏ်ထွန်းသည် ရိက္ခာပြတ်နေ၍ ယနေ့ည ကသောင်းရွာကို လာရောက်ရိက္ခာတောင်းရင်းဆေးဝါးကုသလိမ့်မည်ဟု တမော့နှင့် ကုဝိန်တို့၏ သတင်းပို့ချက်အရ ကျွန်တော်တို့ ချီတက်လာရောက်ခဲ့ခြင်းကို ကျွန်တော်တို့အရင် ကသောင်းမျိုးတွေသိနေသည်မှာ အထူးအံ့သြစရာပင် ဖြစ်တော့၏။

"ဆက်လက်၍ ဆရာတော်ကိုယ်စား အကျွန်ုပ်ကဘဲဘာဝန်ယူ၍ ကသောင်းရွာသူရွာသားတွေကို အုပ်ချုပ်နေရပါတယ်၊ အကျွန်ုပ်တို့ဟာ သူများအသက်ကို လုံးဝမစားရပါဘူး၊ သမာအာဇီဝဖြစ်တဲ့ လယ်ယာ အလုပ် သစ်ဉ သစ်ဖုနဲ့သာ မိမိအသက်ကို ရှင်ရပါတယ်၊ငါးပါးသီလကိုလဲမပျက်မကွက်အောင်ထိမ်းသိမ်းပြီးအကျွန်ုပ်တို့ရဲ့ ကသောင်း အဆက်အနွယ်ချင်းသာ အိမ်ထောင်များ ပြုရပါတယ်..."

ပိတ်ဖြူဝတ်ပုဂ္ဂိုလ်သည် အနည်းငယ် ရှင်းလင်း ပြောပြရင်း သက်န်းစဖြင့်ရစ်ပတ်ထားသောပစ္စည်းတခုကိုဦးသုံးကြိမ်ကန်တော့ပြီးမှ လှမ်းယူကာ ကျွန်တော်သို့ ပေးအပ်ရင်း....

"ကသောင်းဆရာတော်ဘုရား အဆက်ဆက်ထားရှိခဲ့တဲ့ ကမ္ဗည်းစာလွှာဖတ်ရှုတော်မူပါ စစ်သူကြီး..."

ကျွန်တော်သည် သက်န်းစကို ခွါ၍ကြည့်လိုက်ရာကြေးပြားပိုက်တွင် ထွင်းထားသော ရှေးစာလုံးတို့ ဆိမ်းရောင်အောက်တွင် မထင်မရှားတွေ့ရ၍ ဖတ်ရှုလိုက်ရာတွင်....

www.burmeseclassic.com

www.burmeseclassic.com

## "ဟိန္ဒာ"

အကျွန်ုပ် ဘိုး ဟိန္ဒာသည် ကသောင်းအနွယ်များ၏ အားထားရာဖြစ်သည်၊ ဆရာတော်အစဉ်အဆက် တာဝန်ကို ပြီးမြောက်အောင် ကျိုးပန်းခဲ့သည်၊ ရှေးသူဟောင်း မြန်မာတို့၏ အတတ်ပညာဖြစ်သည့် ဆေးပညာရပ်၊ အင်းပညာရပ်၊ သမထပညာမြတ်ရပ်ပြောင်း နာမ်ခွါ ပညာရပ်များကို သမာဓိတရားအခြေခံ၍ အားထုတ်ကျိုးပန်းခဲ့သည်၊ မြန်မာသက္ကရာဇ် ၁၃၄၄-ခုနှစ် နန်းတက်သော ဦးရိုးတော်ဘုရား လက်ထက်၌ အကျွန်ုပ်၏ ဆရာတော် ဘိုးဟိန္ဒာသည် အကျွန်ုပ်အား ၎င်း၏ ပညာ အရိပ်အရာကို ဆက်ခံစေ၍ ကျွန်ုပ်သည် ဦးရေနည်းပါးသော ရှေးမြန်မာစစ်စစ် ကသောင်း လူမျိုးစုများကို ထိန်းသိမ်းသွင်သင်ကာ အုပ်ချုပ်ရင်း ဆရာသခင်၏ ပညာရပ်ကိုဆက်ခံ ကျင့်သုံးခဲ့သည်၊ သို့ရာတွင် အကျွန်ုပ်တွင် ပညာနုနယ်သည့်ကြောင့် အားလုံးကို သုံးဆမက တိုးတက်နိုင်သည့် ပညာရပ်ကို ရယူရန် အကျွန်ုပ်၏ စိညာဉ်ကို ပညာနည်းဖြင့် နှုတ်ယူကာ နာမ်သက်သက် ဖြင့်သာ သမထ ပညာ အခြေခံသည့် အာယုပညာရပ်ကို လေ့ကျင့်ရန် တာဝန်ရှိသည်ကြောင့် အကျွန်ုပ်၏ တပည့်ရင်း ဘိုးရှုပကို အကျွန်ုပ် ရုပ်နှင့် နာမ် ပြန်လည် မပေါင်းဆုံမိခင် အကျွန်ုပ်၏တာဝန်ရပ်များနှင့် ကသောင်းအနွယ်များကို အုပ်ချုပ်ရန် တာဝန်ပေးအပ်ကာ အကျွန်ုပ်၏ ရုပ်ခွာကို စောင့်ရှောက်စေသည်။

လူအပေါင်းတို့အား အကျွန်ုပ်တို့၏ ကသောင်း အနွယ်ဝင်များ ထားရှိသည့် ဗြဟ္မာစိုရ် တရားလေးပါးကို မကျူးလွန်ပြုကာ ချမ်းသာ သုခရှိကြစေကြောင်း မေတ္တာပို့ပါ၏၊ အကယ်၍ အကျွန်ုပ်သည် အာယု ပညာ ရှာခိုက်တွင် အကျွန်ုပ်၏ လုပ်ငန်းစဉ် ပညာစခန်း ကို နှောက်ယှက်ဖျက်ဆီးသူ မှန်သရွေ့သည် အကျွန်ုပ်၏ ဆရာများ၏ တန်ခိုး သတ္တိအရ လည်းကောင်း၊ ကျွန်ုပ်၏ နှုတ်စွမ်းရှည် ကာမစိတ္တ တန်ခိုးကြောင့် ၎င်း နှောက်ယှက် သူများကို ဘေးအန္တရာယ် အမျိုးမျိုးသင့်စေသတည်း၊ အသက်ရှုံးပျက်စေသတည်း၊ မည်အကျင်သူ တဦးတယောက်မျှ အကျွန်ုပ်၏ ရုပ်ခွာနှင့် ကသောင်း အနွယ်ဝင်များကိုမသိမ်းမပျက်ဆီးနိုင်စေသတည်း။

ရတနာသုံးပါးနှင့် အကျွန်ုပ်၏ ဆရာတော်များ၏ ကာကွယ် စောင့်ရှောက်မှုသည် [illegible]စုံပြီးမြောက်စေသတည်း။

ကျွန်တော်နှင့် [illegible] ငြိမ်းမောင်၊ ကိုဘိုးရန်တို့ လူစုသည် ဟောင်းနွမ်း လှသော [illegible]ကြေးပရပိုက်ကို ဖတ်ပြီး အကြီး အကျယ် အံ့အားသင့်နေတော့၏၊ ပြီးမှ ပိတ်မြှုဝတ် ပုဂ္ဂိုလ်သို့ ပြန်ပေးလိုက်သည်။

ထိုပုဂ္ဂိုလ်က—

"အကျွန်ုပ်ဟာ....ဦးရှုပလို့ခေါ်တယ် အမောမပြေ သုံးဆောင် ကြပါ...."

ဦးရှုပသည် သူ၏ဆွေမျိုး ကသောင်း လူမျိုးတို့ ယူဆောင်လာ သော ပိန်းဥပုတ် လဘက်ရည်ကြမ်း ပွဲကျော်များ ထန်းလျက်များ နှင့် ကျွန်တော်တို့အား ညှဉ့်ခံကျွေးမွေးသည်။

ကျွန်တော်သည် စားရင်း....သောက်ရင်းပင်....

"ဦးရှုပ....ဆရာတော်နဲ့ ဦးရှုပ ခုဘယ်လိုတွေ့သလဲ.... လူကိုယ် တိုင်လား...."

ဦးရှုပသည် ပြုံးလိုက်ပြီး....

"မနောတွေရော.... ဓါတ်တွေ ရုပ်တွေရော.... အခါအခွင့်ကြုံ တိုင်း ဖူးမြင်ရပါတယ်....စစ်သူကြီး ရှေ့အရေး ပြောရရင် မြန်မာ တပြည်လုံး စစ်ရေး မအေးပါဘူး— သူတော် ကောင်းတွေလည်း မပျော်စရာဘဲ....မေတ္တာရေဝင်ကာ သုံးကြပါ စစ်သူကြီး—"

www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်နိုင်သော ဗိုလ်ကြီး ငြိမ်းမောင်သည် လဘက်ရည်ပွဲ တွင်းမှလှမ်း၍....

"ကဲ...ဦးရှုပ ကျွန်တော်တို့ တပ်မတော် ရှေ့ရေး ဘယ်လိုလဲ ပြောစမ်းဗျာ....မှန်မမှန် ဦးရှုပသည် တင်ပလ္လင်ခွေထိုင်ရာမှ တချက် အသက် ပြင်းပြင်း ရှူကာ အာရုံယူလိုက်ပြီး မျက်စေ့ စုံမှိတ်ထား လိုက်သည်၊ အတန်ကြာမှ မောပန်းသည့် လေသံဖြင့်....

"စစ်သူကြီးတို့နဲ့ မိတ်ဆွေ ဆရာသမား ဖြစ်နေတဲ့ လူမျိုးခြား စစ်တပ်ဟာ.... ခုတလော ကိုယ်ပေါင်းစိတ်ခွါ လုပ်နေကြတယ်... မကြာမီ သုံးနှစ်အတွင်းမှ မိတ်ဆွေအဖြစ်မှ မဟာရန်သူကြီးအဖြစ် ရောက်ကြမယ် – စစ်ခင်းကြရမယ်...."

ကျွန်တော်သည် ဗိုလ်ကြီးငြိမ်းမောင်ကို ချက်ခြင်း လက်ကုပ်၍ တားမြစ်လိုက်ရ၏၊ ဦးရှုပကို မေးတိုင်း မှန်တာချည်ဟောနေလျှင် အားလုံးဒုက္ခဖြစ်သွားနိုင်သည်၊ မှန်ပါသည် ကျွန်တော်တို့နှင့် ဂျပန် စစ်တပ်များသည်၊ ယခုအခါ၌ စတင်ကာ စိတ်သဘောထားကွဲကာ ပရိယာယ်သုံးနေကြသောကြောင့်တည်း၊ ရွာသူ ရွာသား တွေသည် ဘုရား ပရဝဏ်း အတွင်း၌ ဆီမီးများ ထွန်းညှိကာ ဆုတောင်းသူက ဆုတောင်းလျက် ငှက်ခပြောပွဲ အုန်းပွဲတွေဖြင့် တစုံတရာ ပြင်ဆင် နေကြသည်။

"လူတွေဘာလုပ်ကြမလဲ....ဦးရှုပ.... ကန်တော့ပွဲတွေနဲ့...."

ဦးဘိုးဟန်သည်၊ အမှတ်တမဲ့ မေးလိုက်တွင် ဦးရှုပက။

"အကျွန်ုပ်တို့ ဆရာတော်ကြီးရဲ့ မသမာလူတွေ ယူဆောင်သွား တဲ့ ရုပ်ပွားရုပ်ဟာ ဒီနေ့ညဘဲ ပြန်ကြွလာမယ် ... ဒါကြောင့် ကသောင်း အန္တယ်ခတွ အားလုံးတစုတဝေးထဲ ဆီးကြို ကတော့ကြ ရမယ်...."



မကြာမီ ရဲဘော်မောင်တင်သည် အသံဘမ်းစက်ကိုကိုင်ရင်း ကျွန် တော့် ဆီသို့ အရေးတကြီး လာမေးအပ်ရင်း တစ် တပ်စုက အရေး တကြီး သတင်းပို့ ပါတယ် ဗိုလ်မှူး....

ကျွန်တော်သည် အသံဘမ်းကို နားထောင် ကြည့်လိုက်ရာ....

"တစ်-တပ်စုသတင်းပို့တယ် တပ်တမိုင်နဲ့ နှစ်ဖါလုံ အကွာမှာ လူရိပ်တွေများများ မြင်ရတယ်....ရန်သူတွေလို့ ထင်ရတယ်...."

ဦးနုနန္ဒလီ၊တမော့ကျွဲတွင် ကျွန်တော်သည်ဗိုလ်ကြီး ငြိမ်းမောင် နှင့်ရဲဘော် ဆယ်ယောက်ကိုခေါ်ယူ၍ ကျွန်ုပ်ရုံးအဖွဲ့ဝင်များဖြစ်သည့် ဦးဘိုးဟန်၊ ဦးနု၊ ကိုဘိုးရန်နှင့် ရဲဘော် ကျော်လှိုင်နှင့် တကွ တပ်စိပ် နှစ်စိပ်ကို တောင်ပေါ်တွင် ထားခဲ့ပြီး အမှတ် တစ် တပ်စု နေရာယူ ထားရာ တောင်တက် တောင်ဘက်မျက်နှာဆီသို့ အမြန်ဆုံးဆင်းခဲ့ လေသည်။

ထွက်ခဲ ၈-၄ ါးရက်လတခြမ်းပဲ့ အရောင်အောက်တွင် ကျွန်တော် သည် မှန်ပြောင်းကို အသုံးပြု၍ စစ်မျက်နှာကို အကဲခတ်၍ ကြည့် လိုက်သည်၊ မှန်ပေသည် တော်တော် များများ လူတအုပ်သည် တ လှမ်းခြင်း တောင်ခြေရင်းသို့ ချဉ်းကပ် လာတော့၏၊ နန္ဒလီနှင့် တမော့တို့သည်လည်း ကျွန်တော်တို့အနီးမှကပ်၍ တရွေ့ရွေ့ တက် လာသော လူအုပ်ကို အကဲခတ်လိုက်သည်၊ အမှတ် တစ် တပ်စုသည် နှစ်ခြမ်းခွဲကာ ပေခြောက်ဆယ်ခန့် နိမ့်ဆင်းသွားသည့် တောင်တက် လမ်းကို အဘင့်စောင့်နေရာ ရုတ်တရက် ရန်သူများ မမြင်စေရန် သစ်ခက်သစ်ပိုင်းများဖြင့် စက်သေနတ်ကြီးများ စက်သေနတ်က လေးများ ကိုဖုံးကွယ်၍ ထားခဲ့သည်ကြောင့် တရွေ့ရွေ့ တက် လာသူများသည်၊ ကျွန်တော်တို့ကို းလုံးဝတွေ့မြင်ပုံ မရချေ။

ရှေ့ဆုံးမှ သေနတ်ကိုင် ဆယ့်ယောက်သည် တောင်ကြားသို့ ဟိုကြည့်ဒီကြည့်နှင့် ဝင်ရောက်ခဲ့သည်၊ ၎င်းတို့နောက် ဝါသုံးရိုက်

www.burmeseclassic.com

www.burmeseclassic.com



ခန့်၌ ရှမ်းဘောင်းဘီ အနက်နှင့် ဖော်ဆင်ထားသော ဘယ်ဘက် လက်မောင်းကို သိုင်းထားသည့် အရုပ်မြင့်မြင့် လူတယောက်နှင့် လက်ဝဲ-လက်ျာမှ စော်မီ သေနတ် နှစ်လက် ကိုင်လာသူ နှစ်ဦးက ညှပ်၍ အကြီးအကဲနှင့် တူသူတဦးကို တွေ့လိုက်ရလည်း၊ ၎င်းသုံးဦး နောက်မှ စက်သေနတ်ကိုင် တဦးနှင့် ရိုင်ဖယ် သေနတ်ကိုင် လူနှစ် ဆယ်ခန့်ကို တွေ့ရပါသည်၊ ကျွန်တော်သည် ရှေ့ဖျား မိုကင်းကို ကျွန်တော်တို့ ရှေ့မှ ဖြတ်ကျော်ခွင့်ပေးလိုက်ပြီး ရှမ်းဘောင်းဘီဝတ် လူတစုသည် တမ်စုရှေ့ သို့အဖြတ်တွင် အဆင်သင့် ပြုလုပ်ထားသော မိုးကျိ အပြု ကျည်ဆံ ထည့်ထားသော ပစ်စုတို့နှင့် ကျွန်တော်က ကောင်းကင်သို့ ထောင်ကာ ပစ်ပေါက် လိုက်တော့၏၊ လင်းကာနဲ ထိန်ကာနဲ နေရာအားလုံး အစ်ကျခမန်း ဖြစ်သွားစဉ် ကျွန်တော်တို့ တောင်ချောက်ထဲ ဝင်နေမိသည့် သောင်းကျန်းသူတဦးမှာ အံ့အား သင့်သွားလိုက်စဉ်တွင် ခေါင်းဆောင်နှင့် တူသူက သူ၏ ညာဘက် လက်မှ အသင့်ကိုင်လာသော ခတ်ရှည်ရှည် အထုပ်တခုကို လက်နှင့် ဖြူအားမြှောက်၍ သူ့လူများအား ပြသလိုက်သည်တွင် ထိုအထုပ် တဖြူသည် အရှိန်လွန်ကာ ဘောင်းဘီရှည်နှင့် လူ၏လက်ထဲမှ လွင့် သွက်သွားပြီး မာကျောသော မြေကြီးပေါ်သို့ ဘုတ်ကနဲ ပစ်ကျ တားသည်။

တချိန်တည်းပင် စက်သေနတ်သံများ ရိုင်ဖယ်သံများသည်၊ ပတ်ဝန်းကျင်ကို ရိုက်ခတ် ဖုံးလွှမ်း သွားတော့၏။

"ပစ်...ပစ်... အဲဒါ ဥာဏ်ထွန်းဆရာ....ဘောင်းဘီနဲ့ လူ ဥာဏ် ထွန်း" နန္ဒီလိုက ချက်မြင်းအော်ဟစ်အတီပေးလိုက်သည်ကျွန်တော့် အနီးမှ စက်သေနတ်ကြီးသမားသည် မြူမြူ အထုပ်ဆီသို့ တအား ပြေးကောက်လိုက်သူ ဥာဏ်ထွန်းဆီသို့ ကျကျနန ချိန်ကာ ပစ်ခတ် လိုက်သည်တွင် နှုတ်ခမ်းမွေး ကားကားနှင့် သောင်းကျန်းသူခေါင်း



ဆောင် ဥာဏ်ထွန်းသည် နောက်သို့ အရှိ ကျသွားတော့၏၊ ကျရင် သောင်းကျန်းသူများသည် ခေါင်းပေါ်၌ လက်မြှောက်၍ လက် နက်ချကြောင်း ကြွေးကြော်အားလန့်အားနှင့် အော်ဟစ်၍ ပြောကြား သဖြင့် ကျွန်တော်သည် နောက်ထပ် မီးကျိ တလုံးကို ပစ်ပေါက် ခါ အပစ်အခတ်ရပ်နားသည့် အထိမ်းအမှတ် ပြလိုက်သည်၊

လက်မြှောက်ထားသူများကို လှ စွပ်နှင့် ရဲဘော်များက ချိန်ကာ ဘမ်းဆီးနေသည်တွင် တောင်ပေါ် ကျောင်းဆီမှ ကြေးစည်သံများ သည်၊ ဖားပြိုင်နက်တည်း ပဲ့တင်ထပ်၍ ပေါ်လာပြီး ကသောင်းလူ မျိုးတို့၏ ဆုတောင်းသံများကလည်း အလျှိုအလျှို ပေါ်ထွက်လာ ကာ တောင်အောက်ရှိ ကျွန်တော်တို့နားထဲသို့ ကြားရတော့သည်။

ဥာဏ်ထွန်းမှာ ရင်ပတ်တွင်စက်သေနတ်ကျည်ဆံအဆုံး ပေါက် ဝင်သွားပြီ ကျဆုံးနေတော့၏၊ သူ့ဘေးမှ ဒဏ်ရာနှင့် အသက်ရှင်နေ သော သက်တော်စောင့်တဦးက ငအော်တစ်ရင်း....အရုပ်အားကြီး ကျိမ့်တာ ဘယ်မှာလဲသေနတ်ပြီးတာ"ဟု ပြောလိုက်ပြီးလေးဘက် ကုန်း၍ အဝတ်ဖြူဖြူ အထုပ်ဆီသို့ လှမ်း၍ယူလိုက်သည်၊ သို့ရာတွင် အဝတ်ဖြူဖြူအထုပ်သည် ဗလာချည်းဖြစ်သာတွေ့ရတော့၏။

ဦးဘိုးဟန်နှင့် ရဲဘော်နှစ်ယောက်သည် တောင်ကုန်းပေါ်မှအ ပြေးဆင်းလာပြီး ကျွန်တော့်ကို အရေးတကြီးလက်တို့၍ တောင် ပေါ်သို့ ခေါ်ဆောင်ပါသည်၊ အခြေအနေကို ထိမ်းသိမ်းရန် ဗိုလ် ကြီးညိမ်းမောင်ကို တာဝန်ပေးခဲ့ပြီး ကျွန်တော်သည် တောင်ပေါ် သို့ ခတ်မြန်မြန်တက်ရောက်ခဲ့၏၊ ဦးဘိုးဟန်သည် ကျွန်တော် အား အရေးတကြီး ကျောင်းကလေးဆီသို့ ခေါ်သွားပါသည်၊ ကျောင်းကလေး အတွင်းနှင့် အပြင်ဝယ် ကသောင်း လူမျိုး ယောက်ျား-မိန်းမများသည် ဝမ်းသာအားရသည့် မျက်နှာဖြင့်လက်

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချီကာ ပလ္လင်ချီသို့ ရှိခိုးဆုတောင်းနေကြသည်၊ ကျွန်တော်၏ ရဲဘော်များသည် ပလ္လင်နှင့်အနီးကပ်ဆုံး အပြင်ဘက်နေရာမှကပ်၍ ပါးစပ်အဟောင်းသားနှင့် လှမ်း၍ကြည့်နေကြသည်၊ ကျွန်တော် လည်းငင်းတို့နောက်မှ အသာကပ်၍ ဗဲလ္လင်ပေါ်သို့ ဂရုတစိုက်ကြည့် မိရာတွင် အနီရောင်ကတ္တီပါစအပေါ်၌ ထူးဆန်းလှသော ဖြူဖြူ ပစ္စည်းတခုသည် ထောင်လျက်တွေ့နေရတော့၏။

'ဟယ်-' ဟူ၍အလန့်တကြားမအော်မိစေရန် မနည်းသတိပြုလိုက် ရ၏၊ အကြောင်းမှာ ကတ္တီပါအစပေါ်၌ ဖြူဖြူ အရှည် ရှစ်လက် မခန့် ပစ္စည်းမှာ ပြိုးပြိုးသသ ရုပ်လုံးပေါ်နေသော ရောင်ကြီးဘေ့ နှင့် နှုတ်ခမ်းမွေး-မုတ်ဆိတ်မွေးဖွားဖွား ထင်ထင်ရှားရှား တွေ့ရ သည့် အဘိုးကြီးရုပ် သို့မဟုတ် တခါက ကျွန်တော်တို့ တပ်ရင်း ထဲသို့ သူလျှိုမသင်္ကာမှုဖြင့်ရောက်ရှိလာခဲ့သည့် စိတ်မနှံ့ သူ ဘုန်း တော်ကြီးလက်ထဲမှ သက်နိုးစနှင့်ပတ်ထားသည့် 'သေနတ်ပြီးသော ကျောက်ဖြူအဘိုးကြီးရုပ်သာ ဖြစ်ချေ၏၊ ဦးရုပသည် ရှေ့ဆုံးမှ ထိုင်ကာ မမှိတ်မသုံ ကြည်ညိုစိတ်ဖြင့် ကျောက်ဖြူရုပ်ကို ကန် တော့နေရှာသည်၊ ကျွန်တော်သည် ရဲဘော်များကို လက်တို့အသာ ခေါ်ခဲ့သည်၊ ဘာသာရေးကိစ္စ၌ ကျွန်တော်က အနှောယှက်အရှက် မပြုရန် အကြောင်းကြောင့်ဖြစ်သည်။

"တကယ်အံ့ဩစရာဘဲဗျာဗိုလ်မှူး ဘုန်းကြီးလက်ထဲကပျောက် သွားတဲ့ကျောက်ရုပ်...."

ဦးအိုးဟန်က ပြောလိုက်ရာတွင် ရဲဘော်ကျော်လှိုင်သည် နောက် သို့ ကြည့်ရင်း...

"ကျွန်တော်တို့ ဒီအရုပ်ကို ရအောင်ယူရအောင် သေနတ်ပြီးတဲ့ အရုပ်မို့...."



အကြံပေးပါသည်၊ သို့ရာတွင် ကျွန်တော့်အနေနှင့် ရဲဘော် ကျော်လှိုင်၏အကြံကို တားဆီးလိုက်ရပါသည်၊ တဖန် အောက်သို့ ပြန်ဆင်းလာပြီး တပ်စုနှစ်စုသို့ အခြေအနေကို အသံဖမ်းစက် နှင့် လှမ်းမေးပါသည်၊ ကျွန်တော်သည် ကျောက်ရုပ်နှင့် ပါတ် သက်၍ မကျေမနပ်သော အချက်အလက်ရှိနေသည်ကြောင့် ဖမ်း မိထားသော အသက်ရှင်နေသည့် ဥာဏ်ထွန်း၏ သက်တော်စောင့် ကိုခေါ်ကာဦးနှုမှတဆင့် စကားပြန်အဖြစ်နှင့် မေးလိုက်သည်တွင်-

၎င်းကျောက်ရုပ်ကို မနေ့က အောက်ကျဉ်းက ဥာဏ်ထွန်း၏ လူယုံတဦးက ပြန်ရလာကြောင်း၊ မည်သို့မည်ပုံ ပြန်ရလာသည်ကို မသိရဘဲ လာပို့သူကို ရွှေလက်စွပ်နှစ်ကွင်း ဆုအဖြစ်နှင့်ပေးလိုက် ကြောင်း၊ ၎င်းကျောက်ရုပ်ပြန်ရ၍ ဥာဏ်ထွန်းသည် ရဝင့်စွာဖြင့် မိမိတို့အတွက် အပြီးအစီး ဖြစ်ပြီပြောကာ ကသောင်းရွာသို့တက် ရောက်၍ရိုက္ခာတောင်းရန် လာခဲ့စဉ်ယခုကဲ့သို့ အတိုက်ခံရကြောင်း ပြောသည်၊ တပ်မတော်က ပစ်ခတ်စဉ် ဥာဏ်ထွန်းက ကျော်ဖြူ ရုပ်ကို မြှောက်၍ အကာအကွယ် ပြုလိုက်သည်၊ ကျောက်ဖြူရုပ် သည် ဥာဏ်ထွန်းလက်က ခုန်ထွက်သွားသည်ကို မိမိနောက်ဆုံး မြင်လိုက်ရကြောင်းပါ အစစ်ခံလေသည်။

ကျွန်တော်သည် ထိုညဥ့်အဘို့ တပ်စုတစ်နေရာ၌ တပ်ဖြန့်ကာ စခမ်းချအိပ်ရင်း အနားယူခဲ့သည်။

နံနက်လင်းလင်းခြင်း ကျွန်တော်တို့အားလုံးသည် ထူးဆန်းသော ကျောက်ဖြူရုပ်ကို ထပ်မန်၍ ကြည့်ရန် တောင်ပေါ်သို့ တက်ခဲ့ သည်၊ သို့ရာတွင် ကသောင်းတရွာလုံး တိတ်ဆိတ်နေသည်ကြောင့် အံ့အားသင့်သွား၏ တဖန် ကျောင်းဘက်သို့ လှမ်းကြည့်လိုက်ရာ အားလုံး တိတ်ဆိတ်လျက်ဦးရုပနှင့် ပရိသတ်များ တယောက်မှ မတွေ့ရတော့ချေ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အံ့သြဘွယ် ကောင်းသော ကျောက်ဖြူ ရုပ်ကား ဦးရှုပတ္တီ လူသိုက်နှင့် အတူ ကသောင်း ရွာသားတွေအားလုံး ပျောက်ကွယ် ကုန်တော့သည်။ ဦးဘိုးဟန်သည့်မကျေမနပ်ဖြင့် တောင်နံ့ရိုများတ လျောက်သို့ လျှိုဝှက်သည့် တက်လမ်း ဆင်းလမ်းများကို ရှာဖွေရာ တွင် တောင်၏ အရှေ့ဘက်စောင်း၌ ခြုံတွေ အုပ်ဆိုင်း နေသော လျှိုဝှက်စွာ ဖေါက်လုပ်ထားသည့် လှေခါးထစ်များဖြင့် တောင် ဆင်းလမ်းတခုကို မမျှော်လင့်ဘဲ တွေ့ရတော့၏။

"ထွက်ပြေးကုန်ပြီ၊ သူတို့ 'အဘိုး' ဖြစ်တဲ့ ကျောက်ဖြူရုပ်ကို ကျုပ်တို့လုယူမှာကြောက်တာနဲ့ ပြေးကုန်ပြီဗျ...."

ဦးနုသည် စိတ်မကောင်းသည့် အသံဖြင့် ပြောလိုက်တော့သည်။

"ကျုပ်တို့စိတ်ထဲမှာ ကြိတ်ပြီး ကြံတာတွေ သိသွားပုံဘဲ...."

ဦးဘိုးဟန်သည် ရဲဘော်ကျော်လှိုင်ကို ရပ်ကြည့်ရင်းကြည့်ကာ ပြောလိုက်သည်။

ကျွန်တော့် အနေဖြင့် ကျွန်တော်၏ အဓိက တာဝန်ဖြစ်သည့် အရှေ့ ရှမ်းရိုးမ၌ လူထုကို နှိပ်စက် နေသော ဥာဏ်ထွန်းနှင့် အဖွဲ့ကို နှိမ်နင်း၍ အောင်မြင်ခဲ့ရသည်ကြောင့် ခေါင်းရှင်းသွားပါတော့ သည်။ ကျွန်တော့အဘိုထပ်မန်၍ ဝမ်းသာရမည်အချက်မှာ ကြောက် စရာ ကျိန်စာကို ထားသော ဘိုးဟိန္ဒရုပ်ထုကို ကျွန်တော်တို့ လက် ထဲ၌ လက်မခံလိုက်ရခြင်းနှင့် တကွ ဘိုးဟိန္ဒ၏ ကျောက်ရုပ် သို့မ ဟုတ် 'ရုပ်ပွား' သည် သေနတ်ဖြီး စက်သေနတ်ပြီး (ကိုယ်တွေ့ မျက်မြင်) သော်လည်း၊ ထိုကသောင်းလူမျိုးများလက်မှ အမွေ ယူငင်သူမှန်သမျှ သေခြင်းဆိုးနှင့် သေရသည့် ဘေးအန္တရာယ်မျိုး မှ ကျွန်တော်တို့ တပ်မဟော်သားများ မကျရောက် မသက်ဆိုင်ခဲ့ ခြင်းစသည့် အချက်အလက်များကြောင့်ကည်း။



ကျွန်တော်သည် ဗိုလ်ကြီးငြိမ်းမောင်၏ တပ်ခွဲ၊ နန္ဒလီ၊ တမော့ အစရှိသူများကို ခေတ္တနယ်အခြေအနေ ထိမ်းသိမ်းရန် တာဝန်ပေး အပ်ခဲ့ပြီးတပ်များကို ရက်ဝိုင်းအတွင်း၌ ပျဉ်းမနားတပ်ရင်း စခန်း သို့ တာဝန်ကျေပြွန်စွာဖြင့် အောင်လံလွင့်၍ ပြန်လည်ချီတက်ခြ သည် အကြောင်းနိဂုံးကား ကျွန်တော်ရေးသားရန် မလိုတော့ဟု ထင်ရပေတော့မည် တကား....။

ဗိုလ်စာရေး

(ရဲဘော်သုံးကျိပ်)

BURMESE CLASSIC .com

www.burmeseclassic.com